# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၇ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၄]၊ အမှတ် [၃၃၇]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရာဇီးနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ကျရောက်သည့် ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံသမ္မတ မစ္စ ဒဲလ်မား ဗာနာရိုးဆပ်ဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အစ္စရေးသို့ ချစ်ကြည်ရေးခရီးရောက်ရှိ

သတင်း၊ စာ-၃

## ဖောင်တော်ဦးပွဲတော်ကာလမတိုင်မီ အင်းလေးကန်ရေလမ်းမကြီး ကြိုတင်ရှင်းလင်း



**ညောင်ရွှေ စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်းရှိ ဖောင်တော်ဦးမြတ်စွာဘုရား ဒေသစာရီကြွချီတော်မူရာ လမ်းကြောင်းများကို ပွဲတော်ကာလမတိုင်မီ မြို့နယ်ဆည်မြောင်းဦးစီးဌာနက သဲနုန်းများတူးဖော်ခြင်းနှင့် ရေမှော်ဗေဒါပင်များ ကြိုတင်ရှင်းလင်းခြင်းလုပ်ငန်းများကို နှစ်စဉ်မပျက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်ဆည်မြောင်းဦးစီးဌာနအနေဖြင့် အင်းလေးကန်သာယာလှပရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကို ၁၉၈၉-၁၉၉၀ ခုနှစ်မှစ၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာတွင် နှစ်စဉ်ပျမ်းမျှ ကျင်း ၁၀၅၂၅၀ ခန့် တူးဖော်နိုင်ခဲ့သည့်အပြင် ကျွန်းမျောရိုင်းများကိုလည်း နှစ်စဉ်ပျမ်းမျှဧက ၅၀၀ ခန့် ရှင်းလင်းဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် ရေမှော်ဧရိယာ နှစ်စဉ်ပျမ်းမျှ ၁၃၅ ဧကခန့်ဆယ်ယူဖယ်ရှားရှင်းပေးနိုင်ခဲ့ပြီး အင်းလေးကန်ရေလမ်းမကြီးကို ဖောင်တော်ဦးဘုရားပွဲတော် ကာလမရောက်မီ ဖြောင့်ဖြူးသာယာနေရေးအတွက်လည်း စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝ၅၄)

## နှစ်နိုင်ငံအစိုးရ သဘောတူညီချက်အရ မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ တရားဝင်နေထိုင်အလုပ်လုပ်ခွင့် Work Permit များကို ကာယကံရှင်အလုပ်သမားများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၆**

နှစ်နိုင်ငံအစိုးရ သဘောတူညီချက်အရ G to G အစီအစဉ် (Co-operation In Registration, Legalization, and Deportation of Undocumented Myanmar worker in Malaysia)အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများ၏ Work Permit နှင့် Approval စာရွက်စာတမ်းများ လွှဲပြောင်းပေးသည့် အခမ်းအနားကို မလေးရှားနိုင်ငံကွာလာလမ်ပူမြို့၌ စက်တင်ဘာ ၃ ရက် ဒေသစံတော်ချိန် ၃ နာရီက One Stop Centre (OSC) ခန်းမ၌ကျင်းပရာ မြန်မာသံရုံးမှ ကောင်စစ်ရေးရာတာဝန်ရှိသူများ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အလုပ်သမားသံအရာရှိ မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးဌာနစိတ်မှ တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံလူဝင်မှုကြီးကြပ်ရေးဌာနမှ ကိုယ်စားလှယ်များ၊

*စာမျက်နှာ ၃ ကော်လံ ၁* ✻

### ယနေ့ ပတ်စာရာ


ပြည်သူ့အတွက် OSS — စာမျက်နှာ ၆

တမူးခရိုင်အတွင်း ရေဘေးသင့်ကျေးရွာများ၌ မြေနေရာသစ်နှင့် အိမ်ရာများ တည်ဆောက်ပေးမည် — စာမျက်နှာ ၉

မြန်မာနိုင်ငံသား ၁၀၅ ဦး အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ — စာမျက်နှာ ၁၂





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အထူးစီးပွားရေးဇုန်နှင့်စီးပွားရေး

မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ကုန်ထုတ်စွမ်းအားများကို မြှင့်တင်ပေးနိုင်မည့် အထူးစီးပွားရေးဇုန်ကြီးသုံးခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းတို့သည်ကား ရန်ကုန်သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်များဖြစ်ပါသည်။ ယင်းတို့အနက် သီလဝါအထူးစီးပွားရေးဇုန်သည် အကောင်အထည်ပေါ်လာနေပြီဖြစ်ပါသည်။

သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်နိုင်ရန် မြန်မာ-ဂျပန်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး MOI ကို ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုး စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပထမအဆင့်ဇုန်၏ ဟက်တာ ၄၀၀ တွင် အခြေခံအဆောက်အအုံတည်ဆောက်မှုလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်၍ မကြာမီဖွင့်လှစ်တော့မည်ဖြစ်ပါသည်။ ထို့အပြင် စီမံကိန်းဒုတိယအဆင့်အဖြစ် ဟက်တာ ၅၀၀ခန့်ကိုလည်း ဆက်လက်အကောင်အထည်ဖော်ရေးအတွက် အကြိုလေ့လာဆန်းစစ်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရပါသည်။

ထို့အတူ ထားဝယ်အထူးစီးပွားရေးဇုန်ကို မြန်မာနှင့်ထိုင်းပူးပေါင်းအကောင်အထည်ဖော်ရန် သဘောတူခဲ့သော်လည်း မြန်မာနှင့်ထိုင်းအပြင် အခြားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ခဲ့သည့်အတွက် ဂျပန်နိုင်ငံ၌ကျင်းပခဲ့သော (၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်လျက် ထားဝယ်အထူးစီးပွားရေးဇုန်ကို မြန်မာ-ထိုင်း-ဂျပန်ပူးပေါင်းအကောင်အထည်ဖော်ရေး MOI လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါသည်။

တစ်ဖန် ရေနက်ဆိပ်ကမ်းကိုအခြေပြုကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်ချောအဆင့်ဆင့် ထုတ်လုပ်သည့်လုပ်ငန်းများ၊ သိုလှောင်သယ်ပို့လုပ်ငန်းများဆောင်ရွက်နိုင်မည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ ဆိုရလျှင် သီလဝါအထူးစီးပွားရေးဇုန်သည် အမှန်တကယ်အကောင်အထည်ပေါ်လာပြီဖြစ်ပါသည်။ ထားဝယ်နှင့်ကျောက်ဖြူအထူးစီးပွားရေးဇုန်များမှာ စီမံကိန်းအဆင့်မျှသာ ရှိသေးသည်ကို တွေ့ရမည်ဖြစ်ပါသည်။

သို့သော် အထူးစီးပွားရေးဇုန်တစ်ခုသည် မြို့သစ်တည်ခြင်းထက်ပင် ခက်ခဲပါလိမ့်မည်။ ရင်းနှီးမြှုပ်နှံသူကုမ္ပဏီများ၏အကျိုးစီးပွား၊ သဘာဝပတ်ဝန်းကျင်၊ ရေ၊ မီး လုံလောက်စွာရရှိမှု၊ ကုန်ထုတ်စွမ်းအားနှင့် ဈေးကွက်အလားအလာစသည်ဖြင့် တွက်ချက်စဉ်းစားလုပ်ဆောင်ရသော ကြီးမားကျယ်ပြန့်သည့် လုပ်ငန်းဖြစ်ပါသည်။ အကောင်အထည် ပေါ်ပေါက်လာပါကလည်း အကျိုးဖြစ်ထွန်းမှုမှာ များပြားလှပါသည်။ အထူးစီးပွားရေးဇုန်ကိုအခြေခံပြီး ဒေသခံပြည်သူများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် စက်မှုနှင့်နည်းပညာများ၊ စီးပွားရေးအကျိုးအမြတ်များလည်း ရရှိလာမည်ဖြစ်ပါသည်။ သီလဝါအထူးစီးပွားရေးဇုန်ကဲ့သို့ ထားဝယ်နှင့်ကျောက်ဖြူအထူးစီးပွားရေးဇုန်ကိုလည်း အတတ်နိုင်ဆုံး လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါသည်။ အထူးစီးပွားရေးဇုန်များ လျင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူဖြစ်လာနိုင်မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဌာန်းထားပါသည်။ "

# စက်ရုံ/အလုပ်ရုံများအတွက် စွမ်းအင်စီမံခန့်ခွဲမှုစနစ်သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၆**

စက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (United Nations Industrial Development- UNIDO) တို့ ပူးပေါင်း၍ စက်မှု/ စီးပွားရေး လုပ်ငန်းများတွင် စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးစီမံခန့်ခွဲမှု (Energy Management System) သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ User Level II သင်တန်းအမှတ်စဉ်(၃)ကို စက်တင်ဘာ ၂၃ရက်မှ ၂၄ ရက် အထိ မန္တလေးမြို့ Hotel Dinger ၌ လည်းကောင်း၊ အမှတ်စဉ်(၄)ကို စက်တင်ဘာ ၂၈ရက်မှ ၂၉ရက်ထိ ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ စက်မှုဝန်ကြီးဌာန အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန (Department of SMEs Development) သင်တန်းခန်းမ၌ လည်းကောင်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

စွမ်းအင်ကုန်ကျစရိတ်လျှော့ချလိုသော စက်ရုံ/အလုပ်ရုံများ၊ မိမိဝန်ထမ်းများအား စွမ်းအင်မန်နေဂျာများအဖြစ် လေ့ကျင့်ပေးလိုသော စက်ရုံ/အလုပ်ရုံများ၊ ISO 50001 Certification Process နှင့်အညီ Upgrade ပြုလုပ်လိုသော စက်ရုံ/အလုပ်ရုံများမှ တာဝန်ရှိသူများ၊ စွမ်းအင်မန်နေဂျာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုလိုသူများ၊ စွမ်းအင်အကျိုးရှိ ထိရောက်စွာအသုံးပြုရေးပညာရပ်ကို စိတ်ဝင်စားသူများ တက်ရောက်နိုင်သည်။ User Level သင်တန်းမှ အရည်အချင်းပြည့်မီသူများသည် Expert Level သင်တန်းကို စက်တင်ဘာ ၁၆ ရက် နောက်ဆုံးထားကာ Email:T.OO@unido.org၊ directorateplanning@gmail.comနှင့် ဖုန်းနံပါတ် ၀၉-၅၁၉၀၉၇၉၊ ၀၉-၇၉၇၁၀၈၀၆၅ သို့ လည်းကောင်း ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လမ်းကြောင်းပျောက်နေသော စကုမြို့မှ ရေမြောင်းများ

**ထင်သာမြင်သာပြုပြင်စေရာ**



စကုမြို့၌ မိုးတွင်းကာလ၌ မိုးရေများ မြို့တွင်းမဝင်ရောက်စေရေး မြို့နယ်စည်ပင်သာယာမှ စက်ယန္တရား အသေးစားဖြင့် ရပ်ကွက်များအတွင်း ကားလမ်းမ၏ နံဘေးရှိ လူနေအိမ်များရှေ့တည့်တည့်တွင် အနံ့ခြောက်ပေ၊ အနက်ငါးပေခန့်ရှိ ရေမြောင်းများ တူးဖော်ခဲ့သည်။ အမှတ်(၂)ရပ်ကွက်ရှိ ရွှေပန်းရုံ၊ ရွှေဘုံသာနှင့် အုန်းပင်စုရပ်ကွက်တို့ရှိ အချို့လမ်း၏ ဘယ်ဘက်ညာဘက်တို့တွင် ရေမြောင်းများတူးခြင်းနှင့် အချို့လမ်းများတွင် တစ်ဖက်မြောင်းများသာ တူးဖော်ခဲ့သည်။ ဤကဲ့သို့တူးဖော်ခဲ့ရာ တောက်လျှောက်မဟုတ်ဘဲ ဟို တစ်ကွက်၊ ဒီတစ်ကွက်နှင့် မညီမမျှသော ရေမြောင်းများဖြစ်နေ၍ မိုးရွာသည့်အခါ ရေများသည် မြောင်းအတွင်းမှ ဆက်လက်စီးဆင်းနိုင်ခြင်းမရှိတော့ဘဲ ရပ်တန့်နေပါသည်။

ရေများပုပ်လာ၍ အနံ့မကောင်းခြင်း၊ ပိုးလောက်လမ်းများ ပေါက်ပွားလာသဖြင့် ငှက်ဖျားနှင့် သွေးလွန် တုပ်ကွေးရောဂါများ ဖြစ်ပေါ်လာနိုင်ပါသည်။ သို့ဖြစ်၍တူးထားသည့် ရေမြောင်းများကို ယခုအတိုင်းထားမည်ဆိုပါက ပြည်သူလူထုအတွက် အခက်အခဲများ ကြုံတွေ့နိုင်ပါသဖြင့် သက်ဆိုင်ရာမှ လျင်မြန်စွာ ဆောင်ရွက်ပေးရန်ထင်သာမြင်သာကဏ္ဍမှ တင်ပြအပ်ပါသည်။ **ဝင်းဌေး(ဘဏ်)**

# မြို့ပေါ်ရပ်ကွက်အချို့၌ ရေများဝင်ရောက်

**ကနီ စက်တင်ဘာ ၆**

ကနီမြို့နယ် ချင်းတွင်းမြစ်ကမ်းဘေးရှိ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက် နှစ်ရပ်ကွက်တွင် စက်တင်ဘာ ၆ ရက်မှ စတင်၍ မြစ်ရေများဝင်ရောက်ပြီး ရေကြီးမှုများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ကနီမြို့ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြို့နယ်ဇလဗေဒစခန်းမှ တရားဝင်ထုတ်ပြန်ချက်အရ ချင်းတွင်းမြစ်ရေစိုးရိမ်ရေမှတ်မှာ ၁၂၃၃ စင်တီမီတာဖြစ်သည်။ စက်တင်ဘာ ၆ ရက်တွင် ချင်းတွင်းမြစ်ရေသည် ၁၂၆၃ စင်တီမီတာအထိ တက်ရောက်ခဲ့၍ စိုးရိမ်ရေမှတ်အထက် ၃၀ စင်တီမီတာ တစ်ပေကျော်ခန့် မြင့်တက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရေများဝင်ရောက်ရခြင်းဖြစ်ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၉-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၁၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၃ |
| ဥရောပ | တစ်ယူရို | ၁၄၃၁.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၂.၂၉ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၁၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၁၇ |
| တရုတ် | တစ်ယွမ် | ၁၉၉.၆၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄ |

ခင်ရတနာ-စုစည်းသည်။



# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အစ္စရေးနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီး Moshe Yaalon ၏ဖိတ်ကြားချက်အရ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှထွက်ခွာခဲ့ရာ အစ္စရေးနိုင်ငံ တဲလ်အဗီးမြို့ရှိ Ben -Gurion လေဆိပ်သို့ ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား အစ္စရေးနိုင်ငံ SIBAT(International Defense Cooperation Directorate) Director Mr. Mishel Ben Baruch ဦးဆောင်သော ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးအေးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။ **(အပေါ်ပုံ)** **(မြဝတီ)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘာရာဇီးနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၁၅ ခုနှစ် စက်တင်ဘာ ၇ ရက်တွင်ကျရောက်သည့် ဘာရာဇီး ပြည်ထောင်စုသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘာရာဇီးပြည်ထောင်စုသမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မော်ရို လွစ်ဇ် အစ်ကာ ဗီရေးရားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးရင် မလေးရှားနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၆**

ပြည်ထောင်စုလွှတ်တော် အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်း ကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးရင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စက်တင်ဘာ ၆ ရက်မှ ၁၂ ရက်ထိ ကျင်းပ သည့် အာဆီယံပါလီမန်များ၏(၃၆)ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

*❈ ရှေ့ဖုံးမှ*

အလုပ်ရှင်များ၊ အလုပ်သမားများနှင့် နှစ်နိုင်ငံ Executive Service Provider ကုမ္ပဏီများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ Dato' Abdul Halim Bin Suleiman နှင့် မြန်မာနိုင်ငံ အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန မှ ဦးသိန်းသန်းတို့က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ကြုံတွေ့ရင်ဆိုင် ဖြေရှင်းရသည့်စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြပြီး မြန်မာသံရုံးကောင်စစ်ရေးရာ တာဝန်ခံ တတိယ အတွင်းဝန် ဦးကျော်ကျော်ဝင်းက မြန်မာသံရုံးက အနီးကပ်ကြပ်မတ် ဆောင်ရွက်ပေးခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးဌာနကထုတ်ပေးသည့် မလေးရှား နိုင်ငံရောက် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ တရားဝင်နေထိုင်အလုပ်လုပ်ခွင့်ပြု သည့် Work Permit များ၊ Approval စာရွက်စာတမ်း များကို ကာယကံရှင်အလုပ်သမားများထံသို့ တိုက်ရိုက် ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

မလေးရှားနိုင်ငံ၌ ဆက်လက်အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသော အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားများအား မြန်မာနိုင်ငံသား စိစစ်၍ မှန်ကန် သူများကို တရားဝင်နေထိုင်အလုပ်လုပ်ကိုင်ခွင့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ G to G အစီအစဉ်အရ ထုတ်ပေးသော မြန်မာနိုင်ငံ ကူးလက်မှတ်ကိုင်ဆောင် သူများအနက် ၂၆၃၃ ဦးအား Work Permit များ ထုတ်ပေးပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားရွှေ့ပြောင်း အလုပ်သမား ၂၂၃၆ ဦးအတွက် Legalization ပြုလုပ်ဆဲ ဖြစ်ကြောင်းနှင့် Biometric Registration ပြုလုပ်ပြီးသူ ၄၈၆၉ ဦး စုစုပေါင်း မြန်မာနိုင်ငံသား စိစစ်ပြီးသူ ၉၇၃၈ ဦးအား မလေးရှားနိုင်ငံ၌ တရားဝင်နေထိုင်အလုပ်လုပ်ခွင့် ရရှိရေးဆောင်ရွက်လျက် ရှိကြောင်း၊ မလေးရှားနိုင်ငံ၌ ဆက်လက်အလုပ်လုပ်ရန် ဆန္ဒမရှိသည့် အထောက်အထား မဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများအနက် မြန်မာနိုင်ငံ သား စိစစ်မှန်ကန်သူ ၁၅၂၅၆ ဦးအား ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် နေရပ်သို့ ပြန်လည်ပို့ဆောင် ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံဘက်မှ မြန်မာနိုင်ငံသား စိစစ် မှန်ကန်သူရွှေ့ပြောင်းအလုပ်သမား ၁၀၉၁၆ ဦးအား မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးပြီးဖြစ်ကြောင်း၊ နှစ်နိုင်ငံအစိုးရ G to G အစီအစဉ်ဖြင့် ဆောင်ရွက်လျက် ရှိသည့် G to G Co-operation in Registration, Legalization and Deportation of Undocumented Myanmar Worker In Malaysia) ကို ၂၀၁၄ ခုနှစ် ဧပြီ ၂၀ ရက်မှစ၍ မြန်မာသံရုံး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မလေးရှားနိုင်ငံ၌ တရားဝင် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမားများ၏ လုံခြုံရေး၊ အလုပ်သမားအခွင့်အရေး အပြည့်အဝရရှိ ရေး စသည့် မြန်မာနိုင်ငံသားအလုပ်သမားများကို ကာကွယ် စောင့်ရှောက်သည့်လုပ်ငန်းစဉ်များကို တိုးချဲ့ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။




အဆိုပါအစီအစဉ်များကို မြန်မာနိုင်ငံ အလုပ်သမား အလုပ်အကိုင် နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် မလေးရှား နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနတို့ သဘောတူညီချက်အရ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အနီးကပ် ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံသားစိစစ်ခြင်း၊ မြန်မာနိုင်ငံသား ဟုတ်မှန်ကြောင်း မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အကြောင်းပြန်လာပါက မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးဘုတ်အဖွဲ့၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံကူးလက်မှတ်များကို မလေးရှားနိုင်ငံ မြန်မာသံရုံးကထုတ်ပေးခြင်း၊ မြန်မာ သံရုံးက မိမိဆန္ဒအရ နေရပ်ပြန်လိုသူများအား CI ထုတ်ပေးခြင်းတို့ကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေး လျက်ရှိသည်။

အဆိုပါလုပ်ငန်းစဉ်များကို နှစ်နိုင်ငံသတ်မှတ်ထား သော လုပ်ထုံးလုပ်နည်းဥပဒေများ ပြောင်းလဲမှုမရှိဘဲ အချိန်နှင့်တစ်ပြေးညီ ပိုမိုလျင်မြန်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် မြန်မာအစိုးရဘက်မှ Diamond Palace Services Co.,Ltd. အား လည်း ကောင်း၊ မလေးရှားနိုင်ငံ အစိုးရဘက်မှ Bukti Megah Sdn Bhd အားလည်းကောင်း Executive Service Provider အဖြစ် တရားဝင်ခန့်အပ် တာဝန်ပေးဆောင် ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးအထူးရန်ပုံငွေအဖြစ် ရုပ်ရှင်၊ အဆိုတော်အသင်းနှင့် မြန်မာ့လက်ရွေးစင်ဟောင်းအသင်း အထူးခြေစမ်းပွဲ မြန်မာ့လက်ရွေးစင်နှင့် နယူးဇီလန်လက်ရွေးစင် ချစ်ကြည်ရေးဘောလုံးပွဲများ မြန်မာ့အသံရုပ်သံလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၆**

ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ရေဘေးအထူးရန်ပုံငွေအဖြစ် စက်တင်ဘာ ၇ ရက် ညနေ ၄ နာရီတွင် နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော် များအသင်းနှင့် မြန်မာ့လက်ရွေးစင်ဟောင်းအသင်းတို့၏ အထူးခြေစမ်းပွဲ၊ ညနေ ၆ နာရီတွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် နယူးဇီလန် လက်ရွေးစင် အသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပွဲများ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အဆိုပါဘောလုံးပွဲများကို ညနေ ၄ နာရီမှစတင်၍ MRTV Entertainment Channel တွင်လည်းကောင်း၊ ညနေ ၆ နာရီမှစတင်၍ MRTV News Channel တွင်လည်းကောင်း တိုက်ရိုက်ထုတ်လွှင့်ပြသ သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် စက်တင်ဘာ ၆**

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ် ရေသည် ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့၌ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အောက် နှစ်ပေခွဲခန့်တွင်ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့ များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

ပခုက္ကူမြို့နယ်နှင့် ညောင်ဦးမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## ဝန်ကြီးချုပ်ဟောင်း သက်ဆင်၏ ယခင်ရဲရာထူးကို ဖယ်ရှားခံရ



**ဗန်ကောက် စက်တင်ဘာ ၆**

ငြိမ်းချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအမျိုးသားကောင်စီ ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာက ယခင်ဝန်ကြီးချုပ်ဟောင်း သက်ဆင် ရှင်နာဝပ်တရာကို ၎င်း၏ယခင်ရဲအရာရှိရာထူးမှ ဖယ်ရှားရန်အမိန့်တစ်ရပ်ကို စက်တင်ဘာ ၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ထိုင်းကြားဖြတ်အစိုးရဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၄၄ အရ နိုင်ငံတော်ပြန်တမ်းအဖြစ်ဖော်ပြသော ၎င်းအမိန့်တစ်ရပ်ကို ဝန်ကြီးချုပ် ပရာယုက ထုတ်ပြန်ခဲ့ပြီး ၎င်းအမိန့်သည် စက်တင်ဘာ ၆ ရက်နေ့မှစ၍ သက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

၎င်းအမိန့်အရ တော်ဝင်ဘုရင့်ထိုင်းရဲတပ်ဖွဲ့မှ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်တရာ၏ ယခင်ရဲတပ်ဖွဲ့မှ ရာထူးဖြစ်သော ဒုတိယဗိုလ်မှူးကြီးရာထူးကို ဖယ်ရှားနိုင်ဖွယ်ရှိနေကြောင်း သိရသည်။ ယခင်ဝန်ကြီးချုပ်ဟောင်း သက်ဆင်သည် အခြားပြစ်မှုအမြောက်အမြားကို ကျူးလွန်ခဲ့သဖြင့် ယခင်ရဲဘက်ဆိုင်ရာ ရာထူးမှဖယ်ရှားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။**(ဆင်ဟွာ)**

## ထိုင်းကောင်စီအခြေခံဥပဒေကြမ်းကိုပယ်ချ ရွေးကောက်ပွဲကျင်းပရန်နှောင့်နှေးဦးမည်ဖြစ်

**ဗန်ကောက် စက်တင်ဘာ ၆**

ထိုင်းအစိုးရကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေကြမ်းအား ပယ်ချခဲ့သောကြောင့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပ၍ ဒီမိုကရေစီပြန်လည်ကျင့်သုံးရန် နှောင့်နှေးဦးမည်ဖြစ်ကြောင်း သိရသည်။

စစ်အစိုးရဦးဆောင်ခဲ့သော ကြားဖြတ်အစိုးရအဖွဲ့သည် လွန်ခဲ့သည့်မေလက ရွေးချယ်ခံအစိုးရအဖွဲ့အား ဖြုတ်ချခဲ့ပြီး အခြေခံဥပဒေသစ်တစ်ခုကို ရေးဆွဲပြဋ္ဌာန်းရန် ကြိုးစားလျက်ရှိသည်။

ထိုင်းအစိုးရကောင်စီသည် စက်တင်ဘာ ၆ ရက်က အခြေခံဥပဒေကြမ်းသစ်အချောသပ်မူကို ပယ်ချခဲ့ပြီး ဥပဒေသစ်ကို အသစ်တစ်ဖန် ပြန်လည်ရေးဆွဲရန် ကြိုးစားလျက်ရှိသည်။

လာမည့်နှစ် စက်တင်ဘာလတွင် ကျင်းပမည့် ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲသည် ခန့်မှန်းထားသည့်အချိန်ထက် ပိုမိုကြာမြင့်လိမ့်မည်ဖြစ်ကြောင်း သိရသည်။ ပါလီမန်အဖွဲ့ဝင်မဟုတ်သူသည် ဝန်ကြီးချုပ်ဖြစ်လာနိုင်သည့် အချက်ကို အခြေခံဥပဒေမူကြမ်းက သတ်မှတ်ပေးနိုင်မည်ဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

## တောင်ကိုရီးယားသမ္မတ ပျောက်ဆုံးလှေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကောင်းဆုံးလုပ်ဆောင်ရန် တိုက်တွန်း

**ဆိုးလ် စက်တင်ဘာ ၆**

တောင်ကိုရီးယားပိုင် ဂျေဂျူးကျွန်းကမ်းလွန် ပင်လယ်ပြင်တွင် အပျော်တမ်း ငါးဖမ်းလှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ပျောက်ဆုံးနေသော သူများကို ရှာဖွေရာတွင် ဖြစ်နိုင်သမျှ အကောင်းဆုံး နည်းလမ်းများကို အသုံးပြု၍ အားသွန်ခွန်စိုက် ရှာဖွေရန် တောင်ကိုရီးယားသမ္မတ ပတ်ခ်ဂွန်ဟေးက တိုက်တွန်းပြောကြားလိုက်သည်။

နစ်မြုပ်နေသော လှေတစ်စင်းကို တောင်ဘက်စွန်း ဂျေဂျူးကျွန်း၏ မြောက်ဘက်ယွန်းယွန်းရှိ ချူချာကျွန်းနှင့် တစ်ကီလိုမီတာအကွာခန့်တွင် အခြား ငါးဖမ်းလှေတစ်စင်းက စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲတွင် တွေ့ရှိခဲ့ကြောင်း တောင်ကိုရီးယား အစိုးရအရာရှိများက ပြောခဲ့သည်။

ကယ်ဆယ်ရေးသင်္ဘော ၄၄ စင်းက ပျောက်ဆုံးနေသော လှေကို ရှာဖွေပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။



လှူသေအလောင်းရှစ်လောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး လူသုံးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အစီရင်ခံစာက ဖော်ပြသည်။ လှေပေါ်ပါသူများ၏ အရေအတွက်ကို အတိအကျ သိရှိနိုင်ရန် တာဝန်ရှိသူများက ကြိုးစားလျက်ရှိသည်။

တာဝန်ရှိသူများ၏ ပြောကြားချက်အရ ဂျေဂျူးကျွန်းသို့ ထွက်ခွာသွားသော နစ်မြုပ်လှေမှာ ထွက်ခွာပြီး မိနစ် ၄၀အကြာတွင် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း ပြောခဲ့သည်။ လှေပေါ်ပါသူများသည် အသက် ကယ်အင်္ကျီများကို ဝတ်ဆင်ထားခြင်း မရှိကြောင်း အသက်ရှင်ကျန်ရစ်သူတစ်ဦးက ပြောခဲ့သည်။

သမ္မတပက်ခ်က ပျောက်ဆုံးသူများကို ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အကောင်းဆုံးလုပ်ဆောင်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ **(အင်န်အိတ်ချ်ကေ)**

## ယီမင်မြို့တော်ကို ယူအေအီးမဟာမိတ်များလေကြောင်းချီတိုက်ခိုက်၊ လက်နက်စက်ရုံများ ပျက်စီး

**ဆာနား စက်တင်ဘာ ၆**



အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) မှစစ်လေယာဉ်များသည် ယီမင်တစ်ဝန်းဟူသီသူပုန်များ နေထိုင်ရာနေရာများကို ပစ်မှတ်ထား၍ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း ပြည်တွင်းသတင်းအေဂျင်စီတစ်ခုဖြစ်သော ဒဗလျူအေအမ်က စက်တင်ဘာ ၅ ရက်နေ့က ပြောခဲ့သည်။ ဆော်ဒီဦးဆောင်သော မဟာမိတ်တပ်ဖွဲ့မှ အနည်းဆုံး တပ်သား ၆၀ သည် ယီမင်တိုက် ခိုက်မှုတွင် ကျဆုံးခဲ့ပြီး တစ်ရက်အကြာတွင် ယူအေအီးမှလေကြောင်းချီ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၂၄ ဦးသေဆုံးခဲ့ကြောင်း မြို့တော်ဆာနားရှိဆေးဘက်ဆိုင်ရာ သတင်းရင်းမြစ်များအရ သိရသည်။ ယီမင်မြောက်ပိုင်းဟူသီထိန်းချုပ်ဒေသဆာဒါးရှိ မိုင်းဗုံးများပြုလုပ်ရာ စက်ရုံများကိုယူအေအီးမှ လေကြောင်းချီတိုက်ခိုက်မှုများပြုလုပ်သကဲ့သို့ လက်နက်များသိုလှောင်ရာနေရာများကိုလည်း လေကြောင်း ချီတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ဒေသတွင်းရုပ်သံဒဗလျူအေအမ်က ပြောခဲ့သည်။ ယူအေအီးတပ်ဖွဲ့များသည် ဟာဒီသစ္စာတော်ခံတိုက်ခိုက်ရေးသမားများကို ကူညီ၍ ဟူသီသူပုန်များကို မောင်းထုတ်ခဲ့ကြသည်။ **(ရိုက်တာ)**

# ရွှေ့ပြောင်းဒုက္ခသည်များကို ကူညီရန် ပြင်သစ်နိုင်ငံသားများ လိုလား



**ပါရီ စက်တင်ဘာ ၆**

ပြင်သစ်နိုင်ငံတစ်ဝန်းလူပေါင်း ၁၀၀၀၀ ကျော်သည်လမ်းများပေါ်သို့ ထွက်၍ ရွှေ့ပြောင်းဒုက္ခသည်များကို ကူညီထောက်ပံ့ရန် အင်အားပြခဲ့ကြသည်။

ရွှေ့ပြောင်းဒုက္ခသည်များနှင့် တစ်ညီတစ်ညွတ်တစ်သားတည်းရှိကြောင်း ပြသသည့်အနေဖြင့် ပါရီတွင်လူပေါင်း ၈၅၀၀ ခန့်သည် စက်တင်ဘာ ၅ ရက်က ပြည်သူ့ရင်ပြင်တွင်အင်အားထွက်ပြခဲ့ကြကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောခဲ့သည်။ နဖူးစည်းစာတန်းကိုကိုင်ဆောင်ထားသော ဒေသခံများက အသစ်ရောက်လာသော ရွှေ့ပြောင်းဒုက္ခသည်များကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ပြင်သစ်သို့လာရောက်ကြသော ရွှေ့ပြောင်းဒုက္ခသည်များသည် လွတ်လပ်ခြင်း အရသာကိုခံစားရှာဖွေလိုကြောင်း၊ ပြင်သစ်အစိုးရက ရွှေ့ပြောင်းဒုက္ခသည်များကို နိုင်ငံတွင်းမိသားစုများနှင့်အေးအတူပူအမျှ အတူတကွနေထိုင်ရန် ကူညီသင့်ကြောင်း အင်အားပြသူတစ်ဦးကပြောခဲ့သည်။

ယခုနှစ်တွင် အာဖရိကနှင့်အရှေ့အလယ်ပိုင်းမှ ရွှေ့ပြောင်းဒုက္ခသည်ပေါင်း ၃၆၀၀၀၀ ကျော်သည် ဥရောပသို့ လာရောက်ခဲ့ကြောင်းသိရသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား ရွှေ့ပြောင်းဒုက္ခသည်များ၏အခက်အခဲများကို အတူတကွဖြေရှင်းရန်ပြင်သစ်နှင့် ဂျာမနီက တိုက်တွန်းခဲ့သည်။

ဒုက္ခသည်များပိုမိုလက်ခံရေးနှင့်ပတ်သက်၍ ပြင်သစ်ပြည်သူများကြား အမြင် ကွဲလွဲလျက်ရှိသည်။ စက်တင်ဘာ ၂ရက်က ကောက်ယူခဲ့သော စစ်တမ်းများအရ ၅၆ ရာခိုင်နှုန်းခန့်ရှိသော စစ်တမ်းကောက်ယူခံရသူများက ဒုက္ခသည်များ လာရောက်ခြင်းကို ကန့်ကွက်ခဲ့ကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# လေ့လာစရာ ရွေးကောက်ပွဲဆိုင်ရာ သတ်မှတ်ပုံစံများ

အမေးနှင့်အဖြေ-မင်းမင်းဇော်(သတင်းစဉ်)
ဓာတ်ပုံ-မောင်သစ္စာ

**မြန်မာနိုင်ငံ၌ ၁၉၄၇၊ ၁၉၅၁ ၊ ၁၉၆၅ ၊ ၁၉၇၃၊ ၁၉၇၇၊ ၁၉၈၁၊ ၁၉၈၅၊ ၁၉၉၀ နှင့် ၂၀၁၀ ပြည့်နှစ်များတွင် အထွေထွေရွေးကောက်ပွဲများနှင့် ရွေးချယ်တင်မြှောက်ပွဲများကျင်းပခဲ့ကြပြီး ၂၀၁၂ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ ယခု ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပွင့်လင်းမြင်သာမှုရှိသည့် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်သည်။**

*ယမန်နေ့မှအဆက်*

ကြိုတင်ဆန္ဒမဲပေးသူအမည်၊ အဘအမည်၊ လက်ခံဖြတ်ပိုင်းအမှတ်စဉ်တွေကို မှန်ကန်စွာဖြည့်သွင်းရပါမယ်။ အဲဒီစာရင်းပုံစံနဲ့အတူ ကြိုတင်မဲဆန္ဒတွေပါတဲ့ ချိပ်ပိတ်ထားတဲ့ မဲပုံးတစ်ပုံးကို သက်ဆိုင်ရာမဲရုံမှူးထံ လွှဲပြောင်းပေးအပ်ရပါတယ်။ မဲရုံဖွင့်ချိန် မနက် ၆ နာရီမထိုးခင် အရောက်လွှဲပြောင်းပေးအပ်ရတယ်။ အဲဒီမှာ လွှဲပြောင်းပေးအပ်သူအဖြစ် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒါမှမဟုတ် အတွင်းရေးမှူးက လက်မှတ်ရေးထိုးပြီး လက်ခံရရှိသူအဖြစ် မဲရုံမှူးက လက်မှတ်ရေးထိုးရပါမယ်။

**မေး။ ပုံစံ(၃)ဆိုတာကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ နည်းဥပဒေ(၉)အရ သတ်မှတ်ထားတဲ့မဲစာရင်းမှာ အမည်စာရင်းထည့်သွင်းပေးဖို့တောင်းဆိုတဲ့ တောင်းဆိုလွှာဖြစ်ပါတယ်။ မဲဆန္ဒရှင်တစ်ဦးအနေနဲ့ မဲစာရင်းမှာ မိမိနာမည်မပါရင် ထည့်သွင်းပေးဖို့ တောင်းဆိုတဲ့ပုံစံလည်းဖြစ်ပါတယ်။ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲကို လိပ်မူတောင်းဆိုရတယ်။ မဲစာရင်းကြေညာတဲ့နေ့ကနေ ၁၄ ရက်အတွင်း တောင်းဆိုရမယ်။ အထောက်အထားအဖြစ် မိမိတင်ပြလိုတဲ့ စာရွက်စာတမ်းတွေကို ပူးတွဲတင်ပြနိုင်ပါတယ်။ မဲစာရင်းတစ်ခုကနေ တစ်ခုကိုပြောင်းရွှေ့တာဖြစ်ရင် အိမ်ထောင်စုဇယားနဲ့ ပယ်ဖျက်ပြီးတဲ့အကြောင်း အထောက်အထားပုံစံ(၄-ခ)ကို ပူးတွဲတင်ပြရမယ်။ တောင်းဆိုသူ ဒါမှမဟုတ် ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရပါတယ်။

**မေး။ ဒါဆို ပုံစံ(၃-က)ဆိုတာက ဘယ်လိုလဲခင်ဗျာ။**

ဖြေ။ နည်းဥပဒေ ၁၀(က) အရသတ်မှတ်ထားတဲ့ မဲစာရင်းမှာ ထည့်သွင်းပေးဖို့ တောင်းဆိုတဲ့တောင်းဆိုလွှာပဲဖြစ်တယ်။ မဲဆန္ဒနယ်ပြင်ပကို ရက်ပေါင်း ၁၈၀ ထက်ကျော်လွန်ပြီး ရောက်နေတဲ့မဲဆန္ဒရှင်တစ်ဦးက မိမိမူလမဲစာရင်းရှိရာဒေသကို ပြန်လည်ပေးပို့လိုခြင်းမရှိလို့ လက်ရှိရောက်နေတဲ့ ဒေသရဲ့မဲစာရင်းမှာ မိမိအမည်ကို ထည့်သွင်းပေးဖို့ တောင်းဆိုတဲ့ပုံစံဖြစ်ပါတယ်။ လက်ရှိရောက်နေတဲ့ ဒေသရဲ့ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲကို လိပ်မူတောင်းဆိုရတယ်။ ရွေးကောက်ပွဲကျင်းပတဲ့နေ့မတိုင်ခင် ရက်ပေါင်း ၃၀ မတိုင်မီတောင်းဆိုရတယ်။ အထောက်အထားအဖြစ် မိမိတင်ပြလိုတဲ့ စာရွက်စာတမ်းတွေကို ပူးတွဲတင်ပြနိုင်တယ်။ ပုံစံမှာ သတ်မှတ်ထားတဲ့အတိုင်း လုပ်ငန်းရှင်ရဲ့ ထောက်ခံချက်နဲ့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးတွေရဲ့ ထပ်ဆင့်ထောက်ခံချက်ပါရမယ်။ အဲဒီမှာ တောင်းဆိုသူကိုယ်တိုင် လက်မှတ်ရေးထိုးရပါတယ်။

**မေး။ ပုံစံ(၄) ဆိုတာက ဘာလဲခင်ဗျာ။**

ဖြေ။ နည်းဥပဒေ ၁၁(က)အရသတ်မှတ်ထားတဲ့ မဲစာရင်းနဲ့စပ်လျဉ်းတဲ့ ကန့်ကွက်လွှာဖြစ်တယ်။ မဲစာရင်းပါအမည်နဲ့ အခြားအချက်အလက်တွေကို ကန့်ကွက်လိုရင် အသုံးပြုတဲ့ပုံစံဖြစ်တယ်။ မဲစာရင်းကြေညာပြီးတဲ့နေ့ကနေ ၁၄ ရက်အတွင်း ကန့်ကွက်ရမယ်။ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌကို လိပ်မူတင်ပြရမယ်။ ကန့်ကွက်လိုတဲ့အကြောင်းအရာတွေကိုပြည့်စုံစွာရေးသားပြီး အထောက်အထားအဖြစ်စာရွက်စာတမ်း ဒါမှမဟုတ် အသိသက်သေတွေကို ကန့်ကွက်လွှာနဲ့အတူ တင်ပြနိုင်တယ်။ ကန့်ကွက်သူကိုယ်တိုင်လက်မှတ်ရေးထိုးရမယ်။

**မေး ။ ပုံစံ (၄-ဂ)ဆိုတာကရောခင်ဗျာ။**

ဖြေ။ မဲစာရင်းပါ အချက်အလက်တစ်ခုခုကို ပြင်ဆင်တဲ့အခါအသုံးပြုတဲ့ပုံစံပဲဖြစ်တယ်။ ၁၄ ရက်အတွင်း တင်ပြနိုင်ပြီး ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌကို လိပ်မူရမယ်။ ပြင်ဆင်လိုတာတွေကို ပြည့်စုံစွာရေးသားပြီး စာရွက်စာတမ်း ဒါမှမဟုတ် အသိသက်သေတွေကို ပြင်ဆင်လွှာနဲ့အတူတင်ပြနိုင်တယ်။ အဲဒီမှာ ပြင်ဆင်လွှာတင်သွင်းတဲ့သူကိုယ်တိုင် လက်မှတ်ရေးထိုးရတယ်။

**မေး။ ပုံစံ(၄-က) ရဲ့ ဆိုလိုရင်းလေးပြောပြပေးပါ။**

ဖြေ။ အခြားဒေသတစ်ခုကို ပြောင်းရွှေ့သွားမှာဖြစ်လို့ မဲစာရင်းကနေအမည်ကို ပယ်ဖျက်ပေးဖို့ တောင်းဆိုလွှာဖြစ်တယ်။ မဲစာရင်းပါဒေသကနေ အခြားဒေသတစ်ခုခုကို ပြောင်းရွှေ့နေထိုင်မှာဖြစ်လို့ လက်ရှိမဲစာရင်းမှာပါနေတဲ့ မိမိအမည်ကို ပယ်ဖျက်ပေးဖို့ တောင်းဆိုခြင်းပဲဖြစ်တယ်။ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲကို လိပ်မူပြီး ပြောင်းရွှေ့ဖို့ ထုတ်ပေးထားတဲ့ ပုံစံ(၁၀) ဒါမှမဟုတ် ပုံစံ(၉၀/၁/နငသ) ပူးတွဲပါရှိရမယ်။ ကိုယ်ရေးအချက်အလက်တွေကို မှန်ကန်စွာဖြည့်သွင်းပြီး တောင်းဆိုသူ မဲဆန္ဒရှင်ကိုယ်တိုင် လက်မှတ်ရေးထိုးရမယ်။

**မေး။ ပုံစံ (၄-ခ) ဆိုတာကရော။**

ဖြေ။ နည်းဥပဒေ ၁၄(င)အရ သတ်မှတ်ထားတဲ့ မဲစာရင်း အမည်ပယ်ဖျက်ပြီးတဲ့အကြောင်း ထောက်ခံခြင်းဖြစ်တယ်။ မဲဆန္ဒရှင်တစ်ဦး အခြားဒေသတစ်ခုကို အပြီးအပိုင်ပြောင်းရွှေ့သွားလို့ လက်ရှိမဲစာရင်းက ပယ်ဖျက်ပြီးတဲ့အကြောင်း အထောက်အထားဖြစ်တယ်။ အဲဒီပုံစံ (၄-ခ)ကို သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာကော်မရှင်အဖွဲ့ခွဲက ထုတ်ပေးခြင်းဖြစ်ပြီး ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက လက်မှတ်ရေးထိုးရတယ်။

**မေး။ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေနဲ့ပတ်သက်လို့ ပုံစံ (၇-က)ကို ဘယ်လို အဓိပ္ပာယ်ဖွင့်လို့ရလဲခင်ဗျာ။**

ဖြေ။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးက ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် မိမိကိုယ်တိုင်ဆောင်ရွက်ခြင်းမရှိဘဲ အခြားသူတစ်ဦးကို ခန့်ထားမယ်ဆိုပါက အသုံးပြုတဲ့ပုံစံဖြစ်တယ်။ ပုံစံရဲ့သတ်မှတ်ထားတဲ့နေရာမှာ ကိုယ်စားလှယ်ဓာတ်ပုံကပ်ရမှာဖြစ်ပြီး ကိုယ်စားလှယ်လောင်းအမည်နဲ့ လက်မှတ်ပါရှိရမယ်။

**မေး။ ဒါဆို ပုံစံ(၇-ခ) ဆိုတာကရော။**

ဖြေ။ အဲဒါက ခန့်ထားတဲ့ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်း ကွယ်လွန်ခြင်း၊ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ်ကနေ နုတ်ထွက်ခြင်း၊ ရုပ်သိမ်းခြင်းတွေကြောင့် ခန့်ထားတဲ့ ကိုယ်စားလှယ်ကို ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ်က ရုပ်သိမ်းရာမှာ အသုံးပြုတဲ့ပုံစံပဲဖြစ်တယ်။ ဒီပုံစံ (၇-ခ)ကို တင်ပြတဲ့အခါ မူလခန့်ထားတဲ့ပုံစံ(၇-က)ကိုပူးတွဲတင်ပြရမှာ ဖြစ်တယ်။

**မေး။ ပုံစံ(၈)ဆိုတာကရောခင်ဗျာ။**

ဖြေ။ သက်ဆိုင်ရာမဲရုံတွေမှာ မိမိကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ဖို့ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်အဖြစ် ခန့်ထားရေးအသုံးပြုတဲ့ပုံစံဖြစ်တယ်။ အဲဒီနေရာမှာ ခန့်ထားခံရသူဟာ ရပ်/ကျေးအုပ်စုမဲစာရင်းမှာ အမည်ပါရှိကြောင်းဖော်ပြရမှာဖြစ်ပြီး ခန့်ထားခံရသူရဲ့ ဓာတ်ပုံကပ်ရမယ်။

**မေး။ မြို့နယ်ကော်မရှင်တွေနဲ့ပတ်သက်လို့ ပုံစံ(၁၇-က) ဆိုတာ ဘာကိုဆိုလိုတာလဲ။**

ဖြေ။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲကို ရွေးကောက်ပွဲကျင်းပတဲ့နေ့ ညနေ ၄ နာရီမထိုးခင် ရောက်လာတဲ့ ကြိုတင်ဆန္ဒမဲ လက်မှတ်တွေကို ရေတွက်တဲ့နေရာမှာ ပယ်မဲတွေ့ရှိတဲ့အခါ အသုံးပြုတဲ့ပုံစံဖြစ်တယ်။ ကြိုတင်ဆန္ဒမဲလက်မှတ်အမှတ်စဉ်နဲ့ပယ်တဲ့အကြောင်းအရာအကျဉ်းချုပ်ကိုဖော်ပြပြီး ပယ်မဲအရေအတွက်စုစုပေါင်းကို ဖော်ပြရတယ်။

**မေး။ ပုံစံ (၁၉) ဆိုတာ ဘာလဲခင်ဗျာ။**

ဖြေ။ အဲဒါက လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိတဲ့ဆန္ဒမဲစာရင်းဖြစ်တယ်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေက ပြုစုကြရတယ်။ မဲဆန္ဒနယ်အတွင်းရှိ မဲရုံမှူးတွေကနေ ပုံစံ(၁၆)အရ ရေးသွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိတဲ့ ဆန္ဒမဲအရေအတွက်နဲ့ ပုံစံ(၁၈)အရရရှိထားတဲ့ ကြိုတင်ဆန္ဒမဲအရေအတွက်တွေကိုပေါင်းပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးရရှိထားတဲ့ ဆန္ဒမဲအရေအတွက်တွေကို အများပြည်သူရှေ့မှောက်မှာ စာရင်းပြုစုတာဖြစ်တယ်။

**မေး။ ပုံစံ (၆-ခ)၊ (၆-ဂ)နဲ့ (၆-ဃ)ရဲ့ ဆိုလိုရင်းကို ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေပြန်လည်ထုတ်ပေးခြင်းပုံစံတွေဖြစ်ပါတယ်။ အမည်စာရင်းတင်သွင်းလွှာကို အပယ်ခံရရင်ဖြစ်စေ၊ ရွေးကောက်ပွဲမကျင်းပမီ ကွယ်လွန်ရင်ဖြစ်စေ၊ ရွေးကောက်ပွဲရွှေ့ဆိုင်းထားရင်ဖြစ်စေ၊ အမည်စာရင်းတင်သွင်းလွှာနဲ့အတူ ပေးသွင်းခဲ့တဲ့ အာမခံငွေကို ပုံစံ(၆-ခ)နဲ့ ပြန်လည်ထုတ်ပေးခြင်းဖြစ်တယ်။ ရွေးကောက်တင်မြှောက်ခံရကြောင်း ကြေညာခံရတဲ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေကို ပုံစံ(၆-ဂ)နဲ့ပြန်လည်ထုတ်ပေးတာဖြစ်တယ်။ ရွေးကောက်တင်မြှောက်မခံရသော်လည်း ရွေးကောက်ပွဲမှာ ခိုင်လုံတဲ့ ဆန္ဒမဲရှစ်ပုံတစ်ပုံနဲ့အထက် ရရှိတဲ့လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေကို ပုံစံ(၆-ဃ) နဲ့ ပြန်ထုတ်ပေးခြင်းဖြစ်ပါတယ်။

**မေး။ ပုံစံ(၁၂)နဲ့ပတ်သက်လို့လည်းပြောပြပေးပါဦးခင်ဗျာ။**

ဖြေ။ ဒီပုံစံက မဲရုံမှူးအသုံးပြုရတဲ့ပုံစံဖြစ်တယ်။ မဲစာရင်းမှာ အမည် ဒါမှမဟုတ် နေရပ်လိပ်စာနဲ့ စပ်လျဉ်းတဲ့ဖော်ပြချက်အနည်းငယ်မှားယွင်းခြင်း၊ ချို့ငဲ့ခြင်း၊ ချွတ်ချော်ခြင်းရှိသော်လည်း ထိုသူသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောဆိုနိုင်သူရှိရင် မဲရုံမှူးက လိုအပ်တာတွေပြင်ဆင်ပြီး ထိုသူကို ဆန္ဒမဲပေးခွင့်ပြုရမယ်၊ အဲဒီလို ခွင့်ပြုရခြင်းရဲ့ အကျိုးအကြောင်းအကျဉ်းချုပ်ကို ဒီပုံစံနဲ့ မှတ်တမ်းတင်ထားခြင်းဖြစ်တယ်။

**မေး။ ပုံစံ(၁၄)ကိုလည်း ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ။ ဒါက ကန့်ကွက်မဲစာရင်းဖြစ်တယ်။ မဲရုံမှူးကပဲ ပြုစုရတာဖြစ်ပါတယ်။ ဆန္ဒမဲလက်မှတ် တောင်းဆိုသူဟာ သူတစ်ပါးအယောင်ဆောင်တောင်းဆိုသူဖြစ်ကြောင်း ကန့်ကွက်ချက်ရှိလာရင် ဒီပုံစံမှာလိုအပ်တာတွေ ဖြည့်စွက်ပြီး တောင်းဆိုသူကို လက်မှတ်ရေးထိုးစေခြင်းဖြစ်တယ်။ မဲရုံမှူးက ထိုသူကို ဆန္ဒမဲပေးခွင့်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ထိုအကြောင်းအရာများနဲ့ မိမိဆုံးဖြတ်ချက်တွေကို ဒီပုံစံမှာရေးမှတ်ပြီး လက်မှတ်ရေးထိုးထားရမယ်။

**မေး။ ပုံစံ (၁၆-ခ)၊ (၁၇)နဲ့ (၁၇-က) တွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ပုံစံ(၁၆-ခ) ဆိုတာ အသုံးမပြုဘဲကျန်နေတဲ့ ဆန္ဒမဲလက်မှတ်စာရင်းဖြစ်တယ်။ ဆန္ဒမဲပေးပြီးဆုံးလျှင် ပြီးဆုံးခြင်း အသုံးမပြုဘဲကျန်နေတဲ့ ဆန္ဒမဲလက်မှတ်တွေကို မဲရုံမှာပဲ မဲရုံအဖွဲ့ဝင်တွေ၊ အများပြည်သူတွေ၊ မဲရုံကိုယ်စားလှယ်တွေရှေ့မှာရေတွက်ပြီး ဒီပုံစံမှာ ဖြည့်သွင်းလက်မှတ်ရေးထိုးစေခြင်းဖြစ်တယ်။ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်အတွက် ပယ်မဲစာရင်းကို ပုံစံ(၁၇-က)နဲ့ပြုစုပြီး ကျန်လွှတ်တော်ဆန္ဒမဲတွေအတွက် ပယ်မဲစာရင်းကို ပုံစံ(၁၇)နဲ့ ပြုစုခြင်းဖြစ်ပါတယ်။

# မန္တလေး မဟာအောင်မြေမြို့နယ်တွင် ဟေမမာလာမြောက်ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား



**မန္တလေး စက်တင်ဘာ ၆**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၆×၃၇ ကြား၊ ၇၈×၇၉ကြား သံလမ်းဘေး ဟေမမာလာမြောက်ရပ်ကွက် အကွက်အမှတ် (၆၄၇) တွင် စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီ မိနစ် ၄၀ က ဦးဝင်းမြင့်နေအိမ်မှ စားပွဲတင်လျှပ်စစ်ပန်ကာ အပူလွန်ကဲကာ မီးစတင်လောင်ကျွမ်းခဲ့ရာ နေအိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့ကာ နံနက် ၈ နာရီ ၅၅ မိနစ်တွင် မီးကိုထိန်းနိုင်ခဲ့၍ နံနက် ၉ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မီးသတ်ကားအစီး ၆၀၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ ၁၅၀ တို့ဖြင့် မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းကျော်စောက ကြီးကြပ်၍ မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ထရံကာ သွပ်မိုးနှစ်ထပ်အိမ်သုံးလုံး၊ နှစ်ထပ်ပျဉ်ထောင်နှစ်လုံး၊ နံရံကပ်နှစ်ထပ်တစ်လုံး စုစုပေါင်းအိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးလောင်မှု အဆင့်(၃)အဖြစ် သတ်မှတ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဆေးရုံသို့လူတစ်ဦး ပို့ဆောင်ပေးခဲ့ရသည့်အပြင် မီးသတ်သမားတစ်ဦးနှင့် အရပ်သားတစ်ဦးတို့လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ အိမ်ထောင်စု ၂၃ စုမှ အမျိုးသား ၃၈ ဦး၊ အမျိုးသမီး ၄၆ ဦး စုစုပေါင်း ၈၄ ဦး မီးဘေးသင့်ခဲ့ပြီး ၃၇ လမ်း ၇၉ လမ်းထောင့်ရှိ ရွှေကျေးဓမ္မာရုံ၌ ယာယီစခန်းဖွင့်လှစ်ကာထားရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# အမြန်လမ်း အရေးပေါ်ရှေးဦးပြုစုခြင်း အဆောက်အအုံ ၆၀ရာခိုင်နှုန်းပြီးစီး

**မိတ္ထီလာ စက်တင်ဘာ ၆**

မိတ္ထီလာမြို့ ရန်ကုန်-မန္တလေး အမြန်လမ်း သီးကုန်း(၂၈၅)မိုင် ယာဉ်ရပ်နားစခန်းအနီးတွင် အရေးပေါ်ရှေးဦးပြုစုခြင်းစခန်း အဆောက်အအုံအသစ်ကို မေလက စတင်ဆောက်လုပ်ခဲ့ရာ ၆၀ ရာခိုင်နှုန်းခန့်ပြီးစီးလျက်ရှိပြီး နိုဝင်ဘာလ၌ အပြီးသတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ စင်ကာပူနိုင်ငံ ကြက်ခြေနီအသင်း၏ လှူဒါန်းငွေကျပ် ၃၅၃ သိန်းကျော်ဖြင့် ဆောက်လုပ်ခြင်းဖြစ်ပြီး ယခင်ကလည်း (၂၈၅)မိုင် ယာဉ်ရပ်နားစခန်းမြောက်ဘက်၌ ယာယီအရေးပေါ်ရှေးဦးပြုစုခြင်းစခန်းကို ဖွင့်လှစ်ကာ ယာဉ်မတော်တဆမှု ၁၁၅ မှု၊ ထိခိုက်ဒဏ်ရာရရှိသူ ၂၂၀၊ သေဆုံးသူ ၃၉ ဦးအား အရေးပေါ်ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ပြည်သူ့အတွက် OSS

တူးတူး(ဆွာ)

ကျွန်တော် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သတင်းကိုဖတ်ရှုမိခဲ့ပြီး စိတ်ဝင်စားခဲ့ပါတယ်။ နောက်နေ့ သတင်းစာများမှာလည်း ဆက်တိုက်ဆိုသလို ဒီသတင်းတွေပါလာခဲ့လို့ အထူးစိတ်ဝင်စားခဲ့ရပြန်ပါတယ်။ ဒီသတင်းကတော့ မြို့နယ်အချို့မှာ "ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop-OSS) ဖွင့်လှစ်၍ ပြည်သူကိုဝန်ဆောင်မှုပြုခြင်း"ဆိုတဲ့ သတင်းထူးတစ်ခုပဲဖြစ်ပါတယ်။

ဒီလိုနဲ့ တစ်နေ့က ကျွန်တော်တို့ ကျောက်ဆည်မြို့နယ် OSS ရုံးကို အမှတ်မထင် သွားရောက်လေ့လာခဲ့ပါတယ်။ ကျောက်ဆည်မြို့နယ် အဆောက်အအုံတစ်ခုမှာ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) လို့ ရေးထားတာကို ခပ်လှမ်းလှမ်းကတွေ့လိုက်ရပြီး အသက် ၆၀ ကျော်ခန့် အဒေါ်ကြီးတစ်ဦးနဲ့ ရင်ခွင်ပိုက်ကလေးငယ်တစ်ဦးကို ပွေ့ချီထားတဲ့ အသက် ၃၀ ခန့် အမျိုးသမီးတစ်ဦးတို့ အဲ့ဒီရုံးက ထွက်လာတာကို တွေ့လိုက်ရလို့ ကျွန်တော် စပ်စုလိုက်ပါတယ်။

"ဘာလာလုပ်တာလဲ အဒေါ်"

"အဒေါ်တို့ အိမ်ထောင်စုစာရင်း ရေစိုပျက်စီးသွားလို့ လာလုပ်တာ၊ ဒီဝန်ဆောင်မှုရုံးက ချက်ချင်း လုပ်ပေးလို့ အဆင်ပြေတယ်လေ"

ကလေးပွေ့ချီထားတဲ့ အမျိုးသမီးကို ကျွန်တော်က ထပ်မံ မေးလိုက်တယ်။

"ညီမကရော ဘာလာလုပ်တာလဲ"

"သားငယ်လေးအတွက် မွေးစာရင်းမှတ်ပုံတင် လာလုပ်တာ၊ အဝေးကြီးမသွားရဘဲ ဒီ OSS မှာ လုပ်ပေးလို့ အချိန်မကုန်၊ ငွေမကုန်တော့ဘူးလေ"

ကျွန်တော် သူတို့မျက်နှာတွေကို အကဲခတ်လိုက်တော့ ကျေနပ်မှု၊ ပျော်ရွှင်မှုကိုတွေ့လိုက်ရလို့ ဝမ်းသာပီတိဖြစ်ရပါတယ်။

ဆက်လက်ပြီး လူငယ်နှစ်ဦး အဲဒီရုံးကထွက်လာတာ တွေ့လို့ "ညီလေးတို့ ဘယ်ကလာပြီး ဘာလုပ်ကြတာလဲ" လို့ ဆက်မေးလိုက်ပါတယ်။

"ကျွန်တော်တို့က ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာကပါ။ အလုပ်လျှောက်ဖို့ လေဘာမှတ်ပုံတင်လာလုပ်တာ"

"ကျွန်တော်က ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာလာယူတာ"လို့ တစ်ပြိုင်တည်း ဖြေဆိုကြပါတယ်။

ဒီတစ်ခါတော့ ကျွန်တော်အံ့ဩသွားတယ်။ ဒီလိုဝန်ဆောင်မှုတွေကိုလည်း တစ်နေရာတည်း၊ တစ်ရုံးတည်းမှာ တစ်ရက်တည်းနဲ့ လုပ်ပေးနေတယ်ဆိုလို့။

ဒီလိုနဲ့ ကျွန်တော်ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) လို့ ဆိုင်းဘုတ်တင်ထားတဲ့ရုံးအဝကို ယုံတစ်ဝက်၊ မယုံတစ်ဝက်နဲ့ ရောက်သွားမိတယ်။ ကျွန်တော် ဦးစွာတွေ့လိုက်ရတာက "စုံစမ်းရန်" ဆိုင်းဘုတ်တပ်ဆင်ထားတဲ့စားပွဲမှာ အမျိုးသမီးဝန်ထမ်းနှစ်ဦး (ရင်ထိုးတံဆိပ်အရ အထွေထွေအုပ်ချုပ်ရေးလို့ သိရပါတယ်)ကို အသက်(၆၀)ခန့် အမျိုးသားကြီးတစ်ဦးနဲ့ လူငယ်တစ်ဦးက စုံစမ်းနေတာတွေ့လိုက်ရလို့ အသာနားထောင်မိတယ်။

"ဦးလေး ဝါးခနိုဆိုင်ဖွင့်ဖို့ မီးဘေးလုံခြုံရေးထောက်ခံချက်ကို လိုချင်ရင် OSS ရုံးခန်း မီးသတ်ဦးစီးဌာနထိုင်တဲ့စားပွဲကို သွားပါရှင်"

"ဒီကမောင်လေးက ၁၂ နှစ်အထက် မှတ်ပုံတင်အတွက်ဆိုရင် OSS ရုံးခန်း၊ လဝကထိုင်တဲ့ စားပွဲကိုသွားပါ။ အဆင်ပြေအောင် ဆောင်ရွက်ပေးလိမ့်မယ်" ဟု ချိုသာစွာပြောလိုက်ပါတယ်။

ဒီတော့ ကျွန်တော်လည်း သိချင်စိတ်များလာလို့ ထပ်ပြီးစုံစမ်းလိုက်တော့ "ဒီ OSS ဆိုတဲ့ ရုံးခန်းထဲမှာ ဌာနတွေ ဘယ်လောက်ရှိလဲသမီး"

"စုံစမ်းရန်"စားပွဲမှ အခြားအမျိုးသမီးဝန်ထမ်းငယ်က ရှင်းပြပါတယ်။

"သမီးတို့ ပြည်သူ့ဝန်ဆောင်မှုရုံး(OSS) မှာ အနည်းဆုံး ခုနစ်ဌာနကစဖွင့်ခဲ့တာ၊ အခု ဌာန ၁၀ ခုအထိ ပါဝင်ဆောင်ရွက်နေပါတယ်။အဲဒီဌာနတွေကတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လဝက၊ မီးသတ်၊ ကျန်းမာရေး၊ အလုပ်သမား၊ စည်ပင်၊ သစ်တောဦးစီး ဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနနဲ့ သဘင်အစည်းအရုံးတို့ ဖြစ်ပါတယ်။"

"ဦးလေး အသေးစိတ်သိချင်ရင် ကျွန်မတို့ ဦးစီးရှိပါတယ်ရှင့်၊ မေးမြန်းနိုင်ပါတယ်"လို့ ယဉ်ကျေးစွာပြောဆိုပါတယ်။

"ကျေးဇူးပဲသမီး၊ ဦးလေး OSS ရုံးထဲ သွားလေ့လာလိုက်ဦးမယ်"

ဒီလိုနဲ့ ကျွန်တော်လည်း ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)ဆိုတဲ့ရုံးထဲကို ဝင်ရောက်လာမိပါတယ်။ ဦးစွာတွေ့လိုက်ရတာက ဌာနအမည်တွေနဲ့အတူ ဝန်ဆောင်မှုပြုမယ့်ဌာနအလိုက် တာဝန်တွေ၊ ဝန်ဆောင်မှုအမျိုးအစားတွေကို မြင်သာစွာဖော်ပြထားတာ တွေ့ရပါတယ်။ OSS အခန်းထဲကို ကြည့်လိုက်တဲ့အခါမှာလည်း စုံစမ်းရန်ကောင်တာက အမျိုးသမီးဝန်ထမ်းငယ်ရှင်းပြတဲ့ ဌာန ၁၀ ခုမှ ဝန်ထမ်းနှစ်ဦး၊ သုံးဦးစီ၊ သက်ဆိုင်ရာစားပွဲ။ ကောင်တာများမှာ လုပ်ငန်းဆောင်ရွက်နေပြီး ရှေ့မှာတော့ ဝန်ဆောင်မှုလာယူတဲ့ အမျိုးသား/အမျိုးသမီး/ကလေးငယ်အချို့ကို တွေ့ရပါတယ်။

အဲဒီမှာပဲ ကြီးကြပ်သူအရာရှိဆိုတဲ့စားပွဲမှာ ထိုင်နေတဲ့ တိုက်ပုံဝတ်ထားတဲ့အရာရှိတစ်ဦးက ကျွန်တော့်ထံ ချဉ်းကပ်လာပြီး "ဘာများ ဆောင်ရွက်ပေးရမလဲ အစ်ကိုကြီးခင်ဗျား"လို့ မေးတာ ကြားလိုက်ရပါတယ်။ "ကျွန်တော်စိတ်ဝင်စားလို့ သိချင်တာလေးတွေ မေးလို့ရမလား၊ ဘာလို့ ဒီလိုပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်တာလဲ၊ ဘာတွေဝန်ဆောင်မှုပေးလဲ၊ ဘာတွေအကျိုးအမြတ်ရသလဲ စသဖြင့်ပေါ့ဗျာ"

ကျွန်တော့်မေးခွန်းတွေကိုဖြေဖို့ ကြီးကြပ်သူအရာရှိ (ဦးစီးအရာရှိ)ဆိုသူက တစ်ချက်စဉ်းစားလိုက်ပြီး "ဟုတ်ကဲ့ ခုံယူထိုင်ပါဦး၊ ရှင်းပြပါ့မယ်"ဆိုပြီး အခုလိုရှင်းပြပါတယ်။

"ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီးအနေနဲ့ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်အောင် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနဲ့ လူမှုရေး၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစတဲ့ ပြုပြင်ပြောင်းလဲမှု (၄)ရပ် ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူကို ဝန်ဆောင်မှုပြုရေး၊ One Stop Shop ရုံးများ ဖွင့်လှစ်အကောင်အထည်ဖော်ရေးဆောင်ရွက်နေတာ အားလုံးအသိဖြစ်ပါတယ်။

"ဒီနေရာမှာပြည်သူ့ဝန်ဆောင်မှုရုံး(OSS)ထူထောင်ဖွင့်လှစ်ရခြင်းရဲ့ရည်ရွယ်ချက်(၄)ရပ်ရှိပါတယ်။ ဒါတွေကတော့-

(၁) ပြည်သူတို့ရဲ့ အခြေခံလိုအပ်ချက်များ အဆင်ပြေချောမွေ့အောင် ဝန်ဆောင်မှုပေးရန်၊

(၂) လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုကို တားမြစ်၍ ထိရောက်သော ဝန်ဆောင်မှု အလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးရန်၊

(၃) ပြည်သူများက အစိုးရနှင့်ဌာနဆိုင်ရာဝန်ထမ်းများအပေါ် အားကိုးယုံကြည်မှုတိုးပွားရန်၊

(၄) တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းများ ဦးစီးဌာနအလိုက် အပြန်အလှန်ထိန်းကျောင်းမှုပြုရန်တို့ဖြစ်ပါတယ်။

"OSS ရုံးမှာရရှိနိုင်မယ့် အကျိုးအမြတ်တွေကတော့ ဌာနအသီးသီးမှာ ထောက်ခံစာတွေ သွားယူဖို့မလိုဘဲ ဒီမှာတင်ရနိုင်လို့ အချိန်ကုန်သက်သာမယ်ဗျာ။ ဝန်ဆောင်မှုကိုရယူနိုင်ဖို့ အချိန်နဲ့ ငွေကုန်ကျမှု သက်သာနိုင်မယ်။ ဒုတိယအကျိုးအမြတ်ကတော့ ဝန်ထမ်းအားလုံး တစ်ဦးနဲ့တစ်ဦးတွေ့မြင်နေရလို့ ဝန်ဆောင်မှုအရည်အသွေးတိုးတက်လာစေပြီး လာဘ်ပေးလာဘ်ယူမှုကို ကျဆင်းသွားစေနိုင်တယ်ဗျာ။ တတိယအကျိုးအမြတ်ကတော့ မတူညီတဲ့ဌာနတွေ အတူတကွ ပူးပေါင်းဆောင်ရွက်နေတာဖြစ်လို့ ဌာနဆိုင်ရာဝန်ထမ်းတွေက ပြည်သူတွေအပေါ် စီမံခန့်ခွဲအုပ်ချုပ်မှုဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတွေ လျော့နည်းပပျောက်သွားစေနိုင်တယ်ဗျာ။"

ဦးစီးအရာရှိက ဆက်လက်ရှင်းပြပါတယ်။

"ဝန်ဆောင်မှုပြုတဲ့ဌာနကတော့ ဖော်ပြထားတဲ့အတိုင်း ၁၀ ဌာနဖြစ်ပြီး "စားသောက်ဆိုင် ဘေးအန္တရာယ်/ ပုဂ္ဂလိကအိမ်ဆိုင် လုပ်ငန်းလိုင်စင်များ၊ ယစ်မျိုးလိုင်စင်ချထားခြင်းနဲ့ အခွန်လေးမျိုး ကောက်ခံခြင်း၊ မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့်ကိစ္စများ၊ မြေငှားဂရန်လျှောက်ထားခြင်းကိစ္စရပ်များ၊ ဘိလိယက်ခုံလိုင်စင်ပြုလုပ်ခြင်း၊ ပျော်ပွဲရွှင်ပွဲအတွက် ပွဲမိန့်လျှောက်ထားခြင်းကိစ္စရပ်များ၊ နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားခြင်းကိစ္စရပ်များ၊ အိမ်ထောင်စုလူဦးရေ ပြောင်း/ဝင်/ထွက်စာရင်းကိစ္စနှင့် မွေးဖွားမှု၊ သေဆုံးမှုမှတ်ပုံတင်ရေးကိစ္စရပ်များ၊ ပထမသတင်းပေးတိုင်ကြားချက်များ၊ မီးဘေးလုံခြုံရေး ထောက်ခံချက်ကိစ္စရပ်များအား လက်ခံအရေးယူဆောင်ရွက်ပေးပါတယ်"ဟု ရှင်းပြပြီး အနည်းငယ်မောသွားဟန်ရှိ၍ ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်လိုက်ရင်း "ရေနွေးကြမ်းသောက်ပါဦး ဆရာ"ဟုပြောရာ ကျွန်တော်က "ကျေးဇူးတင်ပါတယ်ဆရာ၊ အခုလိုဆောင်ရွက်ပေးဖို့ ဝန်ဆောင်မှုလာယူတဲ့ ပြည်သူက စာရွက်စာတမ်း မပြည့်စုံရင်ရောဆရာ"ဟု မေးရာ ဦးစီးအရာရှိက-

"ဒီလိုရှိပါတယ် ဆရာ၊ ဒီ OSS ရုံးကိုလာရောက်ပြီး ဝန်ဆောင်မှုလာယူမယ့် ဒေသခံပြည်သူတွေက ယူဆောင်လာရမယ့် စာရွက်စာတမ်းအချက်အလက်တွေကိုရော၊ တရားဝင်သတ်မှတ်ပြဋ္ဌာန်းထားတဲ့ အခွန်အခတွေကိုရော ဗီနိုင်းတွေ၊ ကြော်ငြာဆိုင်းဘုတ်တွေနဲ့ ပွင့်လင်းမြင်သာစွာ ကြေညာထားပါတယ်ဆရာ။ ဒါ့ကြောင့် တစ်ရုံးတည်း၊ တစ်နေရာတည်းမှာ အချိန်ကုန်သက်သာစွာနဲ့ ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးနေလို့ ဒေသခံပြည်သူတွေအတွက် အများကြီးအဆင်ပြေပါတယ်ဆရာ"။

"ကျွန်တော်နောက်ဆုံးမေးခွန်းတစ်ခု မေးချင်ပါတယ်ဆရာ၊ ဒီလို OSS ရုံးတွေဖွင့်ဖို့ ဘယ်က စိတ်ကူးအကြံဉာဏ်တွေ ရပါသလဲဆရာ။"

"ဒါကတော့ ပြည့်ပြည့်စုံစုံရှင်းပြမှ သဘောပေါက်မယ်ထင်တယ်ဆရာ၊ နိုင်ငံတော်အနေနဲ့ Good Governance, Clean Government ကို ဆောင်ရွက်ရာမှာ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နဲ့ Country Programme Action Plan(CPAP)ကို မဏ္ဍိုင်(၃)ရပ်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ မဏ္ဍိုင်(၁)၊ ရလဒ်(၁)အရ Good Local Governance အား Focal အဖြစ် တာဝန်ယူဆောင်ရွက်ကာ အစိုးရရဲ့ ဒေသန္တရအုပ်ချုပ်မှု လေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ(Local Governance Mapping Activities)ကို အပိုင်းသုံးပိုင်းခွဲပြီး တိုင်းဒေသကြီး/ပြည်နယ်တွေမှာ ဆောင်ရွက်နေပါတယ်။

"အဲဒီအစီအစဉ်အရ နိုင်ငံခြားအတွေ့အကြုံရစေဖို့ နိုင်ငံတော်သမ္မတရုံးခွင့်ပြုချက်၊ UNDP မှ စရိတ်ကျခံစီစဉ်မှုနဲ့ အဆင့်မြင့်အရာရှိကြီးတွေ၊ နိုင်ငံတော်သမ္မတရဲ့ စွမ်းဆောင်ရည်ဆုရရှိတဲ့ ရပ်မိရပ်ဖတွေကို မွန်ဂိုလီးယားနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့ကို စေလွှတ်ပြီး OSS ဆောင်ရွက်နေမှုတွေကို လေ့လာစေခဲ့ကာ အခုလို မြန်မာနိုင်ငံမှာလည်း ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops) တွေ ထူထောင်ဖွင့်လှစ်ဖို့ အကြံဉာဏ်၊ စိတ်ကူးတွေရခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဥက္ကဋ္ဌအဖြစ်နဲ့ အဖွဲ့ဝင် ၁၅ ဦးပါဝင်တဲ့ (One Stop Shops) ရုံးများ ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ပထမခြေလှမ်းအနေနဲ့ OSS ရုံး ၇၂ ရုံး ဖွင့်လှစ်နိုင်ဖို့ ကြိုးကြပ်ဆောင်ရွက်နေတာဖြစ်ပါတယ်။

**ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops- OSS) များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများက ကိုယ်စီတာဝန်ကျေပွန်ခြင်း၊ ပူးပေါင်းပါဝင်ခြင်းဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ လျှောက်လှမ်းနိုင်မည်**

"မွန်ဂိုလီးယားနဲ့ ဗီယက်နမ်မှာ OSS ဖွင့်တာ အောင်မြင်မှု ၁၀၀ ရာခိုင်နှုန်း မပြည့်မီသေးသလို နှစ်ပေါင်း ၂၀ ကျော်ကတည်းက ဖွင့်လာတဲ့ အင်္ဂလန်မှာလည်း OSS ဟာ အပြည့်အဝမအောင်မြင်သေးတာ သိရလို့ ကိုယ့်နိုင်ငံ ကိုယ့်ဒေသနဲ့ ကိုက်ညီမယ့် OSS ကိုသာ အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

"ကဲ- အစ်ကိုကြီးကို ဒီကဌာနဆိုင်ရာဝန်ထမ်းတွေနဲ့ မိတ်ဆက်ပေးမယ်"ဆိုပြီး ဌာနတစ်ခုချင်းအလိုက် မိတ်ဆက်ပေးလို့ ဝမ်းသာရပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လဝက၊ မီးသတ်၊ ကျန်းမာရေး၊ အလုပ်သမား၊ စည်ပင်၊ သစ်တောဦးစီးဌာနနဲ့ သဘင်အစည်းအရုံးတို့ရဲ့ စားပွဲကောင်တာ တစ်ခုချင်းအလိုက် ဝန်ဆောင်မှုလာယူတဲ့ ဒေသခံတွေကိုလည်း မေးမြန်းခွင့်ရခဲ့ပါတယ်။ ရဲတပ်ဖွဲ့စားပွဲကောင်တာမှာ လူငယ်နှစ်ယောက်ထိုင်နေပြီး အလုပ်အတွက် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာလာယူတာလို့သိရလို့ ရဲအရာရှိကိုမေးကြည့်တော့ "ပြစ်မှုကင်းရှင်းမှု ရှိ/ မရှိကို ရဲစခန်းကို ဖုန်းဆက်ပြီးမေးပါတယ်၊ ကင်းရှင်းတယ်ဆိုရင် ချက်ချင်းထောက်ခံပေးလိုက်ပါတယ်"လို့ ဖြေပါတယ်။

အလားတူ လဝက စားပွဲကောင်တာရှေ့မှာရှိနေတဲ့ လူငယ် သုံးဦးကိုတွေ့လို့ မေးကြည့်တော့ နိုင်ငံသားကတ်ပျက်စီး/ပျောက်ဆုံးမှုကို အမြန်ထုတ်ပေးတာလို့ သိရပြီး ကျွန်တော့်ရှေ့မှာပဲ နိုင်ငံသားကတ် အသစ်ထုတ်ပေးလိုက်တာ မျက်မြင်တွေ့ခဲ့ရပါတယ်။ နောက် စည်ပင်က ဝန်ထမ်းတွေနဲ့ ဆွေးနွေးနေတဲ့ အမျိုးသမီးနှစ်ဦးကို မေးကြည့်တော့ ရပ်ကွက်ထဲမှာ ရေမလာ၊ မီးမလာတာ ကအစ လာရောက်ဆွေးနွေးရင် မြို့နယ်ရုံးကို တယ်လီဖုန်းဆက်ပြီး သက်ဆိုင်တဲ့ စည်ပင်ဝန်ထမ်းတွေက ကွင်းဆင်းဆောင်ရွက်ပေးကြောင်း ဖြေကြားပါတယ်။ အခြားစားပွဲကိုကြည့်လိုက်တော့ စောစောက ကျွန်တော် OSS ရုံးအဝင်မှာတွေ့ခဲ့သူနဲ့ သစ်တောဝန်ထမ်းနှစ်ဦးထင်း၊ မီးသွေးထုတ်လုပ်ခွင့်ကိစ္စ ဆွေးနွေး၊ ဖြေရှင်းပေးနေတာ တွေ့လိုက်ရပါတယ်။

ဦးစီးအရာရှိက "ကျွန်တော်တို့ OSS ရုံးကို လာရောက်ဝန်ဆောင်မှုယူတဲ့ ဒေသခံပြည်သူကို ကျွန်တော်တို့ ချက်ချင်းဆောင်ရွက်ပေးနိုင်တာကို ဝန်ဆောင်မှုတစ်ခါတည်း ပေးလိုက်ပါတယ်။ ချက်ချင်း ဝန်ဆောင်မှုမပေးနိုင်တာကို နှစ်သိမ့်ဆွေးနွေးခြင်း၊ ညွှန်ပြခြင်းတွေလုပ်ပေးလိုက်လို့ ကျေနပ်ဝမ်းသာသွားကြတာတွေ့ရပါတယ်"ဟု ရှင်းပြလို့ "ဒီလို OSS ရုံးက ပြည်သူတွေကို ဝန်ဆောင်မှုပေးနေတာ အမှန်တကယ်လိုအပ်ပြီး သိပ်ကောင်းတာပဲဗျာ"လို့ ကျွန်တော်လှိုက်လှိုက်လှဲလှဲ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

ထွေ/အုပ် စားပွဲကောင်တာမှာထိုင်ပြီး လျှောက်လွှာပုံစံဖြည့်နေတဲ့ အသက် ၅၀ ကျော်ခန့် အစ်မကြီးတစ်ဦးကို အင်တာဗျူးခဲ့ပါတယ်။ "ကျွန်မတို့က နတ်ကနားပွဲအတွက် ပွဲမိန့်လာလျှောက်တာပါ၊ ရုံးတွေ အများကြီး မသွားရတော့ဘဲ ဒီ OSS တစ်ရုံးတည်းမှာလုပ်ပေးလို့ သိပ်အဆင်ပြေတယ်"လို့ဆိုပါတယ်။

မြို့နယ်ကျန်းမာရေးမှူး (အမျိုးသမီးဆရာဝန်)နဲ့ မွေးဖွားမှုသက်သေခံလက်မှတ်(Birth Certificate) လာယူတဲ့ မိခင်တစ်ဦးကိုလည်း မေးမြန်းနိုင်ခဲ့သလို ကျွန်တော့်အတွက်လည်း သွေးပေါင်ချိန်တိုင်းတာပေးလို့ " ၁၂၀-၈၀ ပဲဆရာ၊ သွေးတိုးမရှိပါဘူး"ဆိုတဲ့ အဖြေစကားကြောင့် ကျွန်တော့်ရင်မှာ ပီတိတွေဖြစ်ခဲ့ရပါတယ်။

"အကြံပြုချင်ရင် ဘယ်မှာပြုရမလဲဆရာ"လို့ ကျွန်တော်က ထပ်မံလျှာရှည်လိုက်ပြန်ပါတယ်။

အနီးမှာရှိတဲ့ ရဲအရာရှိတစ်ဦးက "ဒီ OSS ရုံးအဝင်ဝမှာ အကြံပြုစာထည့်ရန်ဆိုတဲ့ စာတိုက်ပုံးလေး ချိတ်ထားပါတယ်ဆရာ"လို့ ဝင်ရောက်ရှင်းပြပါတယ်။

ကျွန်တော်လည်း OSS ရုံးက ကြီးကြပ်သူအရာရှိနဲ့ ဝန်ထမ်းတွေကိုနှုတ်ဆက်ပြီး အခန်းအပြင်မှာရှိတဲ့ စာတိုက်ပုံးအနီးမှာ စာရွက်တစ်ရွက်ထုတ်ကာ အောက်ပါ အကြံပြုချက်အချို့ကို ချရေးလိုက်ပါတယ်။ ပြီးတော့ အကြံပြုစာတိုက်ပုံးထဲကို ထည့်ခဲ့ပြီး OSS ရုံးမှ ပျော်ရွှင်ကြည်နူးစွာနဲ့ ထွက်ခွာလာခဲ့ပါတယ်။"

- OSS ရုံးမှာတာဝန်ပေးမယ့် ဝန်ထမ်းတွေ ရွေးချယ်ရာမှာ ဆက်ဆံရေးကောင်းတဲ့ဝန်ထမ်းတွေ၊ ပြည်သူကို ဝန်ဆောင်မှုပြုဖို့ မိမိဆန္ဒအလျောက် အဆိုပြုတဲ့ဝန်ထမ်းတွေ ရွေးချယ်ခန့်ထားသင့်ကြောင်း၊
- ဌာနဆိုင်ရာများအနေဖြင့် ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ရေးဆွဲခြင်း၊ လုပ်ထုံးလုပ်နည်းနှင့် လုပ်ပိုင်ခွင့်များဖြေလျှော့ခြင်း (Decentralization) တို့ကို ဆောင်ရွက်သင့်ကြောင်း၊
- လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိအောင် စွမ်းရည်မြှင့်သင်တန်းတွေ ပေးသင့်ကြောင်း၊
- သတင်းအချက်အလက်များကို စုဆောင်းပြီး လူထုကို အမြန်ဖြည့်ဆည်းပြန်ကြားရန်အတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ နည်းပညာနှင့် ငွေကြေးတို့ကို နိုင်ငံတော်မှလည်းကောင်း၊ INGO များထံမှလည်းကောင်း အကူအညီရယူဖြည့်ဆည်းသင့်ကြောင်း၊
- OSS ဖွင့်တာကို အများပြည်သူသိရှိအောင် တီဗွီသတင်းများ၊ သတင်းစာ/ဂျာနယ်များမှ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြသင့်ကြောင်း၊
- ခရိုင်ရုံးစိုက်ရာ မြို့နယ်မှာတင်မဟုတ်ဘဲ မြို့နယ်တိုင်းမှာလည်း OSS ရုံးဖွင့်၍ ပွဲပြီးမီးသေမဖြစ်စေဘဲ စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်သင့်ကြောင်း၊

စာမျက်နှာ ၁၁ သို့

# စေတုတ္တရာမြို့ ဘက်စုံပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်

**စေတုတ္တရာ စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့သည် ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မုန်းချောင်း ရေလျှောင်တမံ ရေကြီးရေလျှံမှုနှင့် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ မြို့ပေါ်ရပ်ကွက် လူနေအိမ်များနှင့် ကျေးရွာများ ရေဘေးသင့်ခဲ့သည်။



စေတုတ္တရာမြို့သည် မုန်းချောင်း ရေလှောင်တမံ၏ အောက်ဘက်၊ ကြီးအုံ-ကြီးဝ ရေလှောင်တမံ၏အထက်ဘက်အဖျားတွင် တည်ရှိနေရာ မြို့ပေါ်နေအိမ်ထောင်စု၁၁၁၂ စုနှင့် လူဦးရေ ၄၇၀၉ ဦး၊ ကျေးရွာများ အပါအဝင် စုစုပေါင်း အိမ်ထောင်စု ၁၀၁၅၉ စု နှင့် လူဦးရေ ၄၃၉၇၇ တို့ မှီတင်းနေထိုင်လျက်ရှိသည်။ မုန်းချောင်း ရေကြီးမြင့်မှုကြောင့် မြို့ပေါ် (၂) ရပ်ကွက်နှင့် တမံ၏ ဝန်းကျင်ရှိကျေးရွာ၂၈ရွာ၊ အိမ်ထောင်စုပေါင်း ၂၂၅၈ နှင့် လူဦးရေ ၉၄၉၅ ဦး ရေကြီးနစ်မြုပ်၍ ရေဘေးသင့်ခဲ့ရသည်။

စေတုတ္တရာမြို့နယ် ခြင်ပြစ်ကိုင်းကျေးရွာတွင် အိမ်ထောင်စု ၇၄ စုရှိရာ အိမ်ထောင်စု ၆၀ တွင် အိမ်ထောင်စုဇယားများ ရေနစ်မြုပ်ပျောက်ဆုံး၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၆ ခု ပျက်စီးဆုံးရှုံးခဲ့ရာ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှ ကျေးရွာများအရောက် အိမ်ထောင်စုဇယားများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အမြန်ပြန်လည် နေ့ချင်းပြီး ဆောင်ရွက်ပေးလျက် ရှိသည်။ အောင်းကျေးရွာသည် မုန်းချောင်းရေလှောင်တမံ စတင်တည်ဆောက်စဉ်က ရေဝပ် ဧရိယာနှင့်မလွတ်၍ ကုန်းမြင့်ဒေသပေါ်တွင် ရွှေ့ပြောင်းနေထိုင်လျက်ရှိရာ မုန်းချောင်း ရေကြီးမြင့်မှုကြောင့် ကျေးရွာနေအိမ်များအတွင်း မုန်းချောင်းရေရှစ်ပေခန့် မြင့်တက်လာခဲ့၍ ရေဘေးကင်းလွတ်ရာသို့ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ မုန်းချောင်းရေ ကျဆင်းသွား၍ ကျေးရွာအတွင်း ပြန်လည် နေထိုင်နိုင်ရေးအတွက် ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာ ကျေးရွာနေ ကျောင်းသားကျောင်းသူများ ပညာဆက်လက် သင်ကြားနိုင်ရေးအတွက် စာသင်ကျောင်း ပြန်လည်ပြုပြင်၍ သန့်ရှင်းရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ စိုက်ပျိုးမြေများနှင့် စိုက်ပျိုးပြီးသီးနှံများ ပျက်စီးဆုံးရှုံး၍ ပြန်လည်စိုက်ပျိုးနိုင်ရန် အရင်းအနှီးနှင့် မျိုးစေ့ရရှိရေး အခက်အခဲတွေ့လျက်ရှိသည်။

မုန်းချောင်း ရေလှောင်တမံ သည် စေတုတ္တရာမြို့၏ အထက်ဘက်တွင် တည်ဆောက်ထားရှိပြီး ထီးချောင်း၊ ဒွေးချောင်း၊ ပန်းအိချောင်း၊ ပင်းချောင်း၊ မုန်းချောင်းနှင့် အောင်းချောင်းတို့မှ စီးဆင်းလာသော ချောင်းရေများ စုစည်းထားသည့် တမံဖြစ်ပြီး ထီးချောင်း၏ အဖျားဘက်ရှိ ငလဲကျေးရွာနှင့် မုန်းချောင်း၏ အဖျားဘက်ရှိ ပွင့်တောက်ကျေးရွာတို့သည် ချောင်းရေများနစ်မြုပ်ပြီး ရွှံ့နွံများဖြင့် နေအိမ်များ ဖုံးလွှမ်းခံခဲ့သည်။ ငလဲနှင့် ပွင့်တောက်ကျေးရွာတို့သည် ကျေးရွာအတွင်း ပြန်လည်နေထိုင်ရန် အခက်အခဲဖြစ်လျက်ရှိရာ ကျေးရွာနှင့် အနီးဝန်းကျင် တောင်ကုန်းများပေါ်တွင် ကျေးရွာရွှေ့ပြောင်းနေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မုန်းချောင်းရေလှောင်တမံ ဝန်းကျင်တွင် ချီးရွာ၊ ကုန်းတလားရွာ၊ အောင်းရွာ၊ အလယ်ပုံရွာ၊ သရက်ကိုင်းရွာ၊ လုံးပေါ်ရွာ၊ ပေါက်ချောင်းရွာ၊ ကြောင်သိုက်ရွာ၊ ပန်းချက်ရွာ၊ ငလဲရွာနှင့် ပွင့်တောက်ရွာများရှိပြီး တောင်ယာ စိုက်ပျိုးရေးလုပ်ငန်းများနှင့် တမံအတွင်း ရေလုပ်ငန်းကို တွဲဖက်လုပ်ကိုင်နေထိုင်ကြသည်။

မုန်းချောင်း ရေကျဆင်းသွားသော်လည်း စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရန် ရွှံ့နွံတင်ကျန် စိုက်ပျိုးမြေများအား ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိပြီး ကျေးရွာချင်းဆက်လမ်းများ ပြန်လည်ပြုပြင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့က ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ရေနစ်ဆုံးရှုံးလယ်ယာမြေများ အမြန်ပြန်လည်စိုက်ပျိုးနိုင်ရန် မျိုးစပါးများ အခမဲ့ဖြန့်ဝေပေးလျက်ရှိပြီး မျိုးကောင်းမျိုးသန့်များအား ပေါင်စနစ်ဖြင့် ပျိုးထောင်ထားရှိပြီး ဒေသခံတောင်သူများထံ အမြန်ဖြန့်ဝေပေးနိုင်ရန် ပျိုးခင်းများဖြင့် ပျိုးထောင်ထားလျက်ရှိသည်။

စေတုတ္တရာမြို့သည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အမြန်ပြန်လည် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများ အဆင်ပြေချောမွေ့လျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆက်လက် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

# ရေဘေးသင့်ဒေသများ ကူးစက်ရောဂါမဖြစ်ပွားရေး ကြိုတင်ကာကွယ်

**ပွင့်ဖြူ စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ရေဘေးသင့်ဒေသများတွင် ဖြစ်ပေါ်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး၊ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေးအတွက် စက်တင်ဘာ ၅ ရက်က စွန့်ပစ်အမှိုက်ကောက်ခြင်း၊ ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ ပရဟိတလုပ်ငန်းများကို မြို့နယ်ကြက်ခြေနီအသင်းမှ ဦးဆောင်ကာ သမ္မာဆန္ဒလူမှုကူညီရေးအသင်း၊ ယောစုကျေးရွာရောင်ခြည်သစ်ပရဟိတ စာကြည့်တိုက်လူငယ်အသင်းများနှင့်အတူ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်နှင့် ကျန်းမာရေးဌာနများမှ ပါဝင်ကူညီခဲ့ကြသည်။

အဆိုပါလုပ်ငန်းများကို နံနက် ၈ နာရီမှ ၁၁ နာရီအထိ စနေနေ့တိုင်း ဆောင်ရွက်သွားမည်ဖြစ်ကာ ၃၅ ဦးရှိသည်ဟု မြို့နယ်ကြက်ခြေနီအသင်း တပ်စုမှူး ဒေါ်မြင့်ကြည်စန်းက ပြောကြားကြောင်း သိရသည်။

**ခင်မောင်ဌေး(ပွင့်ဖြူ)**



## မိုးပိုလာနိုင်

**နေပြည်တော် စက်တင်ဘာ ၆**

**မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

# မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အထူးသတိပြုနေထိုင်သင့်

**နေပြည်တော် စက်တင်ဘာ ၆**

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**စိုးရိမ်ရေမှတ်များအထက် ဆက်လက်မြင့်တက်နိုင်မှု အခြေအနေ**

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ကိုးပေခွဲခန့်၊ ကလေးဝမြို့တွင် ခြောက်ပေခွဲခန့်၊ မင်းကင်းမြို့၌ ငါးပေခန့်နှင့် မုံရွာမြို့၌ တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း မော်လိုက်မြို့၌ ပေဝက်ခန့်နှင့် နောက်နှစ်ရက်အတွင်း ကလေးဝမြို့နှင့် မင်းကင်းမြို့တို့၌ တစ်ပေခွဲ ခန့်စီနှင့် မုံရွာမြို့၌ နှစ်ပေခန့် ဆက်လက် တက်လာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်များနှင့် မုံရွာခရိုင်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရှောင်ရှားကြရန် အကြံပြုအပ်ပါသည်။

**စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်မှုအခြေအနေ**

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၌ ငါးပေခန့်၊ ဖောင်းပြင်မြို့၌ ခြောက်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့တို့၌ တစ်ပေခွဲခန့်စီ ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(မြန်မာ့အလင်း)**

# ရေဝင်ရောက်သည့် ကျေးရွာများသို့ အိမ်တိုင်ရာရောက်သွားရောက်ပြီး ဆန်၊ဆီ၊ ဆားများ ထောက်ပံ့လှူဒါန်း

**ဟုမ္မလင်း စက်တင်ဘာ ၆**

စက်တင်ဘာ ၅ ရက်က ဟုမ္မလင်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကြည်ထွေး၊ ကြေးနန်းနှင့်ဆက်သွယ်ရေးတာဝန်ခံ ဦးဖုန်းမြင့်၊ မွေး/ကု ဦးစီးအရာရှိ ဒေါက်တာ ကျော်သက်လွင်ဦး၊ ပြန်/ဆက် ဝန်ထမ်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဟုမ္မလင်းမြို့နယ်အတွင်းရှိ ရေဝင်ရောက်သည့် ဟင်နောင်ကျေးရွာ၊ နတ်မောက်ခမ်း၊ အနောက်ထိန်ကင်း၊ ပင်ပင်ကျေးရွာ၊ ပုတ်သို့ကျေးရွာ၊ ကောယားအုပ်စု၊ ခေါ်ကြူးဝကျေးရွာတို့တွင် အိမ်တိုင်ရာရောက် သွားရောက်ပြီး စေတနာရှင် အလှူရှင်များ လှူဒါန်းသော ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ရေသန့်ဘူးများကို သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**လင်းလင်း (ပြန်/ဆက်)**

**ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး**

# မော်လိုက်မြို့နယ်ရှိကျေးရွာအချို့တွင် မြစ်ရေကြီးမှုကြောင့် လူနေအိမ်ခုနစ်လုံး မျောပါ ကူညီကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်

**မော်လိုက် စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဩဂုတ်လကုန်ပိုင်းက နေရာကွက်၍ မိုးကြီးခဲ့ရာ ချင်းတွင်းမြစ်ရေမြင့်တက်လာပြီး မော်လိုက်မြို့နယ်အတွင်းရှိ ကျေးရွာအချို့မှ လူနေအိမ်ခုနစ်လုံး ရေစီးဖြင့်မျောပါပြီး ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၅ ရက်က မော်လိုက်မြို့နယ် ညောင်ဝန်းကျေးရွာမှ လူနေအိမ် လေးလုံးသည် မြစ်ရေကြီးမှုကြောင့် ရေတွင်မျောပါပျက်စီးခဲ့သည်။ အလားတူ စက်တင်ဘာ ၆ ရက်တွင်လည်း မော်လိုက်မြို့နယ် တိန်းသာကျေးရွာမှ လူနေအိမ် တစ်လုံး၊ လောင်းကောင်း ကျေးရွာမှ လူနေအိမ်နှစ်လုံးသည်လည်း မြစ်ရေကြီးမှုကြောင့် ရေတွင်မျောပါပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ထို့ပြင် မြစ်ရေကြီးသဖြင့် ပြိုကျပျက်စီးမည့်အန္တရာယ် စိုးရိမ်ရသဖြင့် မော်လိုက်မြို့ မြို့မ (၁) စွယ်တော်ရပ်မှ လူနေအိမ်တစ်လုံး၊ မော်လိုက်မြို့နယ် လောင်းကောင်းကျေးရွာမှ လူနေအိမ်သုံးလုံး၊ လောင်းကောင်းကျေးရွာအုပ်စု ညောင်ဝန်းကျေးရွာမှ လူနေအိမ် တစ်လုံး၊ ကင်းတပ်ကျေးရွာမှ လူနေအိမ် နှစ်လုံးတို့ကိုဖျက်ပြီး ရေဘေးကင်းလွတ်သည့်နေရာသို့ ရွှေ့ပြောင်းခဲ့ရသည်။

မော်လိုက်မြို့နယ်၌ ရေဘေးကူညီကယ်ဆယ်ရေးစခန်း ၄၂ နေရာဖွင့်လှစ်ထားပြီး ရေဘေးသင့်ရပ်ကွက်နှင့် ကျေးရွာများတွင် ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ် ရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကာ ဆန်၊ ခေါက်ဆွဲခြောက်၊ သောက်ရေသန့်များ၊ အဝတ်အထည်များနှင့် အခြားစားသောက်ကုန်ပစ္စည်းများထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် လူတိရစ္ဆာန် အသေအပျောက်မရှိကြောင်း သိရသည်။ **မော်လိုက် (ပြန်/ဆက်)**

ငဝန်မြစ်ရေ အခြေအနေ (ငါးသိုင်းချောင်းမြို့)




# ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေမြင့်တက်လျက်ရှိရာ စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်း တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

# မိုးကြီးနိုင်သည့် တိုင်းဒေသကြီး/ပြည်နယ်များ

**နေပြည်တော် စက်တင်ဘာ ၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ စက်တင်ဘာ ၇ ရက်တွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# ရေဘေးသင့်ပြည်သူများအတွက် မိုးမောက်မြို့မှ ငွေလှူဒါန်း

**မိုးမောက် စက်တင်ဘာ ၆**

ချင်းပြည်နယ် ဟားခါးမြို့ တောင်ပြို/ရေဘေးသင့်ပြည်သူများအတွက် ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်းရှိ ကျေးလက်ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာမိုး လူမှုကူညီရေးအသင်းတို့က စုပေါင်း၍ အလှူငွေ စုစုပေါင်း ငွေကျပ်သိန်း ၄၀ ကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းထံသို့ စက်တင်ဘာ ၃ ရက်က မိုးမောက်မြို့ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# ချင်းတွင်းမြစ်ရေသည် မြစ်ရိုးတစ်လျှောက် မြို့များ၏ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်ခဲ့ရာ မြစ်ကြောင်းတစ်လျှောက်ရှိ စစ်ကိုင်းတိုင်းဒေသကြီးမှ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့် မုံရွာမြို့များတွင် စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်း တိုင်းထွာချက်အရ အဆိုပါမြို့များ၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

ချင်းတွင်းမြစ်ရေ အခြေအနေ (ဟုမ္မလင်းမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ကလေးဝမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ခန္တီးမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မော်လိုက်မြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မင်းကင်းမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (မုံရွာမြို့)




ချင်းတွင်းမြစ်ရေ အခြေအနေ (ဖောင်းပြင်မြို့)




# ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ကသာ စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းဒေသများဖြစ်သော သဖန်းကိုင်းရပ်ကွက် အောင်ချမ်းသာကျေးရွာ၊ ပိန္နဲကုန်း(၈) ရပ်ကွက်၊ ဧရာဝတီမြစ်ကမ်းနံဘေးတွင် နေထိုင်ကြသော ကျေးရွာများသို့ ရေများဝင်ရောက်လျက်ရှိရာ အိမ်ထောင်စုများအား ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေးများ ပြုလုပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကသာမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိုးလေဝသနှင့် ဇလဗေဒ အဖွဲ့ဝင်များအနေဖြင့် ရေဘေးကြိုတင်ကာကွယ်တားဆီးရေး ပညာပေးလက်ကမ်းစာစောင်များကို အိမ်တိုင်ရာရောက် လိုက်လံဖြန့်ဝေပေးလျက်ရှိသည်။

ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်တွင် ရေလွှမ်းမိုးခြင်းအမျိုးမျိုး၊ မြစ်ရေကြီးရခြင်းအကြောင်းအရင်းများ၊ ရေကြီးမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများ၊ ဆိုးကျိုးဖြစ်ပေါ်စေမည့် အကြောင်းအရင်းများ၊ ရေမကြီးမီ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရေကြီးပြီးဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရေကြီးခြင်း သတိပေးချက်ရှိပါက ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ လိုက်နာရမည့် လုပ်ငန်းစဉ်များကို အဆိုပါ လက်ကမ်းစာစောင်တွင် ဖော်ပြရေးသားထားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# မြစ်ရေကြီးမှုကြောင့် ချောင်းကူးတံတားအချို့ ပျက်စီးခဲ့ရ

**ဟုမ္မလင်း စက်တင်ဘာ ၆**

စက်တင်ဘာ ၄ ရက် နံနက် ၇ နာရီက နတ်နန်းကျေးရွာအနီး ခန္တီး-ဖောင်းပြင် ဆက်သွယ်ထားသည့် မဟာဗျူဟာလမ်းမကြီး မိုင်တိုင်အမှတ် ၁၆၃ နှင့် ၁၆၄ အကြား နံဂရွန်းချောင်းကူးတံတား ပေ ၂၀၀ ခန့်သည် ချောင်းရေကြီးမှုကြောင့် ပေ ၁၇၀ ခန့်မှာ ပျက်စီးခဲ့ကြောင်း သိရသည်။ ဟုမ္မလင်းမြို့နယ် အော်သော်ကျေးရွာအုပ်စုအတွင်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ နန်ထိန်ကွန်းချောင်းကူးကြိုးတံတား ပေ ၁၈၀×၅×၂၀ ဆိုင်ကယ်ကူးတံတားသည် ချောင်းရေကြီးမှုကြောင့် ပျက်စီးသွားခဲ့သည်။ ထို့အတူ အော်သော်ရွာအဝင် သူဌေးချောင်းကူးတံတား ပေ ၃၀×၉×၁၀ တံတားသည် ချောင်းရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။ အဆိုပါ ပျက်စီးသွားသည့် တံတားများ၏ နေရာတွင် ယာယီအစားထိုးသွားလာနိုင်ရေးအတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူ၊ တိရစ္ဆာန် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# ဖောင်းပြင်မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာများ မြစ်ရေဝင်ရောက်

**မော်လိုက် စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဩဂုတ်လကုန်ပိုင်းက မိုးသည်းထန်စွာရွာသွန်းသဖြင့် ချင်းတွင်းမြစ်ရေမြင့်တက်လာကာ စက်တင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီတိုင်းထွာချက်အရ ဖောင်းပြင်မြို့၏ စိုးရိမ်ရေမှတ် ၁၃၂၅ စင်တီမီတာအထက်ကျော်လွန်ပြီး ၁၅၁၉ စင်တီမီတာကို ရောက်ရှိခဲ့ရာ ဖောင်းပြင်မြို့ပေါ်ရှိ ကျွန်းရွှေဝါရပ်ကွက်နှင့် အင်ကြင်းမြိုင်ရပ်ကွက်တို့တွင် ရေများဝင်ရောက်ခဲ့သည်။ အဆိုပါ ရေဝင်ရောက်သည့် ရပ်ကွက်နှစ်ရပ်ကွက်မှ အိမ်ထောင်စု ၉၂ စုနှင့် လူဦးရေ ၄၀၉ ဦး ရေဘေးသင့်ခဲ့ပြီး ဖောင်းပြင်မြို့နယ်အတွင်းရှိ တံငါကျေးရွာ၊ ကယားကျေးရွာ၊ မင်းယားကျေးရွာများသို့လည်း မြစ်ရေဝင်ရောက်မှုရှိခဲ့ကြောင်း သိရသည်။

ဖောင်းပြင်မြို့ပေါ်ရှိ ရေဘေးသင့် အိမ်ထောင်စုများအား တောင်ဖီလာဘုန်းတော်ကြီးကျောင်းတွင် ရေဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ကာ ဒေသခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ ကူညီရွှေ့ပြောင်းကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# တမူးခရိုင်အတွင်း ရေဘေးသင့်ကျေးရွာများတွင် မြေနေရာသစ်နှင့် အိမ်ရာများတည်ဆောက်ပေးမည်

**နေပြည်တော်  စက်တင်ဘာ ၆**

တမူးဒေသတွင် ရေကြီးရေလျှံမှုကြောင့် ရေနစ်မြုပ်သွားသော ကျေးရွာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့် ကျေးရွာသစ်၊ မြေနေရာသစ်များ ဖော်ထုတ်ရေးလုပ်ငန်းများ၊ အိမ်ရာရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ယူလျက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ တမူးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့ဖြင့်ပူးပေါင်းလျက် လုပ်ငန်းများစတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

အဆိုပါ ရေနစ်မြုပ်ကျေးရွာများအတွက် ရွာသစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းတွင် အလှော်ကျေးရွာအတွက် ၅၂ ဒသမ ၈၆ ဧက၊ ပွတ်သာကျေးရွာအတွက် ၆၀ ဒသမ ၆၆ ဧက၊ ထင်းဇင်ကျေးရွာအတွက် နှစ်ဧက၊ ကမ္ဘကြီးကျေးရွာအတွက် ၁၅ ဧက၊ မင်းသမီးကျေးရွာအတွက် ၁၂၃ ဒသမ ၀၃ ဧက၊ ကနန်ကျေးရွာအတွက် ၁၃ ဒသမ ၀၃ ဧကနှင့် တမူးမြို့ပေါ်ရပ်ကွက်များဖြစ်ကြသော မြို့မရပ်ကွက်နှင့် စန္ဒကူးရပ်ကွက်တွင် ၁ ဒသမ ၆၅ ဧက၊ ခမ်းပတ်မြို့ ရပ်ကွက်(၁)နှင့် (၂)အတွက် ၅ ဒသမ ၅ ဧက၊ စုစုပေါင်း ၂၇၃ ဒသမ ၈၃ ဧကကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စက်ယန္တရားအင်အား၊ လူအင်အားများဖြင့် မြေနေရာဖော်ထုတ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။



တမူးဒေသအတွင်း အိမ်ရာသစ်များ ပြန်လည်တည်ဆောက်ရန် လိုအပ်သည့် ကျေးရွာများဖြစ်သော အလှော်ကျေးရွာ၌ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ ဆေးပေးခန်းတစ်ခုနှင့် အိမ်ခြေ ၁၀ လုံး၊ ပွတ်သာကျေးရွာ၌ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ ဆေးပေးခန်းတစ်ခုနှင့် အိမ်ခြေ ငါးလုံး၊ ထင်းဇင်ကျေးရွာ၌ အိမ်ခြေ ၁၂ လုံး ၊ ကမ္ဘကြီးကျေးရွာ၌ အိမ်ခြေ ၂၂ လုံး၊ ကျွန်းတောရေရှင်ကျေးရွာ၌တစ်လုံး၊ မင်းသမီးကျေးရွာ၌ အိမ်ခြေ ၁၈၀ ၊ ကနန်ကျေးရွာ၌ အိမ်ခြေ ၁၀၁ လုံး၊ တမူးမြို့ မြို့မရပ်ကွက်၌ ၁၆ လုံး၊ စန္ဒကူးရပ်ကွက်၌ ရှစ်လုံး၊ ခမ်းပတ်မြို့ အမှတ်(၁)ရပ်ကွက်၌ ၂၆ လုံး၊ အမှတ် (၂)ရပ်ကွက်၌ လေးလုံး၊ စုစုပေါင်းအိမ်ခြေ ၃၈၅ လုံး၊ ဘုန်းကြီးကျောင်းနှစ်ကျောင်းနှင့် ဆေးပေးခန်းနှစ်ခုတို့ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများပူးပေါင်းပြီး ကြမ်းခင်း ဧရိယာ စတုရန်းပေ ၆၄၀ ရှိသော အိမ်ရာသစ်များကို အသစ်ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ပြီး လမ်း/တံတား၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးကိစ္စများကို တစ်ပါတည်းပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ အလှူငွေများလှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံ၊ အဖွဲ့အစည်းများက အလှူငွေနှင့်ပစ္စည်းများလှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၅ ရက်က ပြင်သစ်နိုင်ငံမှ မြန်မာနိုင်ငံရေဘေးသင့်ဒေသများမှ ပြည်သူများ အထူးသဖြင့် ကလေးသူငယ်များ အစားအစာဖူလုံရေးနှင့် အာဟာရပြည့်ဝစေရေးအတွက် အထောက်အပံ့ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယူရို ၄၀၀၀၀၀ ထောက်ပံ့ပေးရန် ပြင်သစ်နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရေနစ်မြုပ်သည့်စိုက်ဧရိယာများအတွက် အရန်ပျိုး၊ နှံပျိုးများ တိုက်ရိုက်မျိုးစေ့ချ ပြန်လည်စိုက်ပျိုး

**မိုးညို  စက်တင်ဘာ ၆**

မိုးညိုမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော ကျေးရွာအုပ်စု ခြောက်အုပ်စုမှ ပျက်စီးဧရိယာ ၁၇၇၅၆ ဧက၌ တိုက်ရိုက်မျိုးစေ့ချစနစ်၊ အရန်ပျိုး၊ နှံပျိုးများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ဘုရားငူကျေးရွာအုပ်စု မိုးသစ္စာရွာရှိ တောင်သူများပိုင်ဆိုင်သော မိုးစပါးစိုက်ခင်း ၃၃ ဧကအား သက်ငယ် ရက် ၉၀ စပါးမျိုးများကိုအသုံးပြုပြီး တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးခြင်း၊ နှံပျိုး၊ အရန်ပျိုးများဖြင့် စိုက်ပျိုးခြင်းလုပ်ငန်းများကို စက်တင်ဘာ ၄ ရက်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုသက်(ဓီးကုန်း)**

## မုတ်သုံလေ အားအသင့်အတင့်ရှိ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ **(မိုး/ဇလ)**

### လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
### ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ်  စက်တင်ဘာ  ၆

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | |
|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၃၃၈၉ | ၃၀၅၄၉ | ၁၂၇၉၁ | ၇၀၃၀ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၇၄၀ | ၅၇၄၀ | ၃၂၂၀ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၈၁၃၀ | ၁၈၆၄၂၅ | ၁၂၁၄၀၉ | ၆၁၄၅၆ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၁၅၂၈၄၇ | ၈၅၅၅၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၅၁၄၄ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၅၆၄၈၆ | ၁၀၉၂၄ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၄၉၁ | ၁၃၃၇၃ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၅၆၁၂ | ၂၆၁၅၄၇ | ၂၀၉၉၇၁ | ၁၇၈၃၅ |
| | စုစုပေါင်း | ၁၄၇၆၁၄၁ | ၁၃၈၇၃၉၃ | ၈၄၂၆၈၄ | ၄၁၄၆၃၉ |

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော်  စက်တင်ဘာ ၆

**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး (၃၁) ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၄. ၄၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၅. ၂၀' |
| ၃။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၀၀' |
| ၄။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၄၀' |
| ၅။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၆၅' |
| ၆။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၂၅' |
| ၇။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၀. ၂၀' |
| ၈။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၉၀' |
| ၉။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၀။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၇၀' |
| ၁၁။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၂၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁၂။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၈၀' |
| ၁၃။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၃၀' |
| ၁၄။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၁၅။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၁၆။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၇။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၂. ၄၆' |
| ၁၈။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၈၀' |
| ၁၉။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၀။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၂၁။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၅၀' |
| ၂၂။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၀၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၂၃။ | မာလဲနတ်တောင် ရေလှောင်တမံ | ၅၀၉၇၀ | ၀. ၁၀' |
| ၂၄။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၂၀' |
| ၂၅။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၆၀' |
| ၂၆။ | ရဟိုင်းကွင်းရေလှောင်တမံ | ၆၂၅ | ၀. ၁၀' |
| ၂၇။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၇၀' |
| ၂၈။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၇၅' |
| ၂၉။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၇၅' |
| ၃၀။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၄၀' |
| ၃၁။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၇၀' |

**(သတင်းစဉ်)**

# မိုးနှောင်းကာလအတွင်း ဖြစ်ပေါ်နိုင်သည့် မိုးလေဝသနှင့် ရေကြီးနိုင်မှုအခြေအနေ၊ ကြိုတင်ခန့်မှန်းချက်များနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၆**

ကမ္ဘာနှင့်အဝန်းတွင် ရာသီဥတုအစွန်းရောက် ပြောင်းလဲမှုများ ဖြစ်ပေါ်မှုကြောင့် မြန်မာနိုင်ငံတွင်လည်း ဒေသအနှံ့အပြား၌ မိုးရေချိန်စံချိန်သစ်များဖြင့် ထူးကဲမိုးရွာသွန်းခြင်းများ ကြုံတွေ့ခဲ့ရသည်။ ဇူလိုင်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလှောင်တမံများတွင် အချိန်တိုအတွင်း ရေသိုလှောင်နိုင်မှု ပမာဏထက် ကျော်လွန်ပြီး ရေပိုလွှဲများမှ သာမန်ထက်ပို၍ ရေကျော်ကျမှုများ ဖြစ်ပေါ်ခဲ့သည်။

ယခုအခါ အီကွေတာပစိဖိတ်သမုဒ္ဒရာဒေသတွင် "အယ်နီညို" ဖြစ်စဉ် အားကောင်းစွာဖြစ်ပေါ်နေကြောင်း ကမ္ဘာ့ရာသီဥတုခန့်မှန်းရေးဗဟိုဌာနများမှ ထုတ်ပြန်ထားသည်။ "အယ်နီညို" ဆိုသည်မှာ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် ရေအောက်အပူချိန်သည် ပုံမှန်ထက် ပိုမိုပူနွေးသည့် အခြေအနေကို ဖော်ညွှန်းကြောင်း၊ စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် အယ်နီညိုဖြစ်စဉ် ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားသည်။

အယ်နီညိုဖြစ်စဉ်သည် မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေများအပေါ် သက်ရောက်မှုရှိသည့်အတွက် ယခုလအတွင်း မြန်မာနိုင်ငံ၏ မိုးရွာသွန်းမှုအခြေအနေကိုခန့်မှန်းရာ ယခင်အယ်နီညိုဖြစ်ခဲ့သော ၁၉၉၁ ခုနှစ်၊ ၁၉၉၇ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်တို့၏ အလားတူကာလများတွင် ဖြစ်ပေါ်ခဲ့သည့် မိုးရွာသွန်းမှုအခြေအနေများနှင့် နှိုင်းယှဉ်တွက်ချက်ရာ မြန်မာနိုင်ငံ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် စက်တင်ဘာလ၏ ရွာသွန်းမြဲမိုးရေချိန်ထက် ပိုမို၍လည်းကောင်း၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲခန့်လည်းကောင်း၊ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက် မိုးရွာသွန်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ခန့်မှန်းထားသည်။

အယ်နီညိုဖြစ်စဉ်ကြောင့် ဒေသတစ်ခုတွင် လတစ်လ၏ မိုးရွာသွန်းမှုမှာ တစ်လလုံးအနေဖြင့် ကြည့်ပါက နည်းနိုင်သော်လည်း အချိန်တိုအတွင်း မိုးသည်းထန်စွာ ရွာသွန်းတတ်သည့်ရက်များရှိနိုင်သည့်အတွက် မြစ်ချောင်းများ ရုတ်တရက် မြစ်ရေမြင့်တက်နိုင်ပြီး မြစ်ရေကြီးမှုများ ဖြစ်ပေါ်နိုင်ကြောင်း သုံးသပ်တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်း မြစ်ကြီးများနှင့် မြစ်ငယ်၊ ချောင်းငယ်များတွင် မိုးနှောင်းကာလဖြစ်သည့် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ဒုတိယအကြိမ် ရေကြီးနိုင်ကြောင်း ခန့်မှန်းထားသည်။

ထိုကဲ့သို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ကြိုတင်ခန့်မှန်းချက်များအရ ဇူလိုင်နှင့် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော ပုံမှန်မဟုတ်သည့် ရေကြီးမှုဖြစ်စဉ်များ၏ အတွေ့အကြုံများအပေါ် အခြေခံကာ ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံနှင့် ရေဘေးကာကွယ်ရေးတာများတွင် အောက်ပါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို အချိန်ကိုက် အလေးထားစီမံဆောင်ရွက်လျက်ရှိသည်။

(၁) ရေလှောင်တမံများတွင် လက်ရှိသိုလှောင်ထားသော ရေလှောင်ပမာဏနှင့် နေ့စဉ်စီးဝင်ရေပမာဏ၊ ကန်ရေပြည့် သိုလှောင်နိုင်သော ပမာဏတို့အား ချိန်ဆတွက်ချက်ပြီး ရေလှောင်တမံဝန်းကျင်တွင် နေထိုင်သော ပြည်သူများ မထိခိုက်စေဘဲ ရေကြိုတင်လျှော့ချထားနိုင်ရေး စီမံဆောင်ရွက်ခြင်း။

(၂) ရေလှောင်တမံများတွင် သဲ၊ ကျောက်စရစ်၊ ကျောက်ကြီး စသည့် အရေးပေါ်လုပ်ငန်းသုံးပစ္စည်းများ အလုံအလောက် အရန်သင့်ကြိုတင်စုဆောင်းထားခြင်း။

(၃) အရေးပေါ်လိုအပ်လျှင် ဆောင်ရွက်နိုင်ရန်အတွက် စက်ယန္တရား/ယာဉ်နှင့် လုပ်သားအင်အားများ အရန်သင့်စုဖွဲ့ထားခြင်း။

(၄) ရေလှောင်တမံ၏ကြံ့ခိုင်မှုအတွက်(၂၄)နာရီအချိန်ပြည့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် လိုအပ်သော နေရာများတွင် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်း။

(၅) ရေဘေးကာကွယ်ရေးတာများတွင်လည်း(၂၄)နာရီ ရေကင်းချထား၍ စောင့်ကြည့်ခြင်းနှင့် အရေးပေါ်ရေဘေးကာကွယ်ရေးပစ္စည်းများ အလုံအလောက် ကြိုတင်စုဆောင်းထားခြင်း။

(၆) ဇူလိုင်နှင့် ဩဂုတ်လအတွင်း မြစ်ရေအမြင့်ဆုံးမြင့်တက်မှုဖြစ်ပေါ်ခဲ့သည့်ကာလတွင် ယာယီကာကွယ်မှုပြုလုပ်ခဲ့ရသည့် ရေပေါက်များကို စက်ယန္တရားအင်အား၊ လူအင်အားများဖြင့် ပြန်လည်ပြုပြင်မြေဖို့ကြိတ်ခြင်း၊ တာ၏ရှေ့ဘက်နှင့် နောက်ဘက်ရှိ ယာယီဆောင်ရွက်ခဲ့ရသော ကတုတ်တန်းများ၊ လှိုင်းကာတန်းများအား တောင့်တင်းခိုင်မာအောင် ပြန်လည်ပြုပြင်ခြင်း၊ တာထိပ်နိမ့်သော အပိုင်းများတွင် သဲအိတ်များဆင့်၍ မြှင့်တင်ခြင်း။

(၇) မြစ်ကမ်းပြိုမှုမှ ကာကွယ်နိုင်ရန်အတွက် ရေလွှဲတန်းများ၊ ရေပေါ်ရေကာ တန်းများ ဆောင်ရွက်ခြင်း။

(၈) ဌာန၏ ရေဘေးကြိုတင်ကာကွယ်ရေးစီမံချက်ပါ လုပ်ငန်းစဉ်များအတိုင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းပြီး စီမံဆောင်ရွက်ခြင်း။

(၉) မိုးလေဝသအခြေအနေနှင့် သတင်းအချက်အလက်များ ထပ်ဆင့်ဖြန့်ဝေခြင်းနှင့် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အသိပေးခြင်း။

သို့ဖြစ်၍ ၂၀၁၅ ခုနှစ် မိုးနှောင်းကာလတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှု ဖြစ်ပေါ်လာပါက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ထိခိုက်ပျက်စီးမှုမှ လုံခြုံစိတ်ချစွာ ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းစဉ်များကို စီမံချက်များနှင့်အညီ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် တိုင်းဒေသကြီး ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ထိခိုက်နစ်နာမှုလျှော့ပါး သက်သာရေးအတွက် ပြည်သူများသိရှိလိုက်နာဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးမှုနှင့် လုပ်ငန်းစဉ်များအား နှိုးဆော်အသိပေးသွားမည်ဖြစ်ကြောင်း ကြိုတင်ထုတ်ပြန်ထားရှိသည်။ **(သတင်းစဉ်)**

## မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၆**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စက်တင်ဘာ ၇ ရက် ထုတ်ပြန်ချက်အရ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ရေကြီးမှုကြောင့် ပျက်စီးသွားသော တံတားချဉ်းကပ်လမ်း ပြုပြင်ဆောင်ရွက်ပြီးစီး

**ဖောင်းပြင် စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့ရှိ အောင်ဆန်း(၁) လမ်းပေါ်မှ တံတားချဉ်းကပ်လမ်းသည် စက်တင်ဘာ ၃ ရက် နံနက် ၇ နာရီခန့်က မြစ်ရေဝင်ရောက်မှုကြောင့် ချဉ်းကပ်လမ်းသည် တံတား၏ လမ်းမျက်နှာပြင်အောက် ကိုးလက်မခန့်၊ အကျယ်တစ်ပေခန့် နိမ့်ကျ၍ Head Wall ၏ တစ်ဖက်၌ နှစ်ပေခန့် အက်ကွဲကြောင်းငယ်တစ်ခု ဖြစ်ပေါ်ခဲ့သည်။ သို့ပါ၍ တာဝန်ရှိသူများက ယာယီကုန်းပေါင်သစ်သားတံတားပြုလုပ်၍ အများပြည်သူသွားလာရေး အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဖောင်းပြင် ပြန်/ဆက်)**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လမှ စက်တင်ဘာလအထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၆ - ၉ -၂၀၁၅)

**နေပြည်တော် စက်တင်ဘာ ၆**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ စက်တင်ဘာ ၆ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၂၈၃၉၀ စုမှ လူဦးရေ ၁၆၃၉၃၀၀ ရေဘေးသင့်ခဲ့ပြီး ၁၂၉ ဦး သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုး ငွေကျပ် ၉၁၀၁၉၀၀၀၊ အရေးပေါ်အစားအစာတန်ဖိုးငွေကျပ် ၁၆၇၂၉၂၃၀၊ အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၁၂၉၃၉၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၃၇၂၅၀၇၅၆ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၁၁၀၀၀၀၀၀၊ ပြန်လည်ထူထောင်ရေးအတွက် တန်ဖိုးငွေကျပ် ၂၉၃၃၁၅၂၇၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၇၈၇၀၄၂၅၆ ကို ပေးပို့ထောက်ပံ့ခဲ့သည်။ **(သတင်းစဉ်)**

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ်အစားအစာ | အိမ်ဆောက်ပစ္စည်း | ကဆရပစ္စည်း | သေဆုံး | ပြန်လည်ထူထောင် ရေးအတွက် | စုစုပေါင်း |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | - | ၆၀၂၄၀၄၅၄ |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | - | ၆၂၉၈၈၀ |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | - | ၉၅၆၉၄၀ |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | - | ၁၉၃၇၃၈၄ |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | - | ၂၈၁၀၅၂ |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **-** | **၆၄၀၄၅၇၁၀** |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ စက်တင်ဘာလ ၆ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၀၂၃ | ၈၇၀၈၀ | ၄၁၈၉၇၆ | ၂၄ | ၃၅၄၂၄၄၀၀ | ၁၄၈၅၀၀၀ | ၁၉၇၅၀၀၀၀ | ၆၀၅၂၅၈၀၀ | ၂၀၀၀၀၀၀ | - | ၁၁၉၂၈၅၂၀၀ |
| ၂ | ကချင်ပြည်နယ် | ၆၉ | ၁၄၈၅ | ၇၄၅၄ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၄၀၃၅၉၀၆ | ၁၀၀၀၀၀ | ၄၂၈၃၄၇၅၀ | ၆၂၄၂၀၉၅၆ |
| ၃ | ရှမ်းပြည်နယ် | ၁၂၈ | ၁၀၃၂ | ၅၃၂၉ | ၉ | ၁၆၉၉၂၀၀ | - | ၄၈၅၀၀၀၀ | ၅၀၉၉၇၂၂ | ၉၀၀၀၀၀ | - | ၁၂၅၄၈၉၂၂ |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၂၅၅ | ၄၆၉၃ | ၁၈၉၇၇ | ၁၂ | ၉၄၁၆၅၀၀ | - | ၉၂၅၀၀၀၀ | ၃၃၅၃၃၇၃၀ | ၁၁၀၀၀၀၀ | - | ၅၃၃၂၀၂၃၀ |
| ၅ | ချင်းပြည်နယ် | ၂၉၂၅ | ၄၂၇၁ | ၂၁၆၀၈ | ၁၂ | - | - | ၅၂၃၄၀၀၀၀ | ၄၁၇၉၉၆၈ | ၅၀၀၀၀၀ | - | ၅၇၀၁၉၉၆၈ |
| ၆ | ရခိုင်ပြည်နယ် | ၁၃၇၄၁ | ၁၆၃၃၆ | ၉၆၁၆၅ | ၅၆ | - | - | - | ၇၂၃၀၁၃၇၀ | ၅၆၀၀၀၀၀ | ၁၅၀၄၈၀၅၂၀ | ၂၂၈၃၈၁၈၉၀ |
| ၇ | ကရင်ပြည်နယ် | ၁ | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | - | ၁၃၈၁၇၈၅၀ |
| ၈ | မွန်ပြည်နယ် | ၄၅ | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | - | ၆၅၀၇၅၇၀ |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၂၆၉ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၅ | - | - | - | ၃၀၄၁၂၃၂၀ | - | - | ၃၀၄၁၂၃၂၀ |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၁၄ | ၆၄၁၁၀ | ၃၀၅၄၀၀ | ၂ | ၅၇၆၀၀၀၀ | - | - | ၅၇၃၅၂၆၅၀ | - | ၁၀၀၀၀၀၀၀၀ | ၁၆၃၁၁၂၆၅၀ |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၅၁ | ၁၁၉၂၁၉ | ၄၉၆၁၁၆ | - | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | - | ၅၇၂၆၁၆၂၀ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | - | ၁၅၅၂၃ | ၆၃၀၈၂ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | - | ၁၀၅၆၉၃၉၀ |
| | **ပေါင်း** | **၂၁၂၂၁** | **၄၀၄၆၁၈** | **၁၆၂၄၃၈၉** | **၁၂၂** | **၈၇၄၇၁၆၅၀** | **၁၂၉၃၆၄၅၀** | **၈၉၀၉၀၀၀၀** | **၃၂၁၅၄၅၁၇၆** | **၁၀၃၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၁၄၆၅၈၅၄၆** |
| | **ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ စုစုပေါင်း** | **၂၁၆၂၆** | **၄၀၆၇၆၄** | **၁၆၃၉၃၀၀** | **၁၂၉** | **၉၁၀၁၉၀၀၀** | **၁၆၇၂၉၂၃၀** | **၁၂၉၃၉၀၀၀၀** | **၃၃၇၂၅၀၇၅၆** | **၁၁၀၀၀၀၀၀** | **၂၉၃၃၁၅၂၇၀** | **၈၇၈၇၀၄၂၅၆** |

# အသည်းကြားကမဲတစ်ပြား ပယ်မဲမဖြစ်သွားစေရေးအတွက်

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပတော့မည်ဖြစ်ရာ ရက်ပေါင်း (၆၂) ရက်သာလိုပါတော့သည်။ မဲဆန္ဒပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးရန် အရေးကြီးသကဲ့သို့ မိမိပေးလိုက်သော မဲများသည်လည်း ပယ်မဲမဖြစ်စေရန် ပို၍ပင်အရေးကြီးပါသည်။

သို့ဖြစ်ခြင်းကြောင့် ခိုင်လုံမဲ၊ ပယ်မဲများနှင့် ပတ်သက်၍ အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် အလို့ငှာ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၆ နှင့် ၁၁ တို့တွင် ဖော်ပြခဲ့သော "ပယ်မဲမဖြစ်ရေး" ဆောင်းပါးမှ သိမှတ်ဖွယ်ရာများကို ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်။

လာမည့် စက်တင်ဘာလ ၁၄ ရက်နေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲဆန္ဒရှင်စာရင်းကို ထုတ်ပြန်ကြေညာမည်ဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိတို့အမည် ပါ/မပါ ကြည့်ရှုပြီး အကယ်၍ မိမိအမည်မပါရှိပါက ပုံစံ(၃)ဖြင့် လျှောက်ထားရန်ဖြစ်ပါသည်။ မိမိအမည်ပါသော်လည်း ကိုယ်ရေးအချက်အလက်များမှားယွင်းနေပါက ပြင်ဆင်ပေးရန်အတွက် ပုံစံ(၄-ဂ) နှင့် လျှောက်ထားရန်လိုပါသည်။ ထိုသို့ လျှောက်ထားရာတွင် မဲစာရင်းများကို စတင်ကြေညာသည့်နေ့မှစ၍ ၁၄ ရက်အတွင်း၌သာ လျှောက်ထားခွင့်ရှိပြီး နောက်ဆုံးအကြိမ် ကြေညာပေးခြင်းဖြစ်သောကြောင့် မဲစာရင်းများကို မဖြစ်မနေ သွားရောက်ကြည့်ရှုကြရမည်ဖြစ်ပါသည်။

မဲစာရင်းတွင် အမည်ပါရှိ၍ မဲပေးမည့်မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးရာတွင် မိမိနှိပ်လိုက်သော တံဆိပ်သည် အကြောင်းအမျိုးမျိုးကြောင့် မိမိဆန္ဒပြုလိုသောကိုယ်စားလှယ်လောင်း၏အကွက်အတွင်းသို့ တစ်ခုလုံးမကျရောက်ဘဲ နမူနာ(၃)တွင်ပြထားသည့်အတိုင်း အကွက်၏ဘေးသို့ဖြစ်စေ၊ နမူနာ(၄)ကဲ့သို့ အကွက်၏ အောက်ဘက်သို့ဖြစ်စေ၊ နမူနာ(၅)ကဲ့သို့ အမှန်ခြစ်ဇောက်ထိုးဖြစ်သွားလျှင်ဖြစ်စေ၊ နမူနာ(၆)ကဲ့သို့ ကိုယ်စားလှယ်လောင်း၏အမည်၌ဖြစ်စေ ကျရောက်သွားပါကလည်း ယင်းတို့သည် ပယ်မဲမဖြစ်ဘဲ ခိုင်လုံမဲအဖြစ် အကျုံးဝင်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**



နမူနာ-၃



နမူနာ-၄



နမူနာ-၅



နမူနာ-၆

*စာမျက်နှာ ၆ မှ*

- ဒေသခံပြည်သူတွေရဲ့ ရင်တွင်းစကားတွေ၊ ဆန္ဒတွေ၊ အကြံပြုချက်/တိုင်တန်းချက်တွေကို တင်ပြခွင့်ရပြီး ပွင့်လင်းမြင်သာစွာ ဖြည့်ဆည်းပေးနိုင်ဖို့ Complain Centre များ အမြန်ဖွင့်လှစ်သင့်ကြောင်း။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီ စနစ်နှင့် ကျင့်စဉ်များ အမြစ်တွယ်ရှင်သန်လာရေး၊ ဒီမိုကရေစီနည်းလမ်းကျ အုပ်ချုပ်ရေးစနစ်နှင့် ပြည်သူ့ရေးရာဝန်ဆောင်မှုများ ပေါ်ပေါက်လာရေးကို အကောင်အထည်ဖော်လုပ်ဆောင်ရန်အတွက် လိုအပ်မည့် အသွင်ကူးပြောင်းရေးနှင့် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အဆင့်ဆင့်လုပ်ဆောင်ရာတွင် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop- OSS) များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူများက ကိုယ်စီတာဝန်ကျေပွန်ခြင်း၊ ပူးပေါင်းပါဝင်ခြင်းဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ လျှောက်လှမ်းနိုင်မည်ဟု အလေးအနက် ယုံကြည်မိပါကြောင်း တင်ပြလိုက်ရပါသည်။

## သီပေါမြို့နယ် ဘော်ကြိုဒေသ၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး

**သီပေါ စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဘော်ကြိုဒေသ၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ဘော်ကြိုဘုရားရင်ပြင်တော်ပေါ်၌ ကျင်းပရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့်အဖွဲ့ဝင်များ၊ ဘော်ကြိုကျေးရွာအုပ်စု ကျင်သီကျေးရွာ အုပ်စု၊ လော်ကျေးရွာအုပ်စု၊ နမ့်အွန်ကျေးရွာအုပ်စုတို့မှ ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ၊ အတွင်းရေးမှူးများ၊ ကျေးရွာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က အမှာစကားပြောကြားပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်သည့် ဦးစိုင်းတင်ရွှေ၊ ဦးစိုင်းထွန်းတို့က ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ၊ တရားမဲ့ပြုကျင့်မှုများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များ၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းတာဝန်ကောက်နုတ်ချက်များ၊ ရပ်ကွက်/ ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ သိမှတ်ဖွယ်ရာများကိုလည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး ဒုဦးစီးမှူး ဦးမင်းလွင်က ဆန္ဒမဲတစ်ပြား၏ တန်ဖိုးကြီးပုံနှင့် မဲစာရင်းတွင် မိမိတို့အမည်စာရင်းပါဝင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရပ်ကွက်/ ကျေးရွာ အုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြောင်းသိရသည်။

**စိုင်း(သီပေါ)**

## ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲ ရွှေဘိုတက္ကသိုလ်၌ကျင်းပ

**ရွှေဘို စက်တင်ဘာ ၆**

ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ရွှေဘိုတက္ကသိုလ် ရတနာသိင်္ခ ခန်းမဆောင်၌ကျင်းပရာ ရွှေဘိုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရွှေဘိုခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြအေးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပါမောက္ခချုပ်နှင့်ခရိုင် ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးအောင်မင်းဦးက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ဆောင်ရွက်မှုအခြေအနေများ၊ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ပြည်သူများအတွက် သိရှိဖွယ်ရာများကို Power Point အသုံးပြု ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မရှင်းလင်းသည်များကိုမေးမြန်းရာ ခရိုင်ရွေးကောက်ပွဲအရာရှိက ပြန်လည်ရှင်းလင်းသည်။

ဆက်လက်၍ ရွှေဘိုတက္ကသိုလ်စာကြည့်တိုက်အတွက်လွှတ်တော်သုံးရပ်ဆိုင်ရာ ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေစာအုပ် ငါးစုံကို ခရိုင်ဥက္ကဋ္ဌက လှူဒါန်းရာ ပါမောက္ခချုပ်က လက်ခံယူခဲ့ကြောင်း သိရသည်။

**(၀၅၀)**

## ထိုင်းနိုင်ငံရောက်မဲဆန္ဒရှင် မြန်မာနိုင်ငံသားများအား အသိပေးကြေညာ

**ဗန်ကောက် စက်တင်ဘာ ၆**

ထိုင်းနိုင်ငံရောက် မဲဆန္ဒရှင် မြန်မာနိုင်ငံသားများအား ကြိုတင်ဆန္ဒမဲပေးနိုင်ကြရန်အတွက် မြို့တော်ဗန်ကောက်ရှိ မြန်မာသံရုံးက အသိပေး ကြေညာထားကြောင်း မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေး ကော်မတီအဖွဲ့ဝင်ဖြစ်သော ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Associationin Thailand) မှဆက်သွယ်ပြောပြချက်အရ သိရသည်။

အဆိုပါမြို့တော်ဗန်ကောက်ရှိ မြန်မာသံရုံးက အသိပေးကြေညာထားချက်အရ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇူလိုင် ၈ ရက်ကထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား မဲဆန္ဒရှင်များအနေဖြင့် မိမိတို့သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/ မြို့နယ်မဲဆန္ဒနယ်မြေအတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် ဗန်ကောက်မြို့ အမှတ် ၁၃၂ ဆာထွန်လမ်းရှိ မြန်မာသံရုံး၌ ကြိုတင်ဆန္ဒမဲပေးမည့်ရက်ဖြစ်သော အောက်တိုဘာ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ကြိုတင်ဆန္ဒမဲလာရောက်ပေးနိုင်ကြကြောင်းနှင့် ချောင်းနွန်စီဘူတာ (သို့မဟုတ်) ဆူရာဆတ်ဘူတာဆင်းရန် အသိပေးထားကြောင်း မြို့တော်ဗန်ကောက်ရှိ မြန်မာသံရုံးမှ စက်တင်ဘာ ၁ ရက်က ထုတ်ပြန်ထားချက်အား မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီအဖွဲ့ဝင်ထံမှသိရသည်။ **စိုးဝင်း**(SP)

# မြန်မာနိုင်ငံသား ၁၀၅ ဦး အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

အင်ဒိုနီးရှားနိုင်ငံ အန်ဘုံကျွန်းတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၁၀၅ ဦးသည် စက်တင်ဘာ ၆ ရက် နံနက် ၂ နာရီ ၃၅ မိနစ်တွင် Lion လေကြောင်းလိုင်း လေယာဉ်ခရီးစဉ်အမှတ် JT-2885 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာသည်။



ပြန်လည် ရောက်ရှိလာသော မြန်မာနိုင်ငံသား ၁၀၅ ဦးအား ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

အဆိုပါမြန်မာနိုင်ငံသား ၁၀၅ ဦးတို့အား IOM မှ စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ သာဓုစာသင်တိုက်၊ သီရိမင်္ဂလာကျောင်းသို့ တာဝန်ရှိသူများက ပို့ဆောင် နေရာချထားပေးခဲ့ပြီး လူကုန်ကူးခံရသူများ ဟုတ်/မဟုတ် ရန်ကုန်အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုက တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်လျက်ရှိသည်။

ပြန်လည် ရောက်ရှိလာသော မြန်မာနိုင်ငံသား ၁၀၅ ဦးတွင် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ၂၆ ဦးစီ၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၄ ဦး၊ ရခိုင်ပြည်နယ်မှ ၁၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၀ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ရှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ သုံးဦးစီ၊ မကွေးတိုင်းဒေသကြီးမှ နှစ်ဦးနှင့် ကချင်ပြည်နယ်မှ တစ်ဦးတို့ဖြစ်ကြောင်း သိရပြီး တွေ့ဆုံမေးမြန်းမှုများ ပြီးစီးပါက သက်ဆိုင်ရာ နေရပ်များသို့ IOM အစီအစဉ်ဖြင့် ပြန်လည်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

ကျော်ကြား (တောင်ကလေး)ကိုအမြင့်ခြေကန်ချက်၊ ဗလာဒူး၊ ဝိုက်လက်သီးတို့ဖြင့် တရစပ် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ သွေးမရှိရင် စင်ပေါ်မတက်နဲ့ လာစမ်းသူငယ်ချင်းဆိုတဲ့စိတ်ဓာတ်နဲ့ ကျော်ကြားအနာခံအတင်းဖျက်၊ အတင်းဝင်ထိုးသော်လည်း လက်ဝှေ့သမ္မာရှိသည့် ကျားဗဟိန်း၏ တတိယအချီ ၁ မိနစ် စက္ကန့် ၂၀ မှာပင် ဘယ်ဒူးတိုက်ချက်ထိကာ ဆရာဝန်၏ဆေးစစ်ချက်အရ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်စွမ်းမရှိတော့ဘဲ အရှုံးပေးခဲ့ရသည်။

မျိုးဆက်သစ်သုံးချီပွဲများဖြစ်သည့် ဒေါင်းကောင်း(ငှက်အော်စမ်း)နှင့် ဖိုက်တာ(အဖြူရောင်သွေးသစ်)၊ ဒိုးလုံး(အဖြူရောင်သွေးသစ်)နှင့် စိုးကြည်သိန်း(ငှက်အော်စမ်း)၊ ထွန်းကို(တောင်ကလေး)နှင့် နိုင်ကိုလင်း(ငှက်အော်စမ်း)၊ ရန်တိုင်းအောင်(အလင်းရောင်)နှင့် ဒိုးလေး(အဖြူရောင်သွေးသစ်)တို့၏ သုံးချီထိုး နှစ်မိနစ်နား ပွဲစဉ်များ၏ ယှဉ်ပြိုင်ထိုးသတ်မှုသည် အနိုင်အရှုံးမပေါ်သရေဖြင့် ကျေနပ်ခဲ့ရသည်။ ကျော်မြင့်ထွန်း(ထွန်းသွင်)နှင့် သက်ဦးထွန်း(ငှက်အော်စမ်း)တို့ပွဲတွင် သက်ဦးထွန်းက ဒုတိယအချီ ၁ မိနစ် ၄၆ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။

ယနေ့ယှဉ်ပြိုင်ထိုးသတ်သည့် ငါးကြိမ်မြောက် မျိုးဆက်သစ်မြန်မာဖိုက်ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ရိုးရာမျိုးဆက်သစ်ပေါ်ထွန်းလာရေးစဉ်ဆက်မပြတ် ကြီးမှူးကျင်းပပေးနေသည့် မြန်မာမီဒီယာဂ(ရုပ်)မှ မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏက တောင်ကလေးရိုးရာလက်ဝှေ့ကလပ်အသင်းကို တစ်နှစ်စာအာဟာရအတွက် ဆန်ဖိုးငွေကူညီထောက်ပံ့ပေးခဲ့သည်။ ခြောက်ကြိမ်မြောက်မျိုးဆက်သစ်ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို လာမည့် စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာ လက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# အနည်းဆုံးအခကြေးငွေထုတ်ပြန်ပြီးနောက် အလုပ်သမားလျှော့ချမှုအချို့ရှိသော်လည်း အလုပ်လက်မဲ့ပြဿနာမရှိနိုင်ဟုဆို

ရန်ကုန် စက်တင်ဘာ ၆

**အနည်းဆုံး အခကြေးငွေ နှုန်းထားထုတ်ပြန်ပြီးနောက်ပိုင်း ရန်ကုန်မြို့ရှိ စက်ရုံအချို့ ပိတ်သိမ်းခြင်း၊ ဝန်ထမ်းအင်အားလျှော့ချခြင်းများရှိခဲ့သော်လည်း အလုပ်လက်မဲ့ ပြဿနာမရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်လင်းက ဆိုသည်။**

"အလုပ်လက်မဲ့ ပေါလာမလားဆိုတော့ လက်ရှိ ရန်ကုန်မှာ အထည်ချုပ်လုပ်ငန်းတစ်ခုထဲမှာတင် လုပ်သားအင်အား နှစ်သိန်းခွဲ ရှိတယ်။ တခြားစက်ရုံတွေမှာလည်း လုပ်သားတွေအများကြီးရှိတယ်။ လူ ၅၀၀ လောက်လျှော့ချလိုက်တာနဲ့ ပမာဏအများကြီး ထိခိုက်သွားတယ်လို့ ပြောလို့မရဘူး" ဟု ၎င်းက ပြောသည်။

ရွှေလင်ပန်းစက်မှုဇုန် ဥက္ကဋ္ဌ ယူနတီအထည်ချုပ် စက်ရုံပိုင်ရှင် ဦးအေးသောင်းက "လတ်တလောမှာ လုပ်သားအင်အား လျှော့ချတာက အဓိကပြဿနာ မဟုတ်ဘူး၊ အဓိကက အလုပ်ရှင် အလုပ်သမား အလုပ်ခန့်ထားမှု သဘောတူစာချုပ်ပဲ၊ ဇုန်တွေမှာ ဥပဒေအသစ်တွေ ပြဋ္ဌာန်းလိုက်တော့ ဥပဒေအဟောင်းတွေက ပျက်ပြယ်သွားပြီ၊ နှစ်ဦး သဘောတူစာချုပ်အသစ် ချုပ်လိုက်ပြီဆိုရင် အရင်အဟောင်းက ဆွဲထားတဲ့ ရပိုင်ခွင့်တွေက ပျက်ပြယ်သွားတဲ့ သဘောရှိတော့ အလုပ်သမားတွေဘက်က သိပ်ပြီး မကျေလည်ဘူး"ဟု ဆိုသည်။

အနိမ့်ဆုံး လုပ်ခလစာငွေကျပ် ၃၆၀၀ သတ်မှတ်လိုက်ခြင်းနှင့်အတူ လူမှုဖူလုံရေးကြေးများ မြင့်တက်သွားပြီး နာမကျန်းအကျိုးခံစားခွင့် နည်းပါးနေကြောင်း လှိုင်သာယာ စက်ရုံမှ အလုပ်သမားများထံမှ သိရသည်။

"လူမှုဖူလုံရေး ကြေးကတော့ အရင်ကထက် ပိုပေးလိုက်ရတယ်။ ကျန်းမာရေး မကောင်းရင်တော့ ပုဂ္ဂလိကဆေးခန်းပဲ သွားနေရတယ်၊ ဖူလုံရေးသွားလည်း အကြောင်းမထူးဘူး၊ သွားရေးလာရေးကလည်း အလွန်ခက်တယ်"ဟု လှိုင်သာယာမြို့နယ် ငါးဖမ်းပိုက်စက်ရုံမှ မနွေဦးမွန်က ပြောသည်။

"၃၆၀၀ သတ်မှတ်တာကို ကျေနပ်တယ်။ ဒါပေမယ့် စံချိန်တွေက တအားမြင့်လာတယ်။ နေ့ကြေးပေးရတဲ့အတွက် အလုပ်ရှင်တွေက ကုန်ထုတ်စွမ်းအားကို ပိုလိုချင်တယ်။ အချိန်ပိုလည်း မခေါ်တော့ဘူး။ အချိန်ပိုမရှိတဲ့အတွက် စားဝတ်နေရေးပါ အခက်တွေ့ နေရတယ်"ဟု အနိမ့်ဆုံးအခကြေးငွေ ၃၆၀၀ သတ်မှတ်လိုက်ခြင်းအပေါ် ၎င်းက ဆက်လက်ဆိုသည်။

အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်လိုက်ပြီးနောက်ပိုင်း စက်ရုံတချို့ ပိတ်သိမ်းခြင်းနှင့် ဝန်ထမ်းလျှော့ချခြင်းအပေါ် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက "ထုတ်လုပ်မှုဝင်ငွေနဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်အပေါ် ချိန်ဆရတာပေါ့။ စီးပွားရေးအပေါ်အခြေခံပြီး ထုတ်လုပ်မှုဝင်ငွေ၊ စိုက်ထုတ်ခဲ့ရတဲ့ ကုန်ကျစရိတ်၊ စီးပွားရေးအခြေခံ အကြောင်းတရားတွေကိုချိန်ဆရတာပါ"ဟု ပြောသည်။

အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်လိုက်ပြီးနောက်ပိုင်း စက်ရုံတချို့မှ ကားဖယ်ရီ ကြို/ပို့နှင့် အချိန်ပိုဆင်းမှုများ ရပ်ဆိုင်းလိုက်ခြင်းကြောင့် အလုပ်သမားထုအတွင်း အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများထံမှ သိရသည်။

"အလုပ်ရှင်အနေနဲ့ ဆွေးနွေးကြည့်တော့ ၃၆၀၀ က ပေးနိုင်တယ်။ အချိန်ပိုကြေးက မြင့်သွားတဲ့အတွက် အခက်အခဲတွေဖြစ်လာပြီး အချိန်ပိုမခေါ်တော့ဘူး။ အလုပ်သမားတွေကလည်း အချိန်ပိုနဲ့ စားဝတ်နေရေးကို လည်ပတ်နေရတော့ နဂိုရှိပြီးသားလစာထက် လျော့သွားတော့ မကျေလည်ကြဘူး။ စားဝတ်နေရေးက နဂိုကထက် ပိုမိုကျပ်တည်းလာလို့" ဟု အလုပ်သမား သမဂ္ဂများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီမှ ကိုကြည်မင်းထိုက်က ပြောသည်။

"လုပ်ငန်းရှင်တွေမှာလည်း မမြင်ရတဲ့ အခွန်အခတွေရှိတယ်။ မီတာခ၊ စည်ပင်ခ၊ မြေဈေးနဲ့ ငှားရမ်းခတွေ မြင့်နေတော့ အလုပ်ရှင်တွေကလည်း အစိုးရဆီက တောင်းဆိုရမှာ မတောင်းဆိုဘူး။ ထွက်ငွေကာမိအောင် အလုပ်သမားဘက်ဖိနေတာတွေ့ရတယ်။ အလုပ်ရှင်နဲ့ အလုပ်သမား ညီညီညွတ်ညွတ်နဲ့ အစိုးရကို တင်ပြသင့်တယ်"ဟု ၎င်းက ဆိုသည်။

ရန်ကုန်မြို့ရှိ စက်ရုံများပိတ်သိမ်းခြင်းဝန်ထမ်းလျှော့ချခြင်းများရှိခဲ့သော်လည်း အလုပ်အကိုင် ရရှိရေးအတွက် အလုပ်သမားမှတ်ပုံတင် နေ့စဉ် ၅၀၀ ထက်မနည်း ပြုလုပ်လျက်ရှိကြောင်း လှိုင်သာယာမြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးမှ သိရသည်။

စက်ရုံ အလုပ်ရုံများ ပိတ်သိမ်းခြင်း၊ ဝန်ထမ်းများလျှော့ချခြင်းများနှင့် စပ်လျဉ်းပြီး အနိမ့်ဆုံး လုပ်ခလစာ မသတ်မှတ်မီကတည်းက အလုပ်ရှင်၊ အလုပ်သမား၊ အလုပ်သမား ခေါင်းဆောင်များဆွေးနွေးပြီးဖြစ်ကြောင်း၊ နိုင်ငံတော်ကလည်း အလုပ်ပိတ်ခြင်း၊ ဝန်ထမ်း လျှော့ချခြင်းများကို သိရှိထားကြောင်း ဦးအေးသောင်းက ပြောသည်။



**အထည်ချုပ်စက်ရုံတစ်ခုမှ အလုပ်သမားများ အလုပ်လုပ်ကိုင်နေမှုကို တွေ့ရစဉ်။**

**သတင်းဆောင်းပါး - မင်းသစ်**
**ဓာတ်ပုံ - နေလင်း(သတင်းစဉ်)**

"အလုပ်သမား ဝန်ကြီးဌာနကို တင်ပြပြီး အလုပ်သမားလျှော့တယ်ဆိုတော့ လျော်ကြေးပေးရမှာပေါ့၊ အလုပ်သမား ဝန်ကြီးဌာနအနေနဲ့ အလုပ်သမားတွေနဲ့ အငြင်းပွားမှုဖြစ်နေတဲ့ စက်ရုံပိုင်ရှင်တွေကိုခေါ်ပြီး ညှိနှိုင်းပေးသင့်တယ်"ဟု မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်လင်းက ပြောသည်။

ကမ္ဘာ့နိုင်ငံပေါင်း ၉၀ ရာခိုင်နှုန်းကျော်တွင် အနည်းဆုံးလုပ်ခလစာကို သတ်မှတ်ထားပြီး ဖြစ်ကြောင်း၊ အလုပ်သမားများ ဆင်းရဲနွမ်းပါးမှု လျော့ကျစေရန် လုပ်ငန်းရှင် အချင်းချင်း ယှဉ်ပြိုင်မှုကို တရားမျှတမှုဖြစ်စေရန်နှင့် လုပ်ငန်းခွင်အေးချမ်းသာယာရန်အတွက် အနည်းဆုံးအခကြေးငွေကို သတ်မှတ်ရခြင်းဖြစ်ကြောင်း သိရသည်။

အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှတစ်နာရီ ငွေကျပ် ၄၅၀ နှုန်းဖြင့်အလုပ်ချိန် ရှစ်နာရီ၊ တစ်ရက်အတွက် ငွေကျပ် ၃၆၀၀ ကို အနည်းဆုံး အခကြေးငွေ နှုန်းထားအဖြစ် ဩဂုတ် ၂၈ ရက်က ထုတ်ပြန်ခဲ့ပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အလုပ်ရှင်နှင့် အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ရေးဆွဲချုပ်ဆိုရန် ဩဂုတ် ၃၁ ရက်က ထုတ်ပြန်ခဲ့သည်။

# MNL-II အမှတ်ပေးပြိုင်ပွဲ Southern နှင့် Horizon တန်းတက်ခွင့်ရ

**ရန်ကုန် စက်တင်ဘာ ၆**

၂၀၁၅ ရာသီ MNL-II ပထမတန်း အမှတ်ပေးပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ Southern အသင်းနှင့် Horizon အသင်းတို့ MNL သို့ တန်းတက်ခွင့်ရရှိခဲ့သည်။

နောက်ဆုံးနေ့ ပွဲစဉ်များတွင် southern အသင်းနှင့် GFA အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့ပြီး Horizon အသင်းက တက္ကသိုလ်လက်ရွေးစင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ southern အသင်းသည် ပွဲစဉ်မကုန်မီကတည်းက ချန်ပီယံဆုရရှိခဲ့ခြင်းဖြစ်ပြီး ယခုပွဲ သရေရလဒ်ကြောင့် ရှုံးပွဲမရှိစံချိန်ကိုပါ ရယူနိုင်ခဲ့သည်။ Horizon အသင်းသည် နောက်ဆုံးပွဲတွင် နိုင်ပွဲရရှိခဲ့သောကြောင့် MNL သို့ ပထမဆုံးအကြိမ် တန်းတက်ခွင့် ရရှိခဲ့သည်။ ပြိုင်ပွဲအပြီးတွင် southern အသင်းက ၄၆ မှတ်ဖြင့် ပထမ၊ Horizon အသင်းက ၃၈ မှတ်ဖြင့် ဒုတိယ၊ GFA အသင်းက ၃၆ မှတ်ဖြင့် တတိယတို့ ရရှိကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တတိယဆုရရှိသော GFA အသင်းအား ဆုကြေးငွေကျပ် သိန်း ၅၀၊ ဒုတိယဆုရရှိသော Horizon အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၁၀၀၊ ပထမဆုရရှိသော southern အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၁၅၀ နှင့် ချန်ပီယံ ဆုဖလားတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

**သတင်း-ရဲရင့်ရှိုင်း**

# အင်ဒိုနီးရှားရောက် မြန်မာရေလုပ်သားများ ပြန်လည်ခေါ်ဆောင်လာ၊ သက်ဆိုင်ရာမှ စိစစ်ပြီးက နေရပ်ပြန်လည်ပို့ဆောင်ပေးမည်

**ရန်ကုန် စက်တင်ဘာ ၆**

အင်ဒိုနီးရှားနိုင်ငံ ရေလုပ်ငန်းတွင် သွားရောက်လုပ်ကိုင်လျက်ရှိနေပြီး အတိဒုက္ခရောက်နေသော မြန်မာရေလုပ်သား ၁၀၅ ဦးအား စက်တင်ဘာ ၆ရက် နံနက်က ပြန်လည်ခေါ်ဆောင်လာကာ ရန်ကုန်တိုင်း ဒေသကြီးကြည့်မြင်တိုင်မြို့နယ် သာစု အနောက်ရပ်ကွက် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ သာစုပရိယတ္တိ စာသင်တိုက်အတွင်း ကျောင်းဆောင်၌ ခေတ္တနေရာချထားပေး၍ စောင့်ရှောက်ပေးထားသည်။

အဆိုပါ မြန်မာရေလုပ်သားများကို မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် IOM (International Organization for Migration) ရွှေ့ပြောင်း သွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းမှ ဆက်ဆံရေးအရာရှိ ဦးအောင်ကျော်သန်းက တာဝန်ယူခေါ်ဆောင်လာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မြန်မာ ရေလုပ်သားများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲချုပ် ဇော်ဝင်းနှင့် အဖွဲ့ဝင်များ၊ အလုပ်သမားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်မိုးမိုးသွင်၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးတပ်ဖွဲ့မှ ရဲမှူး ရဲဝင်းအောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ကြိုဆိုခေါ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


ဦးအောင်ကျော်သန်း


ဦးထွန်းဝေ


ကိုဘိုဘိုချစ်


ကိုမျိုးလွင်

IOM မှ ဆက်ဆံရေးအရာရှိ ဦးအောင်ကျော်သန်းက “သူတို့တွေက အင်ဒိုနီးရှားနိုင်ငံမှာ ရေလုပ်ငန်းနဲ့အသက်မွေးဝမ်းကျောင်းသွားပြုတဲ့သူတွေပါ။ အားလုံးကမြန်မာနိုင်ငံသားတွေပါပဲ။ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးက သူတွေများပါတယ်။ အားလုံးပေါင်း ၃၆၄ ဦး ရှိပါတယ်။ အခုသူတို့တွေ ဟိုမှာ ဒုက္ခရောက်နေတဲ့အတွက် မြန်မာနိုင်ငံကို ပြန်ခေါ်လာတာပါ။ အခု ပထမအသုတ်အနေနဲ့ ၁၀၅ ဦးပါ အဖွဲ့အစည်း အသီးသီးတွေနဲ့ ညှိနှိုင်းမှု၊ စိစစ်မှုတွေပြုပြီးရင် သူတို့နေရပ်ကိုအရောက်ပြန်ပို့ပေးသွားမှာပါ”ဟု ရှင်းပြခဲ့သည်။

၄င်းမြန်မာရေလုပ်သားများသည် အင်ဒိုနီးရှားနိုင်ငံရှိ Ambon ကျွန်း၌ စုဝေးနေထိုင်ကြပြီး မြန်မာနိုင်ငံက ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် သံရုံး၊ နိုင်ငံတကာ အဖွဲ့အစည်းအသီးသီးတို့ အကူအညီတောင်းခံခဲ့ရခြင်း ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ကန်ပေါက်(ရေဖြူ)ဒေသမှ အသက် ၅၀ အရွယ်ရှိ ရေလုပ်သားကြီး ဦးထွန်းဝေ ကပြောပြသည်။

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ်(၃)ရပ်ကွက်မှ ကိုဘိုဘိုချစ် ၂၁ နှစ်က “ကျွန်တော်က ထိုင်းနဲ့ဖက်စပ်လုပ်ထားတဲ့ ငါးဖမ်းသင်္ဘော မဟာကောက် ၁၉ နဲ့လိုက်ခဲ့တာပါ။ လုပ်သက် သုံးနှစ်ကျော်ရှိပါပြီ။ အင်ဒိုမှာ ငါးဖမ်းသင်္ဘောတွေ အဖမ်းများလာလို့ လုပ်ငန်းရပ်ထားရတာ ခုနစ်လကျော်ရှစ်လလောက်ရှိပါပြီ။ လုပ်အားခက သုံးပုံတစ်ပုံလောက်တောင်မရတော့ ဒုက္ခတွေရောက်လာလို့ မြန်မာနိုင်ငံကို အကူအညီတောင်းပြန်လာတာပါ” ဟု ပြောကြားခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျိုက်ကဒွန်းကျေးရွာမှ ကိုမျိုးလွင် ၂၉ နှစ်က “ငါးဖမ်းသင်္ဘောနဲ့ လိုက်တာ လေးနှစ်နီးပါးရှိပါပြီ။ ထိုင်းငါးဖမ်းသင်္ဘော မာဘိဒို ၈၉ နဲ့ပါ၊ အခု အင်ဒိုမှာ ဖမ်းဆီးမှုတွေများတဲ့အတွက် မထွက်ရဲကြတော့ဘူး၊ အလုပ်မရှိတော့ လုပ်အားခမရဘူး။ စားဖို့တောင်အခက်အခဲတွေ အများကြီးကြုံတွေ့လာရပါတယ်။ ဘယ်လိုမှ မခံစားနိုင်တော့လို့ လူကြီးတွေကို အကူအညီတောင်းပြီးပြန်လာတာပါ။ အခုလည်း မနက်အစောကြီးမှာ ထမင်းကျွေးပါတယ်။ နွေးနွေးထွေးထွေးပါပဲ”ဟု ဆိုသည်။

ပြန်လည် ခေါ်ဆောင်လာခဲ့သောရေလုပ်သားများမှာ ကချင်ပြည်နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ ၁၂ ဦး၊ မွန်ပြည်နယ်မှ ၂၆ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ရှစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ သုံးဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၀ ဦး ၊ ရှမ်းပြည်နယ်မှ သုံးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၄ ဦးတို့ဖြစ်သည်။

အဆိုပါ ရေလုပ်သားများအား အမှတ် (၆) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (ရန်ကုန်) နှင့် လူမှုဝန်ထမ်း ဦးစီးဌာနနှင့် သက်ဆိုင်ရာက စိစစ်လျက်ရှိပြီး စိစစ်ပြီးပါက ၄င်းတို့နေထိုင်ရာ နေရပ်များသို့ ပြန်လည် ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

---

***ကျော်ဖုံးမှ***

ဇော်မင်းထွန်းမှာ လာမည့်ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ပွဲပယ်ခံထားရရာ ယင်းပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် အသုံးပြုမည်မဟုတ်ကြောင်း၊ ပွဲထွက်လူစာရင်းအတွက် လေ့ကျင့်ရေးကွင်းစွမ်းဆောင်မှု၊ ကြိုးစားအားထုတ်မှုတို့က အရေးကြီးကြောင်း၊ မိမိအနေဖြင့် ကစားသမားကောင်းများဖြင့် အသင်းကို ဖွဲ့စည်းထားသော်လည်း ၄င်းကစားသမားများ အတွဲမိရန် အချိန်ပေးရမည်ဖြစ်ကြောင်း၊ အသင်းကောင်းတစ်သင်းဖြစ်လာရန်တည်ဆောက်ရာတွင်အချိန်ကာလတစ်ခု လိုအပ်ကြောင်း၊ မိမိစင်ကာပူအသင်းကို ကိုင်တွယ်စဉ်ကလည်း ယခုကဲ့သို့ ဂိုးပြတ်ရှုံးပွဲများ ကြုံတွေ့ဖူးသော်လည်း အချိန်ပေးပြီးကိုင်တွယ်စေခဲ့သောကြောင့် အောင်မြင်မှုရခဲ့ခြင်းဖြစ်ကြောင်း” ပြောကြားခဲ့သည်။

နယူးဇီလန်အသင်းခေါင်းဆောင် ဝင်စတန်ရိဒ်က မြန်မာနိုင်ငံလို နေရာမျိုးတွင် ခြေစမ်းပွဲလာရောက်ကစားခွင့်ရသည့်အတွက်ကျေနပ်မိကြောင်း၊ ရာသီဥတုချင်းကွာခြားသော်လည်း တစ်ပတ်ကြိုတင် လာရောက် လေ့ကျင့်ထားသည့်အတွက် အခက်အခဲမရှိကြောင်း၊ ရလဒ်ကောင်းရရှိရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နည်းပြချုပ် အန်တိုနီဟော့ဒ်ဆန်ကမြန်မာအသင်းကစားပုံကို အချိန်ယူ လေ့လာထားကြောင်း၊ ကူဝိတ်နှင့် ခြေစစ်ပွဲကို ကြည့်ထားပြီး ယနေ့ပွဲတွင် အကောင်းဆုံး လူစာရင်းဖြင့်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ မြန်မာအသင်းပွဲကို ကြည့်ထားသော်လည်း ကစားပုံနှင့်ပတ်သက်၍ မှတ်ချက်မပေးလိုကြောင်း ပြောကြားခဲ့သည်။

---

## ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**မိုးမောက် စက်တင်ဘာ ၆**

ကချင်ပြည်နယ် မိုးမောက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၄ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသောင်းရွှေက သင်တန်းဖွင့်ရခြင်းအကြောင်းရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မိုးမောက်မြို့၊ ဒေါ့ဖုန်းယန်မြို့၊ လွယ်ဂျယ်မြို့များမှ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ၇၈ ဦးတက်ရောက်ကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသော ဥပဒေအရာရှိ ဒေါ်အိဖြိုးခိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေထွန်း၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတောက်ထွန်း၊ ပြန်/ဆက်ဦးစီးမှူး ဒေါ်လွန်းနန်းထွေးတို့က ဘာသာရပ်ခွဲကာ သင်ကြားပို့ချခဲ့ကြောင်းသိရသည်။ **လွန်းနန်းထွေး**

---

## ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၁ ပါ မောင်သာ (ရွှေဟောင်းသုတေသန) ၏ သမိုင်းဝင် ချင်းချောင်းနန်းတော်ဆောင်းပါး ကော်လံ ၂ တွင် ၁၈၈၈ ခုနှစ်နောက်ပိုင်း **အစား** ၁၉၈၈ ခုနှစ်နောက်ပိုင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်းအဖွဲ့)**

---


### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/7810, Toyota Alphard MNH 10/Micro Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းပပအောင် ၁၂/ဒဂမ(နိုင်)၀၁၂၀၂၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၄)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

### ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ တော်ဝင်ဆင်မင်းကွန်ဒို၊ Royal Sin Min Tower (A) Unit (B), Room 6(B)ရှိ၊ အခန်းအမှတ်-6(B)အားနေကမ္ဘာမြန်မာ ဆောက်လုပ်ရေးကုမ္ပဏီထံမှ လက်ရောက်ရယူ ဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးစိုးမိုးနိုင်(၆/မအရ (နိုင်) ၀၉၁၂၆၂) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်းအသိပေး ကြော်ငြာပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်နီလာအေး(စဉ်-၇၇၂၆) တရားလွှတ်တော်ရှေ့နေ**
မြန်မာသမာဓိ LAW FIRM အမှတ်-၁၀၄၊ ပထပ်၊ ၃၉လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။ ၀၉ ၅၀ ၇၀၁၂၈ , naye 737 @ gmail . com

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/4368, KIA BONGO III Coach, Mini Bus ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၁၁/စတန(နိုင်)၀၄၇၅၇၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇောတိကလမ်း၊ စတုတ္ထထပ်၊ အမှတ်(၅၄၀/က)၊ ခြေရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ဇင်မာအောင် ၁၂/လသန(နိုင်)၀၀၀၃၂၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးပြည့်ငြိမ်းအောင်** LL.B **အထက်တန်းရှေ့နေ(စဉ်-၃၀၁၅၅)**
**အမှတ် ၁၁၈(ငါးလွှာ)၊ ဦးချစ်မောင်လမ်း၊ ဆရာစံမြောက်/ရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၂၇၁၇၁၊ ၀၉-၇၉၉၈၈၂၅၄၃**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/7755, Hino FS 630B, Dump TRUCK(6x4)R ယာဉ်လက်ဝယ်ရှိသူ ဦးသန့်လွင် ၁၂/စခန(နိုင်)၀၄၅၀၅၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (ရွာသာကြီး)**
**ရန်ကုန်မြို့**

### အာရှနေဝန်း၊ မြန်မာ့လွတ်လပ်ရေးမီးရှူးတန်ဆောင် အသျှင်ဦးဥတ္တမ (၇၆)နှစ်မြောက် ဂုဏ်ပြုပွဲအခမ်းအနားနှင့် ဦးဥတ္တမပန်းခြံဖွင့်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှကြီးမှူး၍ ရခိုင်လူမှုရေးအသင်းအဖွဲ့အစည်းများ စုပေါင်းပါဝင်သော ကျင်းပရေးကော်မတီ(ရန်ကုန်)မှ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး တက်ရောက်ဂုဏ်ပြုချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**ကျင်းပမည့်ရက်** - ၂၀၁၅ခုနှစ် စက်တင်ဘာ ၉ရက် (ဗုဒ္ဓဟူးနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၀း၀၀ နာရီမှ မွန်းလွဲ ၁း၀၀ နာရီထိ
**ကျင်းပမည့်နေရာ** - ဦးဥတ္တမပန်းခြံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

**ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး**
**ကျင်းပရေးကော်မတီ**

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

| Course / Schedule | Start |
|---|---|
| **Basic Spoken English** | |
| Mon to Thurs-10:00-12:00am | 14 Sep |
| Mon to Thurs-1:00-3:00pm | 14 Sep |
| Sat & Sun - 9:00-12:00 am | 19 Sep |
| Sat & Sun - 12:30-3:30 pm | 19 Sep |
| Mon to Thurs-7:30-9:30 am | 21 Sep |
| Mon to Thurs-1:00-3:00pm | 21 Sep |
| MontoThurs 3:00-5:00-7:00pm | 21 Sep |
| **Pre-Intermediate English** | |
| Mon to Thurs-5:00-7:00 pm | 7 Sep |
| Mon to Thurs-7:30-9:30 am | 21 Sep |
| Mon to Thurs-10:00-12:00 am | 21 Sep |
| **Basic Writing Course** | |
| Mon to Thurs - 3:00-4:30 pm | 28 Sep |
| **Vocabulary Enrichment Course** | |
| Mon to Thurs - 3:30-5:00 pm | 21 Sep |
| **Grammar Foundation Course** | |
| Sat & Sun - 9:00-12:00am | 5 Sep |
| Mon to Thurs - 1:00-2:30 pm | 14 Sep |
| Mon to Thurs - 3:30-5:00 pm | 14 Sep |
| **Structure & Written Expression** | |
| Sat & Sun - 3:30-6:30pm | 12 Sep |
| Mon to Thurs - 1:00-3:00 pm | 14 Sep |
| Sat & Sun - 9:00-12:00am | 26 Sep |
| Sat & Sun - 12:30-3:30 pm | 10 Oct |
| **Academic Preparation for IELTS** | |
| Mon to Thurs - 10:30 - 12:30am | 21 Sep |
| SAT Mon to Thurs -3:30-5:00pm | 21 Sep |
| IELTS(Foundation) Mon&Thurs 5:30to7:00pm | 21 Sep |
| IELTS(Test Practice) Sat&Sun 10:30to12:30am | 19 Sep |
| IELTS(Speaking) Sat&Sun 1:00to3:30pm | 19 Sep |
| **Academic Writing Course** | |
| San & Sun - 5:00 - 7:00 pm | 19 Sep |

No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

# ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ခဲ့သောရဲတပ်ဖွဲ့အား ဂုဏ်ပြု

ကွန်းလှ စက်တင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက်၌ ဩဂုတ် ၂၈ ရက် နံနက်က ဖြစ်ပွားခဲ့သော လူသတ်မှုနှင့်လုယက်မှု ကျူးလွန်သူများကို ငါးရက်အတွင်းဖမ်းဆီးခဲ့ပြီး သက်သေခံပစ္စည်းရွှေထည်မျိုးစုံ ၂၃ မျိုး၊ တန်ဖိုးငွေကျပ် ၄၄၄ သိန်းကျော်ကို ခုနစ်ရက်အတွင်း ပြန်လည်ရရှိအောင် စွမ်းစွမ်းတမံ ကြိုးစားဖော်ထုတ်ခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုခြင်းအခမ်းအနားကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပကြောင်း သိရသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်က အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ခင်မောင်လတ်က မှုခင်းကို ကြိုးစားဖော်ထုတ်နိုင်မှုအခြေအနေကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသောင်းဟိန်းက အမှာစကားပြောကြား၍ မြို့မိမြို့ဖ ဦးသောင်းညွန့်က အချိန်တိုအတွင်း မှုခင်းဖော်ထုတ်နိုင်သည့်အတွက် ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး တရားလို ဦးသန်းစိန်မိသားစု၊ ဒေသခံပြည်သူတို့က ပြစ်မှုကျူးလွန်သူများနှင့် သက်သေခံပစ္စည်းများကို ကြိုးစားဖော်ထုတ်ခဲ့ကြသော ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ကြကြောင်း သိရသည်။ **မျိုးဝင်းညို(ကွန်းလှ)**

# ငွေကျပ်သိန်း ၂၀၀၀ ကျော်ဖိုး မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

အင်းတော် စက်တင်ဘာ ၆



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပင်ဝယ်ကျေးရွာအုပ်စု မန္တလေး-မြစ်ကြီးနား ရထားလမ်း မိုင်တိုင်အမှတ် (၅၉၇/၁၃) နှင့် (၅၉၇/၁၄) အကြား ရထားလမ်းအရှေ့ဘက် တောလမ်း၌ ဗိုလ်ကြီးဝေလင်းမောင်နှင့်အဖွဲ့က စက်တင်ဘာ ၅ ရက် နံနက် ၇ နာရီခွဲခန့်က အမျိုးသားလေးဦး ပလတ်စတစ်ပုံးငါးပုံး ဆွဲလာသည်ကို တွေ့ရှိ၍ စစ်ဆေးမည်ပြုရာ အဆိုပါအမျိုးသားတို့က ပုံးများကိုပစ်ချ၍ ထွက်ပြေးသဖြင့် ပုံးများကိုစစ်ဆေးရာ မူးယစ်ဆေးဝါးများ တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပုံးများအတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်များ ထည့်ထားသည့် အရောင်မျိုးစုံ အလေးချိန် ၁၆၁၃ ဂရမ်၊ တန်ဖိုးငွေကျပ် ၁၆၁၃၀၀၀၀၀၊ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် 88/1 စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်းဆေးပြား ၆၉၅၀၊ တန်ဖိုးငွေကျပ် ၃၄၇၅၀၀၀၀ စုစုပေါင်းကာလတန်ဖိုးငွေကျပ် ကျပ်သိန်း ၂၀၀၀ ကျော်ခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ကျော်သီဟ**

# ပုသိမ်မြို့လယ်ကောင်၌ ဆိုင်ကယ်တစ်စီးဖြင့် ငွေထုပ်လုယူထွက်ပြေးမှု ဖြစ်ပွား

ပုသိမ် စက်တင်ဘာ ၆

ပုသိမ်မြို့လယ်ကောင် ဘဏ်တစ်ခုမှငွေထုတ်ယူပြီး ပြန်လာသူတစ်ဦးထံမှ ဆိုင်ကယ်သမားတစ်ဦးက ငွေထုပ်လုယူထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ပုသိမ်မြို့ အမှတ်(၆) နယ်မြေ မြို့ပတ်လမ်းနေ မာမက်(ခ) ဦးထွန်းလှိုင် (၆၅နှစ်) သည် ပုသိမ်မြို့ လယ်ကုန်စုံလမ်း၌ရှိသော ရိုးမဘဏ်မှ ငွေကျပ်လေးသိန်း ထုတ်ယူကာ ၎င်း၏ဆိုင်ကယ်ရှေ့ခြင်းထဲသို့ ထည့်၍နေအိမ်သို့ ပြန်လာစဉ် ၄က်ပျောတန်းလမ်းနှင့် ဗလီလမ်းဆုံနေရာအရောက်၌ ဦးမာမက်(ခ)ဦးထွန်းလှိုင်၏ဆိုင်ကယ်နောက်သို့ ကပ်လိုက်လာသော ဆိုင်ကယ်သမားအား ကျော်တက်ခွင့်ပေးလိုက်စဉ် အဆိုပါဆိုင်ကယ်သမားက ဆိုင်ကယ်ရှေ့ခြင်းထဲမှ ငွေကျပ်လေးသိန်းပါရှိသော ငွေထုပ်ကို နှိုက်ယူ၍မောင်းနှင် ထွက်ပြေးသွားသည်။ ထို့ကြောင့် ဦးမာမက်(ခ) ဦးထွန်းလှိုင်၏ တိုင်တန်းချက်အရ ပုသိမ်နယ်မြေရဲစခန်းက စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။ **ပုသိမ်လှကြည်**

# အမျိုးသားတစ်ဦး ကျဉ်စက်ဖြင့် ငါးဖမ်းစဉ် ဓာတ်လိုက်သေဆုံး

ငဖဲ စက်တင်ဘာ ၆

စက်တင်ဘာ ၄ ရက်က ငဖဲမြို့နယ်၌ အမျိုးသားတစ်ဦးကျဉ်စက်ဖြင့် ငါးဖမ်းစဉ် ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်းဘူးခရိုင် ငဖဲမြို့နယ်ရှိ လေးအိမ်စုရွာနေ ရဲဝင်းခိုင်သည် ပဇီချောင်းအတွင်းကျဉ်စက်ဖြင့် ငါးဖမ်းစဉ် ဓာတ်လိုက်သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ ငဖဲမြို့နယ် မြို့မရဲစခန်းမှ သေမှုသေခင်းဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ဇေယျ**

# ဖရဲသီးတင်ကုန်ကား ဓာတ်တိုင်ဝင်တိုက်

ဖြူး စက်တင်ဘာ ၆

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးတောင်ဘက်အထွက်၌ စက်တင်ဘာ ၆ ရက် နံနက် ၄ နာရီက ရန်ကုန်-မန္တလေး ပုံမှန်ကားလမ်းမိုင်တိုင်အမှတ် ၁၄၀/၃ ကြားအရောက်၌ မန္တလေးဘက်မှ ဖရဲသီးများတင်ဆောင်၍ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ပြည့်ဖြိုးမောင် (၂၅ နှစ်) ပျော်ဘွယ်မြို့သစ်နေ မောင်းနှင်လာသော ၁၂ ဘီးကုန်တင်ယာဉ် 8E/ --- သည် လမ်းယာဘက်သို့ထိုးကျကာ လမ်းဘေးရှိ ကောင်းမြတ်ဓာတ်ဆီဆိုင်မှဆိုင်းဘုတ်ကိုတိုက်မိပြီး ဆက်လက်၍ အရှိန်ဖြင့် လမ်းဘေးဓာတ်တိုင်ကိုတိုက်မိရာ ဓာတ်တိုင်ကျိုးသွားပြီး ကားပေါ်သို့ပိ၍ ဓာတ်ကြိုးများ ပြတ်တောက်သွားသည်။

အဆိုပါဓာတ်တိုင်ဝင်တိုက်မိသဖြင့် လျှပ်စစ်ဓာတ်ကြိုးများပြတ်ကျ၍ ညောင်ကားယားရွာ၊ သပြေလှရွာ၊ ကာစီပူ၊ ဂျရမ်ပူကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများ၌ လျှပ်စစ်မီးများ ပြတ်တောက်ကုန်သဖြင့် မြို့နယ်လျှပ်စစ်ရုံးမှ ဝန်ထမ်းများက ချက်ချင်းပြန်လည်ဆောင်ရွက်ခဲ့ရာ မွန်းလွဲပိုင်းတွင် လျှပ်စစ်မီးများ ပုံမှန်ပြန်လင်းခဲ့ကြောင်းသိရပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူအား သက်ဆိုင်ရာက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(ဖြူး)**




တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
0973001453,0930775232, 503472တွင် ဖွင့်လှစ်မည့်သင်တန်းများ

**BASIC ENGLISH SPEAKING**
1 - 4:00 (Sat + Sun) 5 Sep
6 - 7:30 (Mon ~ Thurs) 7 Sep
9 - 12:00 (Sat + Sun) 12 Sep
7:30 - 9 (Mon ~ Thurs) 14,28 Sep

**BASIC FOUR SKILLS ENGLISH**
7:30-10:30 (Sat + Sun) 6,19 Sep
7:30 - 9 (Mon ~ Thurs) 7 Sep
1 - 2:30 (Mon ~ Thurs) 7 Sep
10-11:30 (Mon ~ Thurs) 14 Sep
3:30 - 5 (Mon ~ Thurs) 14 Sep
6 - 7:30 (Mon ~ Thurs) 21 Sep
3:30 - 5 (Mon ~ Thurs) 5 Oct

**BASIC GRAMMAR**
1 - 4:00 (Sat + Sun) 12 Sep
3:30 - 5 (Mon ~ Thurs) 28 Sep

**PRE-INTERMEDIATE (4-SKILL ENGLISH)**
1 - 2:30 (Mon ~ Thurs) 14 Sep
7:30 - 9 (Mon ~ Thurs) 23 Sep
1 - 4:00 (Sat + Sun) 27 Sep

**INTERMEDIATE (ACADEMIC ENGLISH)**
1 - 4:00 (Sat + Sun) 5 Sep
10-11:30 (Mon ~ Thurs) 7 Sep
3:30 - 5 (Mon ~ Thurs) 21 Sep
7:30 - 9 (Mon ~ Thurs) 5 Oct

**VOCAB ENRICHMENT**
1 - 2:30 (Mon ~ Thurs) 14 Sep
1 - 4:00 (Sat + Sun) 19 Sep

**INTERMEDIATE GRAMMAR**
7:30 - 9 (Mon ~ Thurs) 24 Aug

**BASIC WRITING**
10-11:30 (Mon ~ Thurs) 7 Sep
12 - 3:00 (Sat + Sun) 19 Sep

**BASIC ENGLISH SPEAKING**
3:30 - 5 (Mon ~ Thurs) 14 Sep
12 - 3:00 (Sat + Sun) 20 Sep
7:30-10:30 (Sat + Sun) 26 Sep

**BASIC FOUR SKILLS ENGLISH**
3:30 - 5 (Mon ~ Thurs) 7 Sep
6 - 7:30 (Mon ~ Thurs) 7,21 Sep
7:30 - 9 (Mon ~ Thurs) 14 Sep
1 - 2:30 (Mon ~ Thurs) 14,23 Sep

**BASIC GRAMMAR**
7:30-10:30 (Sat + Sun) 19 Sep

**PRE-INTERMEDIATE (4-SKILL ENGLISH)**
7:30 - 9 (Mon ~ Thurs) 30 Sep
7:30-10:30 (Sat + Sun) 24 Oct

**INTERMEDIATE (ACADEMIC ENGLISH)**
12 - 3:00 (Sat + Sun) 12 Sep

**IELTS (Preparation)**
12:30-3:30 (Sat + Sun) 17 Oct

**IELTS (Preparation)**
7:30-9:30 (Mon ~ Thurs) 14 Sep
1 - 3:30 (Mon ~ Thurs) 21 Sep

**IELTS (Speaking)**
7:30 - 9 (Mon ~ Thurs) 14 Sep

**IELTS (Reading)**
1 - 3:00 (Mon ~ Thurs) 7 Sep

**IELTS (Writing)**
7:30 - 9 (Mon ~ Thurs) 19 Oct

**IELTS (Grammar)**
10-11:30 (Mon ~ Thurs) 14 Sep



## ပျောက်ဆုံး သီလရှင်(၂)ပါး





ဓမ္မရံသီကျောင်း အမှတ်(၁၆၁၊ ၁၆၂) ယူအီ(၁)တိုးချဲ့(၁)ရပ်ကွက်၊ အီအမ်(၁)လမ်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)နေ အသက်(၁၀)နှစ် မခေမာစာရီ(ခ)ဝင်းငွေးနှင့် အသက်(၉)နှစ် မဉာဏသီဂီ(ခ)ငွေးဝင်းတို့သည် ၃၁-၈-၂၀၁၅ရက် ညနေ ၆နာရီတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းဖြင့် အမြန်ဆက်သွယ်ပေးပါရန်။

**ဒေါ်မေဓာဝီ ဖုန်း-၀၉-၄၂၀၀၈၁၇၅၅၊ ဒေါ်ဉာဏဝတီ ဖုန်း-၀၉-၂၅၆၀၅၆၀၇၃၊ ဒေါ်ဥမ္မာ ဖုန်း-၀၉-၂၅၀၅၀၀၈၄၈၊ ဒေါ်ဓမ္မ ဖုန်း-၀၉-၂၅၃၃၉၃၁၃၆၊ ဦးဝိရိယ ဖုန်း-၀၉-၄၉၇၆၈၈၃၃၊ ဦးဝိနယ ဖုန်း-၀၉-၇၉၇၅၇၅၆၁၄**



## CLAIMS DAY NOTICE
## M.V HOEGH CHENNAI VOY: NO (16)

Consignees of cargo carried by M.V HOEGH CHENNAI VOY:NO (16) are here by notified that the vessel will arrive of about 9-9-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(K)တွင် ပညာသင်ကြားနေသော မောင်ကောင်းခန့်ဇော်၏ဖခင်အမည်မှန်မှာ ဦးအောင်နေမျိုး ဖြစ်ပါသည်။



## ပျောက်ဆုံးခြင်း

ကျွန်တော်များကုမ္ပဏီ Europe And Asia International Co.,Ltd ၏ သွင်းကုန်လိုင်စင်အမှတ် (IL 415-16/1743, Date: 25.8.2015)၏မူရင်း(Original)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် သတင်းပေးပို့သူအား ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၉၅၀၁၃၊ ၀၉-၄၂၀၄၈၁၈၆၊ ၀၉-၄၂၀၄၈၁၈၇**



## CLAIMS DAY NOTICE
## M.V VIKING DRIVE VOY: NO (11)

Consignees of cargo carried by M.V VIKING DRIVE VOY:NO (11) are here by notified that the vessel will arrive of about 9-9-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



**စာအုပ်စာပေ လူ့မိတ်ဆွေ**



**တစ်ဦးတည်း ဖြစ်ကြောင်း**

သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ မဆုမြတ်ထက်၏ဖခင် ဦးအောင်မြင့်ကျော်နှင့် ဦးအောင်မြင့် ၁၀/သဖရ(နိုင်)၀၅၀၅၁၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးအောင်မြင့်ကျော်(ခ)ဦးအောင်မြင့် ၁၀/သဖရ(နိုင်)၀၅၀၅၁၄**

# မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်း**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်။ )

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံစာရင်းအင်းဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်** ဆိုသည်မှာ စာရင်းအင်းဆိုင်ရာ ကောက်ယူစုဆောင်းထားသည့် အချက်အလက်များ သို့မဟုတ်အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းများ သို့မဟုတ် အခြားစာရင်းအင်းဆိုင်ရာပြုစုထားရှိမှုများမှ မူလအချက်အလက်များကို ရည်ညွှန်းကိုးကားထားခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ တရားဝင်စာရင်းအင်းများကို ပြုစုရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသောစနစ်ကို ဆိုသည်။

(ခ) **တရားဝင်စာရင်းအင်း** ဆိုသည်မှာ မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်တွင် ဖော်ပြထားသော အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ၊ ဝန်ကြီးဌာနများမှ မှတ်တမ်းများနှင့် စာရင်းအင်းများ၊ သန်းခေါင်စာရင်းများ၊ စစ်တမ်းများအားကောက်ယူစုဆောင်းခြင်း၊ ပြုစုခြင်း၊ တွက်ချက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်းတို့ပါဝင်သော စာရင်းအင်းဆိုင်ရာ အချက်အလက်စုဆောင်းမှုလုပ်ငန်းစဉ်များမှ ရရှိသော အချက်အလက် (Data) များကို ဆိုသည်။

(ဂ) **အရည်အသွေးပြည့်ဝသည့် စာရင်းအင်း** ဆိုသည်မှာ ဓမ္မဓိဋ္ဌာန်ကျမှု၊ တိကျမှန်ကန်မှု၊ စပ်ဆိုင်မှု၊ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်မှုရှိသည့် စာရင်းအင်းကို ဆိုသည်။

(ဃ) **သန်းခေါင်စာရင်း** ဆိုသည်မှာ လူ၊ တိရစ္ဆာန်၊ အဆောက်အအုံ၊ ပစ္စည်း၊ လုပ်ငန်းစသည်တို့၏ စာရင်းအင်းဆိုင်ရာ အချက်အလက်များ ပါဝင်သည်။

(င) **စစ်တမ်း** ဆိုသည်မှာ ဦးရေဆိုင်ရာလက္ခဏာရပ်များကို ခန့်မှန်းသိရှိနိုင်ရန်အတွက် အချိန်ကာလတစ်ခုအတွင်း ဦးရေဆိုင်ရာ စာရင်းအင်းအချက်အလက်များကို နမူနာစာရင်းကောက်ယူခြင်းဖြင့် စုဆောင်းရယူထားသော စာရင်းအင်းဆိုင်ရာ အချက်အလက်ကိုဆိုသည်။

(စ) **အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်း (Administrative Record)** ဆိုသည်မှာ စာရင်းအင်းလုပ်ငန်းစဉ်အတွက် ရည်ရွယ်ထားခြင်းမဟုတ်သော်လည်း အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအတွက် ကောက်ယူစုစည်းထိန်းသိမ်းထားသော မှတ်တမ်းအချက်အလက်ကိုဆိုသည်။

(ဆ) **မေးခွန်းဖြေကြားသူ** ဆိုသည်မှာ စာရင်းအင်းဆိုင်ရာအချက်အလက်များကို ဖြေကြားဆောင်ရွက်သော ပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း၊ တစ်ဦးချင်းဖြစ်စေ၊ အိမ်ထောင်စုကိုဖြစ်စေ၊ ဌာနအဖွဲ့အစည်းသို့မဟုတ် အသင်းအဖွဲ့တစ်ရပ်ရပ်ကိုဖြစ်စေ ကိုယ်စားပြုဖြေကြားသူတစ်ဦးဦးကိုသော်လည်းကောင်း ဆိုလိုသည်။

(ဇ) **စာရင်းအင်းအချက်အလက်ဖြန့်ဝေခြင်း** ဆိုသည်မှာ စာရင်းအင်းဆိုင်ရာ လျှို့ဝှက်ထိန်းသိမ်းခြင်းနှင့်သက်ဆိုင်ခြင်းမရှိသော အချက်အလက်ကိုသုံးစွဲသူများသို့ ရယူအသုံးပြုခွင့်ပေးခြင်းကို ဆိုသည်။

(ဈ) **လျှို့ဝှက်ထိန်းသိမ်းထားရမည့်အချက်အလက်** ဆိုသည်မှာ မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ်ဖြင့် တရားဝင်စာရင်းအင်းများကိုပြုစုနိုင်ရန်ကောက်ယူရာတွင် လက်ခံရရှိထားသော ပုဒ်မ ၁၁ နှင့်အညီ သတ်မှတ်ဖော်ပြထားသည့် ခွင့်ပြုချက်မပါရှိဘဲ ထုတ်ဖော်ခြင်းမပြုနိုင်သော ပုဂ္ဂိုလ်တစ်ဦးချင်းနှင့်သက်ဆိုင်သည့် အချက်အလက်ကိုဆိုသည်။

(ည) **မူလစာရင်းအင်းအချက်အလက်** ဆိုသည်မှာ စစ်တမ်း၊ သန်းခေါင်စာရင်းနှင့်အခြားစာရင်းအင်းဆိုင်ရာ အချက်အလက် ကောက်ယူစုဆောင်းမှုလုပ်ငန်းစဉ်များမှတစ်ဆင့် မေးခွန်းဖြေကြားသူထံမှ တိုက်ရိုက်ကောက်ယူစုဆောင်းရရှိပြီးတရားဝင်စာရင်းအင်းအတွက်အသုံးပြုရန် ရည်ညွှန်းကိုးကားမည့်အချက်အလက်ကိုဆိုသည်။

(ဋ) **စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်** ဆိုသည်မှာ တရားဝင်စာရင်းအင်းများထုတ်ပြန်ရန်အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းများ၊ သန်းခေါင်စာရင်းနှင့် စစ်တမ်းများမှ စာရင်းအင်းအချက်အလက်များကို ကောက်ယူစုဆောင်းခြင်း၊ ပြုစုခြင်း၊ ညွှန်ကိန်းများအားတွက်ချက်တိုင်းတာခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ သုံးသပ်ခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်း၊ ဖြန့်ဝေခြင်း၊ သိမ်းဆည်းခြင်းတို့နှင့် သက်ဆိုင်သည့်တာဝန်ယူဆောင်ရွက်မှုများကိုဆိုသည်။

(ဌ) **စာရင်းအင်းဆိုင်ရာကိစ္စရပ်** ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို ပြုစုရာတွင် အသုံးပြုဆောင်ရွက်ခြင်းကိုဆိုသည်။

(ဍ) **စာရင်းအင်းဆိုင်ရာအချက်အလက်** ဆိုသည်မှာ တရားဝင်စာရင်းအင်းများကိုဖော်ပြသည့် အချက်အလက်ကိုဆိုသည်။

(ဎ) **တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သော နှစ်စဉ်လုပ်ငန်းအစီအစဉ်** ဆိုသည်မှာ မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်အရ အချက်အလက်ပြုစုထုတ်ပြန်သူများက ဆောင်ရွက်မည့် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များအားလုံးကို ဖော်ပြထားသည့် နှစ်စဉ်ဆောင်ရွက်မည့် လုပ်ငန်းကို ဆိုသည်။

(ဏ) **စာရင်းအင်းပြုစုထုတ်ပြန်သူ** ဆိုသည်မှာ တရားဝင်စာရင်းအင်းများကို ထုတ်ပြန်ရန် ရည်ရွယ်ချက်ဖြင့် မူလအချက်အလက် သို့မဟုတ် တစ်ဆင့်ခံ အချက်အလက်ကောက်ယူသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကို ဆိုသည်။

(တ) **အမျိုးသားစာရင်းအင်းစနစ်တွင်ပါဝင်ပတ်သက်သူ (Stakeholder)** ဆိုသည်မှာ အမျိုးသားစာရင်းအင်းစနစ် အကောင်အထည်ဖော်ရာတွင် အဓိကပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်တစ်ဦးချင်း၊ အိမ်ထောင်စု၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ သမဝါယမ၊ ဖက်စပ်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီအပါအဝင် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရည်အသွေးပြည့်ဝ၍ တိကျမှန်ကန်ပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီပြုစုပံ့ပိုးနိုင်သည့် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်ပေါ်ပေါက်လာစေရန်၊

(ခ) အရည်အသွေးပြည့်ဝသော စာရင်းအင်းများရရှိခြင်းဖြင့် မူဝါဒနှင့်စီမံကိန်းများရေးဆွဲရာတွင်လည်းကောင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း အထောက်အကူပြုစေရန်၊

(ဂ) အကျိုးသက်ရောက်မှုရှိပြီး နိုင်ငံတော်အစိုးရနှင့်အများပြည်သူတို့ အသုံးပြုနိုင်ရန်အတွက် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန်၊

(ဃ) စာရင်းအင်းနှင့်သက်ဆိုင်သော ဌာနများ/အဖွဲ့အစည်းများအကြား ထိရောက်မြန်ဆန်စွာ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရန်၊

(င) အရည်အသွေးပြည့်ဝပြီးတိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် အစိုးရနှင့်ပြည်သူများအကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေရန်။

**အခန်း (၃)**

**အခြေခံစည်းမျဉ်းများ**

၄။ တရားဝင်စာရင်းအင်းများ၏ အရည်အသွေးပြည့်ဝစေရန်နှင့်ပြည်သူများ၏ ယုံကြည်မှုကိုရရှိနိုင်စေရန် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များကို အောက်ပါအခြေခံစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည် -

(က) မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်တွင် အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများဖြစ်ပေါ်စေရန် တည်ဆဲဥပဒေများနှင့်တရားဝင်စာရင်းအင်းဆိုင်ရာ ကုလသမဂ္ဂအခြေခံစည်းမျဉ်းများနှင့် ကိုက်ညီရမည်။

(ခ) အချက်အလက်များကို အနီးစပ်ဆုံးတိတိကျကျဖော်ပြ၍ အမှန်တကယ်တည်ရှိသည့်အခြေအနေများနှင့် ကိုက်ညီစေရမည်။

(ဂ) တူညီသော စာရင်းအင်းဆိုင်ရာ အချက်အလက်များ ထပ်မံကောက်ယူခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ရမည်။

(ဃ) အမျိုးသားစာရင်းအင်းများနှင့်စပ်လျဉ်း၍အများပြည်သူယုံကြည်လက်ခံနိုင်မှုရရှိစေနိုင်ရေးအတွက် စာရင်းအင်းပြုစုဆောင်ရွက်ရာတွင် နည်းလမ်းတကျစီမံဆောင်ရွက်မှုနှင့်အချက်အလက်များ ဖြန့်ဝေခြင်း၌ ပွင့်လင်းမြင်သာမှုရှိရမည်။

(င) စာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် ကောက်ယူစုဆောင်းထားသော ပုဂ္ဂိုလ်တစ်ဦးချင်း၊ လုပ်ငန်း/ အဖွဲ့အစည်းတစ်ခုချင်းစီ၏ လျှို့ဝှက်ထိန်းသိမ်းထားရှိရမည့်အချက်အလက်များကို တိကျစွာစောင့်ရှောက်ထိန်းသိမ်းပေးရမည်။

(စ) လျှို့ဝှက်ထိန်းသိမ်းရမည့် အချက်အလက်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာစည်းမျဉ်းများကို လိုက်နာ၍ စာရင်းအင်းဆိုင်ရာ အချက်အလက်သုံးစွဲသူများထံ ပြည်သူ့အရင်းအမြစ်တစ်ရပ် သို့မဟုတ် နိုင်ငံသားအခွင့်အရေးတစ်ရပ်အဖြစ်လည်းကောင်း၊ ဆုံးဖြတ်ချက်ချမှတ်သူများအတွက် အထောက်အကူအဖြစ်လည်းကောင်း ဖြောင့်မှန်သောနည်းလမ်းဖြင့် လွတ်လပ်စွာ ဖြန့်ဝေပေးရမည်။

(ဆ) အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းများသည် တရားဝင်စာရင်းအင်းများအတွက် အခြေခံအချက်အလက်များအဖြစ် အသုံးပြုနိုင်ရမည်။

**အခန်း (၄)**

**စာရင်းအင်းဆိုင်ရာအကြီးအမှူးနှင့် ယင်း၏လုပ်ငန်းတာဝန်များ**

၅။ ဗဟိုစာရင်းအင်းအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်သည် စာရင်းအင်းဆိုင်ရာအကြီးအမှူး (Chief Statistician) ဖြစ်သည်။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်၏ တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သော နှစ်စဉ်စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်နှင့် ကာလတို၊ ကာလရှည် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူများအား ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့်ကြီးကြပ်ခြင်း၊

(ခ) စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်သက်ဆိုင်သော အခြေခံစည်းမျဉ်းများနှင့်အညီ စာရင်းအင်းဆိုင်ရာစံနှုန်းများကို သတ်မှတ်နိုင်စေရေးအတွက် ကြီးကြပ်ခြင်းနှင့်လမ်းညွှန်ခြင်း၊

(ဂ) သတ်မှတ်ထားသောစံနှုန်းများနှင့်ကိုက်ညီသော စာရင်းအင်းများပြုစုရာတွင် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ကြသည့်အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ဆောင်ရွက်ထားသည့်စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များအား လေ့လာစိစစ်အကဲဖြတ်ခြင်းတို့ကို ကြီးကြပ်ခြင်း၊

(ဃ) စာရင်းအင်းရလဒ်များကို မှားယွင်းဖော်ပြခြင်းမှရှောင်ရှားနိုင်ရေးအတွက် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့်နည်းပညာဆိုင်ရာ အကူအညီနှင့်စပ်လျဉ်း၍သက်ဆိုင်ရာအချက်အလက်ပြုစုထုတ်ပြန်သူများ၊ စာရင်းအင်းဆိုင်ရာအချက်အလက်သုံးစွဲသူများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လိုအပ်သလိုညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(င) တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သော လုပ်ငန်းအစီအစဉ်များနှင့်အညီ မူလစာရင်းအင်းအချက်အလက်များကောက်ယူခြင်း၊ လူမှုစီးပွားဆိုင်ရာ စစ်တမ်းများကောက်ယူရန် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ကြသော အဖွဲ့အစည်းများအား တာဝန်ပေးအပ်ခြင်း၊

(စ) စာရင်းအင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာနှင့်အပြည်ပြည်ဆိုင်ရာ ညီလာခံများနှင့်အစည်းအဝေးများတွင် နိုင်ငံအတွက်ကိုယ်စားပြုဆောင်ရွက်ခြင်း၊

(ဆ) စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များအတွက် လုံလောက်သောဝန်ထမ်းများနှင့်ငွေကြေးခွင့်ပြုချက်များ ရရှိစေရန်ဆောင်ရွက်ခြင်းနှင့်အတည်ပြုချက်ရရှိရေးအတွက် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီသို့ တင်ပြခြင်း။

**အခန်း (၅)**

**ဗဟိုစာရင်းအင်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆။ ဗဟိုစာရင်းအင်းအဖွဲ့သည် မြန်မာနိုင်ငံ၏ အမျိုးသားစာရင်းအင်းဆိုင်ရာ အာဏာပိုင်အဖွဲ့ဖြစ်စေရမည်။ အဆိုပါအဖွဲ့သည် စာရင်းအင်းဆိုင်ရာမူဝါဒနှင့် စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အမျိုးသားအဆင့်မဟာဗျူဟာ(National Strategy for the Development of Statistics –NSDS) အကောင်အထည်ဖော်ရေးအတွက် ရပ်တည်ဆောင်ရွက်ရမည်။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည် ဗဟိုစာရင်းအင်းအဖွဲ့ကို ဦးဆောင်ရမည်။ ဗဟိုစာရင်းအင်းအဖွဲ့သည် အောက်ပါတာဝန်များကို ထမ်းဆောင်ရမည် -

(က) ဗဟိုစာရင်းအင်းအဖွဲ့သည် တရားဝင်စာရင်းအင်းနှင့်သက်ဆိုင်သော နှစ်စဉ်စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်နှင့် ကာလတို၊ ကာလရှည်စာရင်းအင်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(ခ) ဗဟိုစာရင်းအင်းအဖွဲ့သည် စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့်အရည်အသွေးပြည့်ဝရေးကော်မတီ၏အတွင်းရေးမှူးရုံး (Secretariat)အဖြစ် ဆောင်ရွက်ရမည်၊

(ဂ) စာရင်းအင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့်အရည်အသွေးပြည့်ဝရေးကော်မတီ၏ အတည်ပြုချက်ရရှိရေးအတွက် တင်ပြရမည်၊

(ဃ) အမျိုးသားစာရင်းအင်းစနစ်၏တရားဝင်စာရင်းအင်းများနှင့် သက်ဆိုင်သောအစီအစဉ်နှင့် စာရင်းအင်းအချက်အလက်များကို ဖြန့်ဝေခြင်း၊ စီမံချက်များ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို လေ့လာစိစစ်ကြီးကြပ်ရမည်၊

(င) စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသော အခြေခံစည်းမျဉ်းများနှင့်အညီစာရင်းအင်းဆိုင်ရာစံနှုန်းများ ကိုက်ညီစေရေးအတွက်သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည်၊

(စ) အရည်အသွေးပြည့်ဝ၍ တိကျမှန်ကန်သောစာရင်းအင်းကိန်းဂဏန်းအချက်အလက်များအား ကောက်ယူစုစည်းနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များတွင် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(ဆ) ရုံးချုပ်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များတွင် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲများအကြား စာရင်းအင်းအချက်အလက်ပေးပို့ရန်ကွန်ရက် (Data Communication Network) ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့်စုစည်းထိန်းသိမ်းထားရှိခြင်း၊

(ဇ) ဗဟိုစာရင်းအင်းအဖွဲ့က စာရင်းအင်းဆိုင်ရာ အချက်အလက်များကို အီလက်ထရွန်နစ်အချက်အလက်ဝန်ဆောင်မှုစနစ် ထူထောင်ခြင်းနှင့်လျှို့ဝှက်ကိစ္စရပ်မှအပ ထုတ်ပြန်သင့်သည့် စာရင်းအင်းများအား ဖြန့်ဝေခြင်း၊

(ဈ) စာရင်းအင်းများပြုစုရာတွင် စာရင်းအင်းဆိုင်ရာကျွမ်းကျင်မှုနှင့်အရည်အသွေးကို မြှင့်တင်ရန်သင်ရိုးညွှန်းတမ်းရေးဆွဲဆောင်ရွက်ခြင်း၊ စာရင်းအင်းနည်းပညာဖွံ့ဖြိုးရေး သင်တန်းများဖွင့်လှစ်ခြင်း၊

(ည) လူမှုစီးပွားအခြေအနေဆိုင်ရာ အညွှန်းကိန်းများနှင့်အထွေထွေစာရင်းအင်းများပြုစုနိုင်ရန် စစ်တမ်းနှင့်သန်းခေါင်စာရင်းများကောက်ယူရေးအတွက်ပြင်ဆင်ဆောင်ရွက်စေရန် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်တွင်ပါဝင်ကြသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

*(ဆက်လက်ဖော်ပြပါမည်။)*



# ပုဗ္ဗသီရိမြို့နယ်တွင် မြေဩဇာ ကြဲ/ပက်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၆**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ကိုးရွာသပြေကုန်းကျေးရွာ ကွင်းအမှတ်-၁၆၄၃ တောင်သူဦးသန်းထွန်း၏ GAP စနစ်ဖြင့် စိုက်ပျိုးထားသော တင်း ၂၀၀ ကျော်အထက်ထွက်ရှိသည့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ကွင်းအတွင်း၌ စက်တင်ဘာ ၄ ရက်က စုပေါင်းမြေဩဇာကြဲ/ပက်ပွဲကို ကျင်းပခဲ့သည်။

အဆိုပါ မြေဩဇာ ကြဲ/ပက်ပွဲသို့ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြပြီး မိုးစပါးသီးနှံ အထွက်နှုန်း တိုးတက်ရေးအတွက် သွင်းအားစုများဖြစ်သည့် မြေဩဇာ အချိုးအစားမှန်ကန်စွာ ရောစပ်အသုံးပြုနည်း၊ စနစ်တကျ ကြဲ/ပက်နည်းများကို ယင်းကျေးရွာအုပ်စုအတွင်းရှိတောင်သူများအား စိုက်ကွင်း တာဝန်ခံများက လက်တွေ့သင်ကြားပြသခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်



**ရန်ကုန် စက်တင်ဘာ ၆**

တာမွေမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ အာဟာရ ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုကို စက်တင်ဘာ ၃ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာဒေါ်မိမိတင်က ရင်သွေးငယ်ကလေးများအား ပြုစုစောင့်ရှောက်ရာတွင် အာဟာရသင့်တင့်စေသည့် အစားအသောက်များကို ကျွေးမွေး၍ ပြုစုစောင့်ရှောက်ရန် အသိပညာပေး ဟောပြောဆွေးနွေးသည်။ ဆက်လက်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက တန်ဖိုးနည်းအာဟာရချက်ပြုတ်နည်းကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များနှင့် ရင်သွေးငယ်ကလေးများ စုစုပေါင်း ၅၀ တက်ရောက်ရာ အာဟာရအစားအစာအဖြစ် ကြက်ဥနှင့် ငှက်ပျောသီးများ လက်ဆောင်ဝေငှခဲ့ကြောင်း သိရသည်။

**လှလှ**

# စိတ္တရမဟီအိမ်ရာစီမံကိန်း အဆောက်အအုံများ ဆောက်လုပ်နေမှု တွေ့ဆုံရှင်းလင်း

**မန္တလေး စက်တင်ဘာ ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စိတ္တရမဟီအိမ်ရာ စီမံကိန်းအဆောက်အအုံများဆောက်လုပ်နေမှုနှင့် ပတ်သက်၍ လုပ်ငန်းခွင်များ တွေ့ဆုံရှင်းလင်းပွဲအခမ်းအနားကို စက်တင်ဘာပထမပတ်က မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးခင်မောင်တင်က အမှာစကားပြောကြားရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ စိတ္တရမဟီအိမ်ရာစီမံကိန်းဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ဆောက်လုပ်သင့်သော အပိုင်းများကို ဆက်လက်ဆောင်ရွက်စေပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ သတ်မှတ်ချက်၊ စည်းမျဉ်းစည်းကမ်းများ၊ အမြင့်ပေသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်သွားရေး၊ အိမ်ရာစီမံကိန်း၏ စွန့်ပစ်ပစ္စည်းများ၊ သန့်ရှင်းရေးကိစ္စရပ်များကို ကော်မတီ၏သတ်မှတ်ချက်များနှင့်ကိုက်ညီအောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စိတ္တရမဟီအိမ်ရာစီမံကိန်းနှင့်ပတ်သက်၍ ဖြစ်စဉ်အကျဉ်းကို လမ်းတံတားဌာနမှ ဌာနမှူးက ရှင်းလင်းတင်ပြပြီး ရေဆိုးစွန့်ထုတ်မည့်စနစ်များကို ဆက်လက်ရှင်းလင်းတင်ပြ၍ သန့်ရှင်းရေးဌာနမှ ဌာနခွဲမှူးက အမှိုက်သိမ်းဆည်းနိုင်မှုအခြေအနေများကို လည်းကောင်း၊ ရေနှင့်သန့်ရှင်းမှုဌာနမှ ဌာနမှူးက သောက်သုံးရေရရှိရန် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ စစ်ဆေးရေးဌာနမှ ဌာနမှူးက မန္တလေးမြို့တော် စည်ပင်သာယာလှပရေးအတွက် ကော်မတီက ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ဌာနမှူးက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းချက်များနှင့်အညီ ဆောက်လုပ်ရေးကော်မတီများ လိုက်နာဆောင်ရွက်သွားရေး တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# မွေးကင်းစကလေး အသက်ကယ်ပြုစုနည်း သင်တန်းဖွင့်

**ကန့်ဘလူ စက်တင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့တွင် ရေမွန်းသော မွေးကင်းစကလေး အသက်ကယ်ပြုစုနည်းဆင့်ပွားသင်တန်းကို စက်တင်ဘာလပထမပတ်က ခုတင် ၁၀၀ ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်း၌ သားဖွားနှင့်မီးယပ်အထူးကုဒေါက်တာနန်းမြသူဇာမောင်က သင်ထောက်ကူပစ္စည်းများဖြင့် ရေမွန်းသော မွေးကင်းစကလေး အသက်ကယ်ပြုစုစောင့်ရှောက်ခြင်း နည်းလမ်းများကို လက်တွေ့သရုပ်ပြခဲ့သည်။

ယင်းသင်တန်းသို့ ကန့်ဘလူ၊ ကျွန်းလှ၊ တန့်ဆည်နှင့် ရေဦးမြို့နယ်များမှ လက်ထောက်ဆရာဝန်နှင့် သူနာပြုအဆင့် (၁) စုစုပေါင်းရှစ်ဦး တက်ရောက်ကြသည်။ အဆိုပါဆင့်ပွားသင်တန်း၌ တက်ရောက်ခဲ့သူများက သက်ဆိုင်ရာ မြို့နယ်များတွင် ဆင့်ပွားသင်တန်းများ ဆက်လက်ပို့ချလေ့ကျင့်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရေကြီးနစ်မြုပ်လယ်မြေများ စိုက်ပျိုးနိုင်ရေးကွင်းဆင်း

**အောင်လံ စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် ရေဘေးသင့်ပြီး နစ်မြုပ်ခဲ့ရသော လယ်ယာမြေများ အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမောင်နှင့် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့တို့က ဦးဆောင်၍ ရေကြီးနစ်မြုပ်ကျေးရွာအုပ်စု ရှစ်အုပ်စုမှ တောင်သူ ၆၃ ဦး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၁၅ ဦးပါဝင်သော အဖွဲ့တို့သည် လယ်ယာမြေများ အလျင်အမြန်စိုက်ပျိုးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့ရှိ လယ်တော်ကြီး မျိုးထုတ်လုပ်ရေးခြံ၌ ကွင်းဆင်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာကြရာ၌ လယ်တော်ကြီး မျိုးထုတ်လုပ်ရေးခြံအတွင်း၌ ရေသွင်း ရေထုတ်စနစ်များ၊ လုပ်သားအင်အား အသုံးမပြုရဘဲ စက်ကိရိယာများဖြင့် မြေပြုပြင်ခြင်းလုပ်ငန်းများ၊ ပျိုးဗန်းစနစ်ဖြင့် ပျိုးထောင်ထားရှိမှုအခြေအနေများ၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းလုပ်ငန်းများကို လေ့လာခဲ့ကြပြီး စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များနှင့် လယ်တော်ကြီးမျိုးထုတ်လုပ်ရေး ခြံတာဝန်ရှိသူများနှင့် တွေ့ဆုံကာ အောင်လံမြို့နယ်အတွင်း ရေဘေးသင့်ပြီး နစ်မြုပ်ခဲ့ရသော လယ်ယာမြေများ အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စက်ကိရိယာများ အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအထိမ်းအမှတ် ကျန်းမာရေးအသိပညာပေးဟောပြော

**နေပြည်တော် စက်တင်ဘာ ၆**

နေပြည်တော်ကောင်စီနယ်မြေ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှကြီးမှူး၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုအထိမ်းအမှတ် ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် အာဟာရ ကျွေးမွေးခြင်း အခမ်းအနားကို ဩဂုတ်လနောက်ဆုံးပတ်က ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ ရွှေကြာပင်မူလတန်းကြိုကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မိမိစိုးက အမှာစကားပြောကြားပြီး နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ခင်ဆွေဦးက ကျန်းမာရေးအသိပညာများ ဟောပြောခဲ့သည်။ ထို့နောက် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကျင်ခိုင်က ကလေးငယ် ၄၈ ဦးကို အာဟာရပြည့်အစားအစာများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**သူဇာလှိုင်(စက်မှု)**

# မြစ်ရေဝင်လယ်မြေများ ခက်ခက်ခဲခဲ ထွန်ယက်နေကြရ

**ရေစကြို စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ဇူလိုင်နှင့်ဩဂုတ်လများက ချင်းတွင်းမြစ်ရေကြီးမှုကြောင့် လယ်ယာမြေများ မြစ်ရေလွှမ်းပြီး မြစ်ရေကျသွားသောအခါ မကြုံစဖူး နုန်းများထူထပ်စွာ ကျန်ခဲ့မှုကြောင့် မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေး ခက်ခက်ခဲခဲကြိုးပမ်းထွန်ယက်နေကြရကြောင်း သိရသည်။

"ကျွန်တော့်လယ်မြေက မြစ်ရေလွှမ်းခဲ့ပြီး ရေပြန်ကျသွားတော့ နုန်းထုတွေက ၈ လက်မ၊ ၉ လက်မထုလောက် တင်ကျန်ခဲ့တယ်ဗျာ။ နွားနဲ့လည်းထွန်လို့မရ၊ စက်ကြီးတွေလည်း ဝင်လို့မရ၊ မြေတွေကကျွံတော့ ကွန်ဒေါင်းလက်တွန်းထွန်စက်နဲ့ ခက်ခက်ခဲခဲထွန်နေရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအတိုင်းထွန်လို့မရဘူး။ ရွှံ့ညွန်တွေက စေးကပ်နေတာ။ စက်မရွေ့ဘူး၊ လယ်ကွက်ထဲရေအပြည့်ထည့်ပြီးတော့ စက်ပေါ်တက်လိုက်၊ အောက်ဆင်းလိုက်နဲ့ ထွန်နေရတယ်၊ ထွန်ပြီးတော့လည်း မြေမျက်နှာပြင် အနိမ့်အမြင့်ညီအောင် တော်တော်ညှိရဦးမယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# ခရီးသွားကဏ္ဍကိုမြှင့်တင်ပေးမည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့

ဇော်လင်းထွန်း
(ဟိုတယ်/ခရီး)

နှစ်စဉ်နှစ်တိုင်း စက်တင်ဘာလ ၂၇ ရက်နေ့ရောက်လျှင် ကုလသမဂ္ဂ၏ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) ကို ကမ္ဘာအနှံ့ရှိ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့(UNWTO) အဖွဲ့ဝင်နိုင်ငံများတွင် ကျင်းပကြမြဲဖြစ်သည်။ ထိုသို့ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့(World Tourism Day) ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ခရီးသွားလုပ်ငန်းကိုမြှင့်တင်ရန်နှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သော လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာအရေးပါမှုများကို နိုင်ငံတကာအသိုင်းအဝိုင်းများ၏ စိတ်ဝင်စားသတိပြုမှုအားမြှင့်တင်ပေးရန် ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ခရီးသွားလုပ်ငန်းစနစ်တကျ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများကို ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်အဖွဲ့များ ဖွဲ့စည်းထားရှိကြသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (Myanmar Tourism Federation)၊ စင်ကာပူခရီးသွားလုပ်ငန်းအဖွဲ့ (Singapore Tourism Board)၊ ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့(Tourism Authority of Thailand) မဲခေါင်ဒေသ ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးရုံး(Mekong Tourism Coordinating Office)၊ အရှေ့တောင် အာရှနိုင်ငံများအသင်း ခရီးသွားလုပ်ငန်းအဖွဲ့(Association of South East Asia Nation's Tourism Association)၊ ပစိဖိတ်အာရှခရီးသွားအဖွဲ့(Pacific Asia Travel Association)၊ ကမ္ဘာ့ခရီးသွားနှင့် ခရီးသွားလုပ်ငန်းကောင်စီ(World Travel and Tourism Council)၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့(United Nation World Tourism Organization) စသည်တို့ ဖြစ်သည်။

ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့(UNWTO)သည် ခရီးသွားလုပ်ငန်းကဏ္ဍနှင့်ပတ်သက်လျှင် အကြီးဆုံးနှင့်လွှမ်းမိုးမှုအရှိဆုံး အသင်းကြီးဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၆ နိုင်ငံ၊ တွဲဖက်အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံနှင့် လေ့လာသူအဖြစ် နှစ်နိုင်ငံပါဝင်သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့သည် တာဝန်သိခရီးသွားလုပ်ငန်း(Responsible Tourism)၊ ရေရှည်တည်မြဲတိုးတက်သော ခရီးသွားလုပ်ငန်း(Sustainable Tourism)နှင့် ခရီးသွားများအတွက် မိမိသွားလိုသောနေရာဒေသသို့ အဆင်ပြေစွာရောက်ရှိနိုင်ရေးတို့အတွက် တာဝန်ရှိသည့် ကုလသမဂ္ဂလက်အောက်ခံ အထူးအေဂျင်စီတစ်ခုလည်း ဖြစ်သည်။

နှစ်စဉ်ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့၏ အတွင်းရေးမှူးချုပ်က ဂုဏ်ပြုသဝဏ်လွှာ ထုတ်ပြန်လေ့ရှိသည်။ ကမ္ဘာတစ်လွှားရှိ များစွာသော ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ အဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သော အစိုးရအဖွဲ့အစည်းများကလည်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးမျိုးအထွေထွေသောပွဲတော်များ၊ လှုပ်ရှားမှုများကို ကျင်းပဆောင်ရွက်ကြသည်။ အဆိုပါနေ့တွင်ပင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဓာတ်ပုံပြိုင်ပွဲများ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism) ဆုကဲ့သို့သော ဆုချီးမြှင့်ပွဲများကို ကျင်းပလေ့ရှိကြသည်။

ထို့အပြင် ခရီးသွားဧည့်သည်များ သွားရောက်လည်ပတ် လေ့လာတတ်သောနေရာများအား အများပြည်သူ ဝင်ရောက်လည်ပတ်ခြင်းအတွက်

**ယခု ၂၀၁၅ ခုနှစ်အတွက် ဦးတည်ချက်မှာ "One Billion Tourists, One Billion Opportunities" ဟူ၍ ဖြစ်ရာ မြန်မာမှုပြုရမည်ဆိုလျှင် "ခရီးသွား ဧည့်သည် သန်း ၁၀၀၀၊ အခွင့်အလမ်းသစ် သန်း ၁၀၀၀" ဟု ယူလျှင် ရနိုင်ပါသည်။ အဆိုပါ ဆောင်ပုဒ်ကို မြန်မာဘာသာသို့ မြန်မာဆောင်ပုဒ်အဖြစ် အကောင်းဆုံး ဘာသာပြန်ဆို ပေးနိုင်သူအား ဆုချီးမြှင့်မည်**

အခမဲ့ဝင်ရောက်ခွင့်ပြုခြင်း၊ ဈေးလျှော့ပေးခြင်း၊ အခြားလက်ဆောင်ပစ္စည်းများပေးခြင်းစသည်ဖြင့် ဂုဏ်ပြုလှုပ်ရှားမှုများလည်း ဆောင်ရွက်တတ်ကြသည်။ စက်တင်ဘာ ၂၇ ရက် နီးလာလျှင် အစိုးရအဖွဲ့အစည်းနှင့် လူမှုအဖွဲ့အစည်းခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း မိမိတို့နိုင်ငံမှ ခရီးစဉ်များအတွက် အထူးဈေးနှုန်းများကို ကမ္ဘာ့ခရီးသွားနေ့နှင့် မိမိတို့ဒေသခရီးသွားလုပ်ငန်းကို မြှင့်တင်သည့်အနေဖြင့် ထုတ်ပြန်ကြေညာလေ့ရှိသည်။ ကမ္ဘာ့ခရီးသွားနေ့ကို ကုလသမဂ္ဂက ကြီးမှူးကျင်းပသော်လည်း ယင်းနေ့ကို အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ခြင်းမရှိပေ။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အလျင်အမြန်ဆုံး ကြီးထွားလာနေသည့် စီးပွားရေးကဏ္ဍတစ်ရပ်အဖြစ် ဆက်လက်ဖွံ့ဖြိုးနေသည်။ ခေတ်ပေါ်ခရီးသွားလုပ်ငန်း(Modern Tourism)သည် ခရီးစဉ်ဒေသအသစ်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် နီးကပ်စွာဆက်စပ်လျက်ရှိသည်။ အဆိုပါဖြစ်စဉ်က လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော မောင်းနှင်အားတစ်ခု ဖြစ်လာသည်။

ခရီးသွားလုပ်ငန်းသည် အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးတွင် အဓိကဇာတ်ကောင်တစ်ခု ဖြစ်လာသည့်နည်းတူ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပင်မဝင်ငွေ အရင်းအမြစ်တစ်ခုအဖြစ် ကိုယ်စားပြုလာသည်။

ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့သည် ကမ္ဘာ့ခရီးသွားနေ့ကို သတ်မှတ်ကျင်းပရန် ၁၉၇၉ ခုနှစ် စက်တင်ဘာလနှောင်းပိုင်းတွင် ဆုံးဖြတ်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ် စက်တင်ဘာ ၂၇ ရက်တွင် ပထမဦးဆုံး စတင်ကျင်းပခဲ့သည်။ စက်တင်ဘာ ၂၇ ရက်ကို ကမ္ဘာ့ခရီးသွားနေ့အဖြစ် သတ်မှတ်ရခြင်းမှာ ယင်းနေ့သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းအတွက် အရေးကြီးသော မှတ်တိုင်တစ်ခုနှင့် ထပ်တူကျသောနေ့ရက်ဖြစ်သောကြောင့် ဖြစ်သည်။ အကြောင်းမှာ ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့၏ ဥပဒေကို ၁၉၇၀ ပြည့်နှစ် စက်တင်ဘာ ၂၇ရက်တွင် စတင်ပြဋ္ဌာန်းကျင့်သုံးခဲ့ခြင်းကြောင့် ကမ္ဘာ့ခရီးသွားနေ့ကို ယင်းနေ့တွင် သတ်မှတ်ကျင်းပခြင်းဖြစ်သည်။

ထို့အပြင် ကမ္ဘာ့ခရီးသွားနေ့အဖြစ် သတ်မှတ်သော နေ့ရက်အချိန်ကာလသည် ကမ္ဘာ့မြောက်ဘက်ခြမ်း ဒေသနိုင်ငံများတွင် ခရီးသွားရာသီကုန်ဆုံးချိန်ဖြစ်ပြီး ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ဒေသနိုင်ငံများတွင် ခရီးသွားရာသီစတင်ချိန်ဖြစ်သောကြောင့် လျော်ကန်သင့်မြတ်သည်ဟု ကုလသမဂ္ဂကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့က ယူဆထားသည်။

ကမ္ဘာ့ခရီးသွားနေ့ကို နှစ်စဉ်ကျင်းပခဲ့ရာတွင် နှစ်စဉ် ထူးခြားသောဦးတည်ချက်(Theme)တစ်ခုချင်းစီဖြင့် သတ်မှတ်ကျင်းပလေ့ရှိသည်။ ၂၀၁၀ ခုနှစ်တွင် " Tourism and Biodiversity"၊ ၂၀၁၁ ခုနှစ်တွင် "Tourism Linking Culture"၊ ၂၀၁၂ ခုနှစ်တွင် "Tourism and Sustainable Energy; Powering Sustainable Development"၊ ၂၀၁၃ ခုနှစ်တွင် "Tourism and Water-Protecting Our Common Furture"၊ ၂၀၁၄ ခုနှစ်တွင် " Tourism and Community Development" ဟူသော ဦးတည်ချက်များ ချမှတ်ကျင်းပခဲ့ကြသည်။

ယခု ၂၀၁၅ခုနှစ်အတွက် ဦးတည်ချက်မှာ "One Billion Tourists, One Billion Opportunities" ဟူ၍ ဖြစ်ရာ မြန်မာမှုပြုရမည်ဆိုလျှင် "ခရီးသွားဧည့်သည် သန်း ၁၀၀၀၊ အခွင့်အလမ်းသစ် သန်း ၁၀၀၀" ဟု ယူလျှင်ရနိုင်ပါသည်။ အဆိုပါ ဆောင်ပုဒ်ကို မြန်မာဘာသာသို့ မြန်မာဆောင်ပုဒ်အဖြစ် အကောင်းဆုံး ဘာသာပြန်ဆိုပေးနိုင်သူအား အမှတ်တရဆု ချီးမြှင့်မည်ဖြစ်ကြောင်းလည်း သိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၂၀၁၂ ခုနှစ် ဇွန်လတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့(UNWTO) သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး ယင်းနှစ်မှစ၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို မပျက်မကွက် ကျင်းပလာခဲ့သည်။ ယခုနှစ် စက်တင်ဘာ ၂၇ ရက်တွင်ကျရောက်မည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ(၂)တွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် စသည့်ပုဂ္ဂလိကခရီးသွားလုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ခရီးသွားနေ့(World Tourism Day)ကျင်းပမှု၏ အကြိုလှုပ်ရှားမှုများအဖြစ် ယခုနှစ် ဦးတည်ချက် (Theme)အဖြစ် သတ်မှတ်ထားသော "One Billion Tourists, One Billion Opportunities" ဟူသော ဆောင်ပုဒ်ကိုခေါင်းစဉ်ပြု၍ တက္ကသိုလ်၊ ကောလိပ်ကျောင်းသား၊ ကျောင်းသူများဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ထားပြီးဖြစ်သည်။ အဆိုပါ စာစီစာကုံးပြိုင်ပွဲကို ဖြေဆိုရာတွင် အင်္ဂလိပ်ဘာသာဖြင့် စာလုံးရေ ၃၀၀ ခန့် ဖြေဆိုရန်ဖြစ်ပြီး ပြိုင်ပွဲဝင်များ၏ ဖြေဆိုချက်များအား စိစစ်၍ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများကို ရွေးချယ်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့(World Tourism Day) ကျရောက်သော ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ဆုများကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။ ထို့အပြင် ဓာတ်ပုံပြိုင်ပွဲကိုလည်း မြန်မာနိုင်ငံဓာတ်ပုံပညာရှင်များအသင်းနှင့်ပူးပေါင်း၍ "နှစ်လိုဖွယ်ရာ၊ ပြည်မြန်မာ" အမည်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများနှင့် နှစ်သိမ့်ဆုများကို ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါနေ့တွင်ပင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏ အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသည့် ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်များအတွက် ဆုများကိုလည်း ရွေးချယ်ချီးမြှင့်မည် ဖြစ်သည်။ ချီးမြှင့်မည့်ဆုများတွင် ဟိုတယ်ဝန်ဆောင်မှု အကောင်းဆုံးဆုအတွက် ပြည်တွင်း ဟိုတယ်များမှ ပထမ၊ ဒုတိယနှင့်တတိယဆုများကို ဟိုတယ်သုံးလုံး၊ ဟိုတယ်ဝန်ဆောင်မှု အကောင်းဆုံးဆုအတွက် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI)ဟိုတယ်များမှ ပထမ၊ ဒုတိယနှင့် တတိယဆုများကို ဟိုတယ်သုံးလုံး၊ ခရီးသွားလုပ်ငန်းဝန်ဆောင်မှု အကောင်းဆုံးဆုအတွက် ပြည်တွင်းခရီးသွားလုပ်ငန်းများမှ ပထမဆု၊ ဒုတိယဆု၊ တတိယဆုများကို ခရီးသွားလုပ်ငန်းသုံးခု၊ ပြည်ပသို့မဟုတ် ဖက်စပ်ခရီးသွားလုပ်ငန်းများမှ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုသုံးဆုကို ပြည်ပသို့မဟုတ် ဖက်စပ်ခရီးသွားလုပ်ငန်းသုံးခုအား ရွေးချယ်၍ ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့(UNWTO)၏အဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့(World Tourism Day)ကို ယခုနှစ်အတွက် UNWTO ၏ဦးတည်ချက်ဖြစ်သည့် "One Billion Tourists,One Billion Opportunities" ဟူသည့်ဆောင်ပုဒ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသွားမည် ဖြစ်ပါသည်။ ထို့အပြင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနသည် ပြဋ္ဌာန်းရေးဆွဲပြီးဖြစ်သည့် ခရီးသွားလုပ်ငန်း ပင်မစီမံကိန်း ၂၀၁၃ -၂၀၂၀ ပါ တာဝန်သိခရီးသွားလုပ်ငန်း( Responsible Tourism)နှင့် ရေရှည်တည်မြဲတိုးတက်သော ခရီးသွားလုပ်ငန်း(Sustainable Tourism)များ နိုင်ငံအတွင်း စည်းစနစ်ကျနစွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် လည်ပတ်လေ့လာစရာအကောင်းဆုံး ခရီးစဉ်ဒေသအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့(World Tourism Day-2015)ကို ကြိုဆိုဂုဏ်ပြုတင်ပြလိုက်ရပါသည်။



# ရင်ထဲက မန္တလေးမြို့မတေးသီချင်းသီဆိုပြိုင်ပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ဆောင်ရွက်သော မန္တလေးမြို့ဂုဏ်ဆောင် မြို့မအပျော်တမ်းတေးဂီတတူရိယာအသင်း၏နှစ်(၉၀) ပြည့်ရင်ထဲက မန္တလေးမြို့မတေးသီချင်းဆိုပြိုင်ပွဲ ပထမနေ့အဖြစ်စက်တင်ဘာ ၄ ရက် ည ၇ နာရီက အမျိုးသားဇာတ်ရုံကြီး၌ ဆန်ခါတင်ပြိုင်ပွဲဝင်များက ပါဝင်ယှဉ်ပြိုင်ကြရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးမြို့မအပျော်တမ်းတူရိယာ အသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းဝင်များ၊ နိုင်ငံကျော်အဆိုတော်များ၊ ခေတ်ပေါ်သံစုံတီးဝိုင်းမှအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်တေးသံရှင်များနှင့် တေးချစ်သူပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံစုံတီးဝိုင်းကြီးများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းမှအဖွဲ့ဝင်များက အဖွင့်တေးသီချင်းဖြင့်ဖျော်ဖြေတင်ဆက်ကာ နိုင်ငံကျော်အဆိုတော်များက ဧည့်ခံဖျော်ဖြေခဲ့ကြပြီး ဇာနည်အောင်၏ တောင်ပြိုးတေးသီချင်းအကဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ရင်ထဲကမန္တလေး မြို့မတေးသီချင်း သီဆိုပြိုင်ပွဲ ပထမနေ့ပြိုင်ပွဲဝင် အမျိုးသားများက ယှဉ်ပြိုင်သီဆိုကြပြီး ကုလားမနှင့်အဖွဲ့က မပြီးသေးသောပန်းချီကားတေးသရုပ်ဖော်ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ ဆက်လက်၍ နိုင်ငံကျော်အဆိုတော်များက တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေပြီး မြင်းခင်းသောတေးသရုပ်ဖော်ကို တင်ဆက်ကြသည်။ ယင်းနောက် နိုင်ငံကျော်အဆိုတော်များက ဖျော်ဖြေတင်ဆက်ကြပြီး ဇာတ်မင်းသားကြီးဝင်းနောင်က တိမ်လွှာမို့မိုလွင်တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကာ ပြိုင်ပွဲဝင်အမျိုးသမီးများက ဆက်လက်ယှဉ်ပြိုင်သီဆိုကြပြီးနောက် သဏ္ဌာန်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

သဏ္ဌာန်တေးသီချင်းများဖြင့် ယှဉ်ပြိုင်ဆုရရှိသူများတွင် ညှင်းသွဲ့သွဲ့လေပြည်သီချင်းဖြင့် ဦးရာဇာတင်အေးက ပထမ၊ နွေဦးတေးသံသီချင်းဖြင့် ဦးအောင်ဇော်ဦးက ဒုတိယ၊ နှုတ်ခွန်းဆက်သီချင်းဖြင့် ကိုသက်နိုင်က တတိယနှင့် ရက်မြတ်သဏ္ဌာန်သီချင်းဖြင့် ကိုဇော်ထွေးလတ်၊ အောင်သပြေ (၂)သီချင်းဖြင့် ကိုမျိုးဝင်း၊ သဏ္ဌာန်လေညင်းလုလင်သီချင်းဖြင့် ကိုအောင်စိုးလွင်၊ မူယာကျော့သီချင်းဖြင့် ကိုအောင်နိုင်တို့က နှစ်သိမ့်ဆုရရှိကြပြီး ဒေါ်နန်းလဲ့လဲ့လွင်က ငြိမ်းချမ်းရေးရေသဘင်သီချင်းဖြင့် ပထမ၊ ဒေါ်စန်းသီတာအေးက နှုတ်ခွန်းဆက်သီချင်းဖြင့် ဒုတိယ၊ ဒေါ်ကြူကြူခိုင်က မန်းတောင်ရိပ်ခိုသီချင်းဖြင့် တတိယ၊ ငန်းဖြူနဲ့မန်းသူသီချင်းဖြင့် ဒေါ်ကြည်ကြည်ဆွေ၊ ရွှေမန်းမာလာသီချင်းဖြင့် ဒေါ်သီတာအေးလွင်၊ မူယာကျော့သီချင်းဖြင့်ဒေါ်မိုင်းမိုင်းခန့်နှင့် သဏ္ဌာန်လေညင်းလုလင်သီချင်းဖြင့် ဒေါ်ကြင်ကြင်မြိုင်တို့က နှစ်သိမ့်ဆုများရရှိခဲ့ကြကြောင်းနှင့် ပြိုင်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



**တင်မောင်(မန်းကိုယ်ပွား)**

# ဖားကန့်ရပ်ကွက်အချို့မှ ရေကြီးနစ်မြုပ်အိမ်များသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**ဖားကန့် စက်တင်ဘာ ၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့၌ ဥရုချောင်းရေကြီး၍ မြို့ပေါ်ရပ်ကွက်များမှ ရေနစ်မြုပ်ခဲ့သော အိမ်ထောင်စုများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲကို စက်တင်ဘာ ၃ ရက်က သီရိမင်္ဂလာမဏိဇေယျကျောင်းရှိ မြို့လယ်ဓမ္မာရုံကြီး၌ ကျင်းပသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စက်လှေတစ်စင်း ပေးအပ်လှူဒါန်းပြီး ပြည်နယ် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ လှူဒါန်းသော ကျားလုံချည်၊ မလုံချည်၊ တီရှပ်၊ မျက်နှာသုတ်ပုဝါများပါ ကယ်ဆယ်ရေးပစ္စည်းအထုပ် ၁၁၆ ထုပ်နှင့် ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှ လှူဒါန်းသော သွားတိုက်တံ၊ သွားတိုက်ဆေး၊ ဆပ်ပြာနှင့် လူသုံးပစ္စည်းများ ၁၁၆ ဖာ၊ မြို့နယ်သံဃနာယကအဖွဲ့နှင့် ကချင်လူမှုကွန်ရက်အဖွဲ့တို့မှ ထောက်ပံ့သည့် ဆန် ၅၀ အိတ်နှင့် ခေါက်ဆွဲခြောက်ထုပ်များကို ရေဝင်ရောက်ခဲ့သော ငှက်ပျောတော၊ မရှိကထောင်၊ မြို့မ၊ အေးမြသာယာနှင့် မော်ဝမ်းရပ်ကွက်များမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့သည်။ နမ့်မှော်ကျေးရွာနှင့် ရွာဟောင်းကျေးရွာများရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့သည့်ပစ္စည်း ၅၁ ထုပ်ကိုလည်း ပြည်နယ်လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထပ်မံပေးအပ်ခဲ့သည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်သည့်အပြင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သောရပ်ကွက်များရှိ လမ်းများတွင် တင်ကျန်ခဲ့သည့် ရွှံ့နွံများနှင့် အမှိုက်သရိုက်များကိုလည်း နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးသန်းဦးနှင့် တပ်မတော်သားများ၊ ရဲမှူးကြီး မျိုးမင်းဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးကျော်လင်းနှင့် စည်ပင်ဝန်ထမ်းများ၊ ဌာနဆိုင်ရာများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့နယ်အတွင်း ရေဘေးကယ်ဆယ်ရေးအတွက် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ဖားကန့်)က ငွေကျပ်သိန်း ၁၀၀ လှူဒါန်းထားပြီး ကမ္ဘောဇဘဏ်မိသားစု၊ ကချင်လူမှုကွန်ရက်အဖွဲ့၊ မဏိဇေယျကျောင်းဆရာတော် ဦးဝါယမနှင့်အဖွဲ့များ၊ မြို့ဦးတောရ ဂျန်းကပ်ကျောင်း ဆရာတော်နှင့် ဝိသာခါအဖွဲ့ဝင်များ၊ သဒ္ဓါလူမှုကူညီရေးအသင်း (ဆိပ်မူ) သဟပုညကာရီအသင်း(ဆိပ်မူ)၊ ပါရမီကရုဏာမေတ္တာရှင်(ဖားကန့်)စသည့် လူမှုကူညီရေးအဖွဲ့များကလည်း စုပေါင်းဆောင်ရွက်လျက်ရှိသည်။

**စိုးနိုင်ဦး(ဖားကန့်)**

# ကျုံပျော်မြို့နယ်၌ တိုင်းရင်းဆေးအဖွဲ့ နယ်လှည့်ဆေးကုသပေး

**ကျုံပျော် စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကြက်တည်ငင်ကျေးရွာမှ ဒေသခံပြည်သူများအား ကျေးရွာဓမ္မာရုံ၌ မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနက စက်တင်ဘာ ၃ ရက်တွင် အခမဲ့စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှူး ဒေါ်ခိုင်ခိုင်ဝေနှင့် ဝန်ထမ်းများက ကွင်းဆင်း၍ အခမဲ့ဆေးကုသပေးခဲ့ခြင်းဖြစ်ပြီး လာရောက်ကုသမှုခံယူသူများပြားခဲ့ကြောင်း သိရသည်။ ဆေးဝါးကုသမှု လာရောက်ခံယူသူအများစုမှာ သက်ကြီးပိုင်းများ ဖြစ်ကြပြီး ဘေးထွက်ဆိုးကျိုးနည်းသည့်အတွက် တိုင်းရင်းဆေးကို ပိုမိုအားထားကြကြောင်း၊ အိမ်သုံးဆေးဝါးများ ဆောင်ထားရာတွင်လည်း တိုင်းရင်းဆေးများကိုသာ ပိုမိုနှစ်သက်ကြကြောင်း သိရသည်။ အဆိုပါ တိုင်းရင်းဆေးကုသရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသများနှင့် မြို့နှင့်အလှမ်းဝေးသော ဒေသများသို့လည်း ဆက်လက်သွားရောက်၍ အခမဲ့ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဇူလိုင်လကုန်ပိုင်းနှင့်သြဂုတ်လအတွင်း ရေကြီးရေလျှံမှုများကြောင့် ကျေးရွာနေပြည်သူများမှာ ရေဘေးဒုက္ခများကြုံတွေ့ခဲ့ရသဖြင့် မြို့နယ်အလိုက် တိုင်းရင်းဆေးဦးစီးဌာနများက ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**




**မိုဘိုင်းနည်းပညာဆိုင်ရာ ပစ္စည်းသစ်များကို ပြည်သူများစိတ်ဝင်စားမှု မြင့်တက်များပြားလာလျက်ရှိရာ ဆမ်ဆောင်း၏ မော်ဒယ်သစ်ဖုန်းဖြစ်သော Samsung Galaxy Note 5 ကို ရန်ကုန်မြို့ လှည်းတန်းစင်တာ၌ သြဂုတ် ၂၃ ရက်က ရောင်းချချိန်တွင် ဝယ်ယူသူများ တန်းစီစောင့်ဆိုင်းနေစဉ်။ (Galaxy Note 5 အလုံးရေ ၂၀၀၀ကျော်ကို ရန်ကုန်မြို့ လှည်းတန်းစင်တာနှင့်မန္တလေးတွင် Sedona ဟိုတယ်တို့၌ အထူးဈေးနှုန်းဖြင့် ရောင်းချခဲ့ရာ ပစ္စည်းများ အားလုံးကုန်သည်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။)** သွန်းဝသန်

# ရေမြုပ်လယ်မြေများအား စက်မှုလယ်ယာဦးစီးဌာနက စတင်ထွန်ယက်ပေး

**ကျောင်းကုန်း စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်း ဇူလိုင်လကုန်ပိုင်းက ရေကြီးရေလျှံမှုကြောင့် ကျေးရွာအုပ်စုများရှိ လယ်မြေ ၂၄၉၁၇ ဧက ရေနစ်မြုပ်ခဲ့ပြီး အဆိုပါရေမြုပ်လယ်မြေများအနက် ၂၁၂၃၈ ဧကပျက်စီးသွားခဲ့ရာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက လယ်ထွန်စက်ဖြင့် ပြန်လည်ထွန်ယက်ပေးမည်ဖြစ်ကြောင်းနှင့် ထမင်းဆုပ်ကုန်းကျေးရွာမှ လယ်ယာမြေများကို စက်တင်ဘာ ၅ ရက်မှစ၍ ပြန်လည်ထွန်ယက်ပေးလျက်ရှိကြောင်း သိရသည်။ ကျောင်းကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနသည် မြို့နယ်အတွင်းရှိ လယ်ယာလုပ်ငန်းများတွင် စက်ကိရိယာများ တိုးမြှင့်အသုံးပြုကာ စက်မှုလယ်ယာအဖြစ်ပြောင်းလဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ တောင်သူများ၏ လယ်ယာလုပ်ငန်းတွင် လယ်ယာသုံးထွန်စက်များ အသုံးပြုနိုင်ရန်အတွက် လယ်ယာဝန်ဆောင်မှုအဖြစ် ထွန်ယက်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ဖြန့်ဖြူးပေးခြင်း၊ စနစ်ကျလယ်ယာမြေများဖော်ဆောင်ပေးခြင်း၊ တောင်သူပညာပေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# တိုင်းဒေသကြီး မဂ္ဂဇင်းကော်မတီက ကလောင်ရှင်များအားဂုဏ်ပြု

**တနင်္သာရီ စက်တင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ မှာကြားချက်အရ တိုင်းဒေသကြီးမဂ္ဂဇင်းကော်မတီက ကြီးမှူးထုတ်ဝေခဲ့သည့် တိုင်းဒေသကြီးမဂ္ဂဇင်း အမှတ်(၁/၂၀၁၅)၌ ရွေးချယ်ဖော်ပြခံရသော မြို့နယ် ကလောင်ရှင်များအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ခြင်းနှင့် စာပေအဆင့်ပိုမိုမြင့်မားတိုးတက်ရေးအတွက် စာရေးဆရာအသင်းဝင်များ၊ စာပေဝါသနာရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၄ ရက်က ကျင်းပခဲ့သည်။ တွေ့ဆုံပွဲတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ တက္ကသိုလ်သန်းစိုးဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးမဂ္ဂဇင်းကော်မတီ ဒု-ဥက္ကဋ္ဌ(၁) ကြံတောဖိုးခွေး(မြိတ်ရွှေစင်)နှင့် အတွင်းရေးမှူး ဦးစိုးရီ(စိုးရီ-မြိတ်)တို့က စာပေအဆင့်အတန်း ပိုမိုမြင့်မားရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ ထို့နောက် ကလောင်ရှင်များနှင့် စာပေဝါသနာရှင်များအား တနင်္သာရီတိုင်းဒေသကြီးမဂ္ဂဇင်း အမှတ်၁/(၂၀၁၅) စာအုပ်တစ်အုပ်စီကို ဒု-ဥက္ကဋ္ဌ(၁)က ဂုဏ်ပြုလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# အင်္ဂလန်၊ ဆွီဒင်တို့ အောင်ပွဲခံဦးမယ့် ယူရို ၂၀၁၆ ခြေစစ်ပွဲ

မိုးမြင့်လင်းလက်

၂၀၁၆ ယူရိုခြေစစ်ပွဲတွေကို စက်တင်ဘာ ၈ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်လို့ အုပ်စု(C)မှ မက်ဆီဒိုးနီးယားနဲ့ စပိန်၊ ဆလိုဗက်ကီးယားနဲ့ ယူကရိန်း၊အုပ်စု (E)က အင်္ဂလန်နဲ့ဆွစ်ဇာလန်၊ ဆလိုဗေးနီးယားနဲ့ အက်စတိုးနီးယား၊ အုပ်စု(G)က ဆွီဒင်နဲ့ဩစတြီးယား၊ လက်ချင်စတိန်းနဲ့ရုရှားစတဲ့ပွဲတွေကို ရင်ခုန်စွာ အားပေးရဦးမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ ခြေစစ်ပွဲအောင်ဖို့ သေချာပြီဖြစ်နေတဲ့ အသင်းတွေနဲ့ ခြေစစ်ပွဲအောင်ဖို့ အဆုံးအဖြတ်ပေးမယ့် ပွဲတွေကို ရင်ဆိုင်ရမယ့်အသင်းတွေရဲ့ အံအားသင့်ဖွယ်ခြေစွမ်းကိုလည်း မြင်တွေ့ရဦးမှာ ဖြစ်ပါတယ်။



### အင်္ဂလန်နှင့်ဆွစ်ဇာလန်

အုပ်စု(E)မှာတော့ အင်္ဂလန်တို့ ခြောက်ပွဲကစားပြီးချိန်မှာ ရှုံးပွဲသရေမရှိဘဲ နိုင်ပွဲတွေချည်းရထားတာမို့ ၁၈မှတ်အမှတ်ပြည့်နဲ့ အုပ်စုကို ဦးဆောင်နေပါတယ်။ အင်္ဂလန်တိုက်စစ်မှူးတွေက ခြောက်ပွဲကစား ၁၈ ဂိုးသွင်းယူထားနိုင်တာမို့ အခုပွဲဟာ ဆွစ်ဇာလန်အတွက်တော့ အမှတ်ရဖို့ မလွယ်ပါဘူး။ ဒါပေမယ့် ဆွစ်ဇာလန်တို့ဟာ လစ်သူယေးနီးယား၊ လက်ချင်စတိန်းတို့ကို အနိုင်ကစားထားပြီး စိတ်ဓာတ်တက်ကြွနေပေမယ့် ပထမအကျော့ ဆွစ်ဇာလန်ကွင်းမှာ အင်္ဂလန်တို့က နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရထားတာမို့ အခုပွဲ အင်္ဂလန်ကွင်းမှာ နိုင်ပွဲဆိုတာ အင်္ဂလန်တို့အတွက်ပဲ ဖြစ်သွားဦးမှာပါ။

### ဆလိုဗေးနီးယားနှင့်အက်စတိုးနီးယား

အုပ်စု(E)မှာ ဆလိုဗေးနီးယားတို့ ခြောက်ပွဲကစားပြီး ကိုးမှတ်ရရှိထားလို့ အုပ်စုတတိယနေရာမှာ ရှိနေပါတယ်။ ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်မဲ့နေတဲ့အက်စ်တိုနီးယားတို့က အခုပွဲမှာ ဆလိုဗေးနီးယားကို အကျပ်အတည်းဖြစ်အောင်ကစားနိုင်မလား ကြည့်ရမှာပါ။ ပထမအကျော့ အက်စ်တိုးနီးယားကွင်းမှာ ဆလိုဗေးနီးယားကို တစ်ဂိုးဂိုးမရှိနဲ့ နိုင်ထားတာမို့ အခုပွဲမှာ ဆလိုဗေးနီးယားတို့ ရှုံးကြွေးပြန်ဆပ်နိုင်မလား ကြည့်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ဆလိုဗေးနီးယားတို့ အနိုင်ရရင်တောင် ရလဒ်မပြတ်နိုင်တဲ့ အနေအထားပါ။

### မက်ဆီဒိုးနီးယားနှင့်စပိန်

အုပ်စု(C)မှာ စပိန်တို့ ခြောက်ပွဲကစား၊ ၁၅မှတ်နဲ့ အုပ်စုဒုတိယ နေရာမှာ ရပ်တည်နေပါတယ်။ မက်ဆီဒိုးနီးယားတို့ကတော့ ခြောက်ပွဲကစား သုံးမှတ်နဲ့ အခြေအနေမကောင်းတော့ပါဘူး၊ ပထမအကျော့ပွဲစဉ်မှာ စပိန်တို့က ငါးဂိုး တစ်ဂိုးနဲ့ နိုင်ပွဲရထားတာမို့ အခုပွဲဟာအဝေးကွင်းဆိုပေမယ့် စပိန်တို့ အောင်ပွဲခံနိုင်ဦးမှာ ဖြစ်ပါတယ်။ မက်ဆီဒိုးနီးယားတို့က နောက်ဆုံးငါးပွဲမှာ ရှုံးပွဲတွေများနေပြီး သရေတစ်ပွဲသာ ရရှိခဲ့တဲ့ ခြေစွမ်းက စပိန်တို့ကို ယှဉ်နိုင်ဖို့ မလွယ်ပါဘူး။

### ဆလိုဗက်ကီးယားနှင့်ယူကရိန်း

အုပ်စု(G)မှာ ဆလိုဗက်ကီးယားတို့က ပွဲတိုင်းနိုင်ပြီး ၁၈ မှတ်နဲ့ ဦးဆောင်နေပါတယ်။ ယူကရိန်းတို့ကတော့ ခြောက်ပွဲကစား၊ ၁၅မှတ်နဲ့ ဒုတိယနေရာက စပိန်တို့ကို ဖိအားပေးနေတာမို့ အခုပွဲမှာ ယူကရိန်းရဲ့ ရှန်းကန်အားဘယ်လောက်ထိရောက်တယ်ဆိုတာ ကြည့်ရမှာပါ။ ယူကရိန်း တိုက်စစ်မှူးတွေက ဂိုးသွင်းကျဆင်းနေပေမယ့် ခံစစ်ပိုင်းတောင့်တင်းတာကြောင့် အိမ်ရှင်တို့ အခက်အခဲနဲ့ကြုံတွေ့ရရှိနိုင်ပါသည်။ ပထမအကျော့ ယူကရိန်းကွင်းမှာ တစ်ဂိုးဂိုးမရှိနဲ့ နိုင်ထားတဲ့ ဆလိုဗက်ကီးယားတို့ဟာအခုပွဲမှာ ခံစစ်မာကျောတဲ့ ယူကရိန်းကို ဘယ်လိုရလဒ်နဲ့ အနိုင်ယူသွားမယ်ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါသည်။

### ဆွီဒင်နှင့်ဩစတြီးယား

အုပ်စု(G) မှာ ၁၆ မှတ်နဲ့အုပ်စု ပထမနေရာရထားတဲ့ ဩစတြီးယားတို့က ၁၂မှတ်နဲ့ ဒုတိယနေရာရရှိနေတဲ့ ဆွီဒင်ကို ဘယ်လိုခြေစွမ်းမျိုးနဲ့ ကျော်ဖြတ်မလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။ ပထမအကျော့ ဩစတြီးယားကွင်းမှာ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့တဲ့ ဆွီဒင်တို့ အခုပွဲမှာ အိမ်ကွင်းဖြစ်နေတာကြောင့် အနိုင်ရလဒ်ကို ပုံဖော်ဖို့ အားထုတ်ပါလိမ့်မယ်။ ဆွီဒင်တို့က တိုက်စစ်ပိုင်းမှာ ဩစတြီးယားကို ယှဉ်နိုင်ပြီး ခံစစ်ပိုင်းအားနည်းတာမို့ အခုပွဲဟာ နှစ်သင်းစလုံးအပြိုင် ခြေကုန်ထုတ်ကြရင် သရေပွဲ ထပ်ဖြစ်သွားနိုင်ပါတယ်။

### လက်ချင်စတိန်းနှင့်ရုရှား

ပထမအကျော့ ရုရှားကွင်းမှာ ရုရှားတို့က လေးဂိုးပြတ်နိုင်ပွဲရထားတာမို့ အခုပွဲမှာတော့ လက်ချင်စတိန်းတို့ ဘယ်လိုခြေစွမ်းနဲ့ တုန့်ပြန်မလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ လက်ချင်စတိန်းရဲ့ ခြေစွမ်းကတော့ သရေပွဲ၊ ရှုံးပွဲတွေဆက်နေတာမို့ အားရစရာမရှိပါဘူး၊ ခြေစစ်ပွဲအောင်ဖို့လည်းမလွယ်တာမို့ အခုပွဲမှာလည်း ရုရှားတို့ပဲ အမှတ်ပြည့်ဆက်ယူဦးမယ့် အနေအထားဖြစ်ပါတယ်။ ရုရှားတို့က အခုအချိန်အထိ ခြောက်ပွဲကစား၊ ရှစ်မှတ်ရရှိထားတာမို့ ပွဲတိုင်း ရုန်းကန်ရမယ့် အခြေအနေနဲ့ ကြုံတွေ့နေတာကြောင့် ဒီပွဲကို နိုင်ပွဲရအောင် စွမ်းဆောင်ပါလိမ့်မယ်။



## ဥရောပငွေသုံးစွဲမှု တတိယအများဆုံးမန်ယူ

စက်တင်ဘာလဆန်းပိုင်းက ဥရောပဘောလုံးအသင်းတွေဟာ ကစားသမားအသစ်တွေ အပြိုင်အဆိုင်ခေါ်ယူခဲ့ကြပါတယ်။ အသင်းတိုင်း အသင်းတိုင်း ဟာ အောင်မြင်တဲ့အသင်းတွေဖြစ်ဖို့ လိုအပ်တဲ့ ခြေစွမ်းရှိကစားသမားတွေခေါ်ယူအားဖြည့်ခဲ့ကြပါတယ်။ ဒီလိုအားဖြည့်တဲ့နေရာမှာ ငွေကြေးအမြောက်အမြားသုံးစွဲနိုင်တဲ့ အသင်းတွေရှိသလို သာမန်သာသုံးနိုင်တဲ့ အသင်းတွေလည်း ရှိပါတယ်။ ဘောလုံးတစ်သင်းအောင်မြင်ဖို့ဆိုတာ ခြေစွမ်းရှိတဲ့ဘောလုံးသမားသစ်တွေခေါ်ယူနိုင်မှုနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ ဒါကြောင့်လည်း ငွေကုန်ကြေးကျအကုန်ခံပြီး ကစားသမားဟောင်းတွေခေါ်ယူနိုင်တဲ့ အသင်းတွေဟာ ပိုပြီးတော့ အောင်မြင်ပါတယ်။ ပြီးခဲ့တဲ့ကစားသမားခေါ်ယူရေးကာလမှာတော့ ရီးရဲမက်ဒရစ်နဲ့ မန်စီးတီးတို့ပြီးရင် မန်ယူက ဘောလုံးသမားသစ်ခေါ်ယူမှုအပေါ် ငွေကြေးသုံးစွဲမှု တတိယအများဆုံးအသင်းဖြစ်လာခဲ့ပါတယ်။ ရီးရဲမက်ဒရစ်ကတော့ ဥရောပမှာ ဘောလုံးသမားခေါ်ယူမှုအတွက် ငွေအများဆုံး သုံးစွဲခဲ့တဲ့ အသင်းဖြစ်ပါတယ်။ မန်စီးတီးကတော့ ဒုတိယလိုက်ပါတယ်။ မန်စီးတီးအသင်းဟာ ပြီးခဲ့တဲ့ကစားသမားခေါ်ယူရေးကာလမှာ ကောလင်းနဲ့ဒီဘရိုင်းတို့ကို ဈေးကြီးကြီးနဲ့ပေးခေါ်လိုက်တာကြောင့် ပေါင် ၄၀၈ ဒသမ ၈သန်းအထိ ကုန်ကျခဲ့တယ်လို့ ဆိုပါတယ်။ မန်ယူကလက်ရှိအသင်းအတွက် ပေါင် ၃၈၉ ဒသမ ၁သန်း၊ ချယ်လ်ဆီးက ၂၉၇ဒသမ ၁သန်းသုံးစွဲခဲ့တယ်လို့ ဆိုပါတယ်။

## မာရှယ်ကိုအောင်မြင်တဲ့ကစားသမားဖြစ်လာလို့ ရှန်းနေဆို

မန်ယူမှာ မကြာမီကာလအတွင်းခေါ်ယူခဲ့တဲ့ မိုနာကိုတောင်ပံတိုက်စစ်မှူး အန်ထော်နီမာရှယ်ဟာ အောင်မြင်တဲ့ကစားသမား ဖြစ်လာလိမ့်မယ်လို့ အသင်းခေါင်းဆောင်ရွှန်းနေက အခိုင်အမာပြောဆိုလိုက်ပါတယ်။ သို့ပေမယ့် ကစားဖော် မဖြစ်မီက တစ်ကြိမ်တစ်ခါမျှ တွေ့မြင်ခဲ့ဖူးခြင်းမရှိကြောင်း ရွှန်းနေက ဝန်ခံပြောဆိုလိုက်ပါတယ်။ မာရှယ်ဟာ မန်ယူအတွက်တော့ အောင်မြင်တဲ့ကစားသမားဖြစ်လာဖို့ သေချာနေပါတယ်လို့ ရွှန်းနေက ထပ်လောင်းပြောဆိုလိုက်ပါတယ်။ အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ အန်ထော်နီမာရှယ်ကို ပြင်သစ်ကလပ် မိုနာကိုမှ ပေါင် ၃၆ သန်းနဲ့ခေါ်ယူခဲ့တာပါ။ သူဟာ ဆယ်ကျော်သက်ဘောလုံးသမားတွေထဲမှာတော့ ဈေးအကြီးဆုံး ကစားသမားဖြစ်လာခဲ့ပါတယ်။ မန်ယူနည်းပြ ဗန်ဟားလ်က ဒီလို အသက်အရွယ်ငယ်သေးတဲ့ ဘောလုံးသမားတစ်ဦးကို ကြေးကြီးကြီးပေးပြီး ခေါ်ယူလိုက်တာဟာ ဘောလုံးလောကတစ်ခုလုံးကို အံ့အားသင့်သွားစေခဲ့တယ်လို့ဆိုပါတယ်။ မာရှယ်ဟာ မိုနာကိုအသင်းမှာ ခြေစွမ်းပြကစားနေတဲ့ ကစားသမားဖြစ်သလို ပြင်သစ် အသင်းမှာလည်း အဓိကကစားသမားအဖြစ် ပါဝင်ကစားနေတာတွေ့ရပါတယ်။ သို့ပေမယ့် မာရှယ်ဟာမန်ယူကို ဘယ်လောက်အထိ အကျိုးပြုမယ်ဆိုတာကတော့ လာမယ့်ပြိုင်ပွဲတွေမှာ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။





## ဆာဘော်ဘီချာလ်တန်ရဲ့ ဂိုးသွင်းစံချိန်ကို အမီလိုက်မယ့်ရွှန်းနေ

အင်္ဂလန်အသင်းဟာ သောကြာနေ့ညနေက ဆန်မာရီနိုအသင်းနဲ့ ယူရို ၂၀၁၆ ခြေစစ်ပွဲကစားဖို့ ရောက်ရှိခဲ့ပါတယ်။ ရွိုင်းဟော့ဆင်ရဲ့ အင်္ဂလန်အသင်းဟာ ဒီပွဲအနိုင်ရလိုက်မယ်ဆိုရင် ယူရို၂၀၁၆ ခြေစစ်ပွဲအောင်အသင်း ဖြစ်လာမှာဖြစ်ပါတယ်။ တိုက်စစ်မှူး ရွှန်းနေအနေနဲ့ အင်္ဂလန်အသင်းရဲ့ စံချိန်တင်ဂိုးသွင်းသူဖြစ်လာဖို့ အခွင့်အလမ်းများ ရှိနေပါတယ်။ ရွှန်းနေဟာ အင်္ဂလန်အသင်းအတွက် ဂိုးပေါင်း ၄၉ ဂိုး သွင်းယူပေးခဲ့တဲ့ ဆာဘော်ဘီချာလ်တန်ရဲ့ သွင်းဂိုးအရေအတွက်ကို လိုက်မီဖို့ တစ်ဂိုးသာလိုပါတော့တယ်။

"ကျွန်တော့်အနေနဲ့အင်္ဂလန်ဘောလုံးအသင်းရဲ့ ဂိုးအများဆုံး သွင်းယူပေးနိုင်မယ့် ကစားသမားအဖြစ် စံချိန်တင်နိုင်ဖို့ နီးကပ်လာပါပြီ။ မကြာမီ အင်္ဂလန်အသင်းရဲ့ ဂိုးအများဆုံးသွင်းတဲ့ကစားသမား ဖြစ်လာဖို့မျှော်လင့်နေတယ်"လို့ ရွှန်းနေက ဆိုပါတယ်။ အင်္ဂလန်အသင်းအတွက် ၄၉ ဂိုးသွင်းထားတဲ့ ဆာဘော်ဘီချာလ်တန်ရဲ့ စံချိန်ဟာ ၄၅ နှစ်ကြာခဲ့ပြီဖြစ်ပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

SAMSUNG
Galaxy Note5




Live Broadcast
Easy setup & autoconnection
Improved handwriting
24bit 96-192 kHz UHQA
UHQ Audio
Dual SIM

NEXT IS NOW

အမြို့မြို့အနယ်နယ်ရှိSamsung Brand Shops များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ပါသည်။

SAMSUNG

www.facebook.com/samsungmobilemyanmar

Samsung Customer Contact Center - 01 2399 888 Mon-Sun : 8AM to 6PM (အစိုးရရုံးပိတ်ရက်များအပါအဝင်)

ဂုဏ်ရည် ® အမှတ်တံဆိပ်

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆဝက (စနယ်ဖင်း) ၀၅၄/၀၇၁၃

# ဂုဏ်ရည်ဆေးတိုက်

ဈ(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်မှ အောက်ပါရောဂါများအတွက် အစွမ်းထက်တိုင်းရင်းဆေးများ ရရှိနိုင်ပါသည်။

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ဆီးကျိတ်ရောဂါ၊ အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊ အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊ အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့် အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

အချိန် - နံနက် (၁၀း၀၀)နာရီမှ ညနေ (၅း၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။) ဖုန်း-၀၁ ၆၄၂၆၈၂၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



ယတြာမင်း

အိမ်/ခြံ/မြေ အမြန်ရောင်းထွက်ဖို့ ထီဆီမီး ယတြာလုပ်လိုလျှင်ဖုန်းဖြင့်အခမဲ့တိုင်ပင်နိုင်သည်။
Ph : 09-250509060
09-254683268 09-73078260
အမှတ်(၃၅)၊ မြေညီထပ်(၈၇)လမ်း၊ မင်္ဂလာတောင်ညွန့်

စွမ်း (အိမ်ခြံမြေမှ ရောင်း/ငှားမည်)

စ/ခ၊ Condo၊ 4F၊ 1MBR၊ 1BR၊ 30 x 58 (Life + ကားပါကင်)ရောင်း 1600 သိန်း (ဦးရာလူ)။ စ/ခ၊ ဖလ္လာ၊ 12.5 x 50 295 သိန်း။ စ/ခ၊ ဗဟိုလမ်း၊ မြေညီ၊ 16 x 55၊ ငှား 5.5 သိန်း။ စ/ခ (၃+၄)လွှာ၊ 125 x 50 700 သိန်း။ စ/ခ၊ ၅လွှာ၊ ပါကေး၊ 12.5 x 50၊ ရောင်း 350 သိန်း။ မိမိပိုင်၊ ကွန်ဒို၊ တိုက်ခန်းနှင့် မြေများ အမြန်ဆုံးရောင်းထွက်ရန် "စွမ်း" နှင့် ဆက်သွယ်ပါ။
HOT LINE: 09-423717717, 09-975468689

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ - ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှုစွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် - ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက( စနယ်ဖင်း) ၀၁၇/၀၃၁၅

ဖျံ-၅-ကောင် အမှတ်တံဆိပ်

သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)

ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇၀၁၇၅၊ ၃၉၂၅၉၄

အပြစ်အနာကင်းတဲ့ အသားအရေလှလှ ပိုင်ဆိုင်ဖို့...



မြင့် အင် ဆန်း အရေပြားနှင့် အလှအပဆေးခန်း

■ အရေပြားရောဂါအမျိုးမျိုး ■ အလှအပပြဿနာများ ■ ဝက်ခြံ၊ ဆားဝက်ခြံ၊ အဆီပြန်ခြင်း၊
■ ဝက်ခြံအမာရွတ်၊ အညိုအမည်းကျန်ခြင်း၊ အသားအရောင်မိုန်ခြင်း၊ မှဲ့ခြောက်၊ တင်းတိပ်၊ နေလောင်ကွက်၊
■ အရေးအကြောင်းထခြင်း၊ အသားဖြူဆေး၊ ဘိုတောက်စ်ထိုးခြင်း၊ ဖြည့်ဆေးထိုးခြင်း၊ လေဆာစက်များဖြင့် ကုသခြင်းတို့အပြင် အခြားသောအသားအရေထိန်းသိမ်းခြင်းဆိုင်ရာ ကုသမှုအမျိုးမျိုးကို အရေပြားအထူးကုဆရာဝန်ကြီးများကိုယ်တိုင် ကုသဆောင်ရွက်ပေးပါသည်။

နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။

အမှတ် – ၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊
(အမေရိကန်ဗွီးရှင်းမျက်မှန်ဆိုင်နှင့်မျက်နှာချင်းဆိုင်)၊ ရန်ကုန်။ ဖုန်း – ၃၈၂၂၄၇၊ ၂၅၆၀၄၅

**ဖခင် အမည်မှန်**

ရေနံချောင်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း အခန်း(၁၀)မှ မောင်ရဲမင်းထွန်း ၈/ရနခ(နိုင်)၁၄၄၀၂၄၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်သန်းဖြစ်ပါကြောင်း။ **ဦးအောင်မြင့်သန်း ၈/ရနခ(နိုင်)၁၀၅၃၃၈**

**ဖခင် အမည်မှန်**

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ လက်ပံတန်းမြို့ အထက(၃) တက္ကသိုလ်ဝင်တန်း(ခ)မှ မနော်ကရီဖော၏ ဖခင်အမည်မှန်မှာ ဦးစောမျိုးဝင်းထွန်းဖြစ်ပါသည်။ **ဦးစောမျိုးဝင်းထွန်း ၇/လပတ(နိုင်)၀၄၁၅၅၂**

**ဖခင် အမည်မှန်**

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ လက်ပံ တန်းမြို့ အထက(၃)တက္ကသိုလ်ဝင်တန်း(ခ)မှ မယုဝေလွင်၏ ဖခင်အမည်မှန်မှာ ဦးညွန့်စိန်ဖြစ်ပါသည်။ **ဦးညွန့်စိန် ၇/လပတ(နိုင်)၀၁၃၆၆၆**




**CREATE MORE HAPPINESS TO YOUR WHOLE FAMILY IS TO GO ALONG WITH BMW.**

Prestige Automobiles ( BMW မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ် ) မှတင်သွင်းရောင်းချသော နည်းပညာနှင့်လုံခြုံမှုအတွက် အစဉ်အမြဲ ဆန်းသစ်တီထွင်မှု ဦးဆောင်နေသည့် နောက်ဆုံးပေါ် BMW မော်တော်ကားသစ်များကို စက်တင်ဘာလ (၁)ရက်မှ စက်တင်ဘာလ (၃၀) ရက်အတွင်း ဝယ်ယူပါက ကားအမျိုးအစားအလိုက် **3,000 USD** မှ **5,000 USD** နှင့် ညီမျှသောတန်ဖိုးကို ခံစားခွင့်ရရှိမည့် အပြင်ကားတန်ဖိုးအား ၁၂၀၀ ကျပ် / USD ဖြင့် ပေးချေနိုင်ပြီး၊ Service Warranty (၃) နှစ် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

BMW မော်တော်ကားများအား စမ်းသပ်မောင်းနှင်ရန်အတွက် Prestige Automobiles သို့ အရောက်လှမ်းခဲ့ဖို့ ဖိတ်ခေါ်အပ်ပါသည်။
Phone : 01- 230 6133, Service Hotline : 01- 230 6144

**Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.**
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.

Join BMW Myanmar
www.facebook.com/BMWPAC

# ဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို) ဖြစ်ရမည်။

(ခ) ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) **(M.B.B.S)** သို့မဟုတ် **(B.D.S)** ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာတက္ကသိုလ်မှ **(Grading Certificate)** အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)နှင့် ပတ်စပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမ ကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး၊ အောက်တိုဘာလ ၂၉ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သို့ ပေးပို့ကြရမည်။

၉။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ အင်ဂျင်နီယာသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဘူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၇-၉-၂၀၁၅** ရက်နေ့မှ စတင်၍ **၂၁-၁၁-၂၀၁၅** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လည် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့ (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၇-၁၂-၂၀၁၅** မှ **၂၈-၁၂-၂၀၁၅** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၄၀၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၄၅၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၅၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ A.G.T.I(Diploma) လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ရမည်။

## အားကစားပြတိုက်အတွက် ဓာတ်ပုံများပေးပို့ကြပါရန်

နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်(၂)ခုနှင့် (၃)ခုရယူပေးခဲ့ကြသော ခေတ်အဆက်ဆက်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၏ ဓာတ်ပုံများကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားဇုန်အတွင်းရှိ အားကစားပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)တွင် ပြသထားရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရွှေတံဆိပ်(၂)ခုနှင့် (၃)ခုရရှိခဲ့ကြသော အားကစားသမားများ အနေဖြင့်(၁၀×၁၄)လက်မအရွယ် ကိုယ်တစ်ပိုင်းဓာတ်ပုံ(၁)ပုံ၊ ၎င်း CD တစ်ချပ်နှင့် မိမိရရှိခဲ့သည့် ပြိုင်ပွဲအမည်၊ အားကစားနည်း၊ ရရှိခဲ့သည့် ခုနှစ်တို့နှင့်အတူ ရန်ကုန်မြို့၊ ကျိုက္ကဆံကွင်းရှိ လူထုအားကစားနှင့်ပညာပေးဌာနခွဲသို့လည်းကောင်း၊ နေပြည်တော် အားကစားဝန်ကြီးဌာန၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲသို့လည်းကောင်း လိပ်မူပေးပို့ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၄၀၀၄၃၁၊ ၀၁-၄၀၀၈၉၂၊ ၀၆၇-၄၀၆၀၂၇၊ ၀၉-၂၀၀၂၁၉၆၊ ၀၉-၄၄၈၅၃၅၃၁၁ တို့သို့ ဆက်သွယ်စုံစမ်းကြပါရန်။

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သည့် ရေမီတာများအား မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | | အရေအတွက် |
|---|---|---|---|
| (က) | ½"Ø ရေမီတာ | - | ၅၀၀ လုံး |
| (ခ) | 1½"Ø ရေမီတာ | - | ၂၀၀ လုံး |
| (ဂ) | 2"Ø ရေမီတာ | - | ၂၀၀ လုံး |

**တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၇-၉-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၀-၉-၂၀၁၅ ရက်
**တင်ဒါပေးသွင်းရမည့်နေရာ** အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါ လိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။

**အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၆၇-၄၀၃၂၁၉**
**ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၆၇-၄၁၄၂၉၆**

## စက်မှုဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများကြီးကြပ်ရေး ဌာနအောက်ရှိ အမှတ် (၁)သံမဏိစက်ရုံ(မြင်းခြံ)အတွက် (က) (50) Ton Mobile Car Crane (၁)စီး ဝယ်ယူခြင်း၊ (ခ)သက်တမ်းလွန်ယာဉ် (၃၁၀၀၀)စီး၏ အစိတ်အပိုင်းများ ဖြုတ်သိမ်းခြင်းလုပ်ငန်းနှင့် (ဂ) သံရည်ပျက်တုံး (၁၅၇၂ဒသမ၀၂)တန် ဖြတ်တောက်ခြင်းလုပ်ငန်းတို့အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၁၄-၉-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၁၀-၂၀၁၅ရက်၊ ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ် (၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၆၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား

**ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည်တွင်းခရီးသည်များအား သမိုင်းဝင်ဂုတ်ထိပ်တံတားကြည့်ရှုလေ့လာနိုင်ရန် သံလမ်းပြေးယာဉ်ဖြင့် နောင်ချို-နောင်ပိန်၊ နောင်ပိန်-နောင်ချိုခရီးစဉ်တွင် မြန်မာ့မီးရထားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသူများအား ဖိတ်ခေါ်ခြင်း**
**(Expression of interest)**

၁။ မြန်မာ့မီးရထားသည် ပြည်တွင်း၊ ပြည်ပခရီးသည်များ သမိုင်းဝင်ဂုတ်ထိပ်တံတားကို ကြည့်ရှုလေ့လာနိုင်ရန်အတွက် ခရီးသည်(၂၀)ဦးစီးနင်းနိုင်သည့် သံလမ်းပြေးယာဉ် Rall Gang Car (RGC) ဖြင့် ပို့ဆောင်ပေးမည့် ဝန်ဆောင်မှုအစီအစဉ် (နောင်ချို-နောင်ပိန်/နောင်ပိန်-နောင်ချို)ခရီးစဉ်ကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ စိတ်ပါဝင်စား၍ လုပ်ကိုင်လိုသူများသို့ အဆိုပြုလွှာ တင်သွင်းနိုင်ရေးဖိတ်ခေါ်အပ်ပါသည်။

၂။ နောင်ချို-နောင်ပိန်ခရီးစဉ်နှင့် နောင်ပိန်-နောင်ချိုခရီးစဉ်တို့အား RGC ဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ လေ့လာကြည့်ရှုနိုင်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို (၃)နှစ်ခွင့်ပြုမည်ဖြစ်ပြီး တစ်နှစ်တစ်ကြိမ် စာချုပ်ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပြုလွှာ (Expression of interest)များကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ မြန်မာ့မီးရထားရုံးချုပ် နေပြည်တော်ဘူတာကြီးသို့ ၆-၁၀-၂၀၁၅ ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ ပေးပို့သွားရန်နှင့် နောက်ကျပေးပို့လာသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အဆိုပြုလွှာအတွက် အချက်အလက်များ ဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀ိ/-ဖြင့် ၇-၉-၂၀၁၅ ရက်မှစ၍ မန်နေဂျာ (သွားလာရေး/တိုင်း)၊ အမှတ်(၃)တိုင်း-မန္တလေး၊ အမှတ်(၇) တိုင်း-ရန်ကုန်နှင့် အထွေထွေမန်နေဂျာ(စီးပွားရေး)ရုံး၊ မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော်ဘူတာကြီး၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား စုံစမ်းမေးမြန်းလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၇၇၀၁၃၊ ၀၆၇-၇၇၀၈၁၊ ၀၆၇-၇၇၀၈၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ စီမံရေးဌာနမှ ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) ထရန်စဖော်မာများနှင့်ခွဲရုံသုံးပစ္စည်းများ
(၂) ဓာတ်အားလိုင်းပစ္စည်းများ
(၃) မြေအောက်ဓာတ်ကြိုးဌာနသုံးပစ္စည်းများ

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၉-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၈-၉-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**ပစ္စည်းစီမံရေးဌာန၊ ရန်ကုန်မြို့**
**အမှတ်(၁၉၇၊ ၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊**
**ဖုန်း-၀၁-၂၂၀၈၁၆**

## ၂၀၁၅ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်
## လူထုအားကစားလှုပ်ရှားမှု
## ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပမည်

